ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ တနင်္လာနေ့။ Monday, 13 May 2019 ၉၆၄၈

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဗီယက်နမ်နိုင်ငံ ဟနမ်ပြည်နယ်တွင်ကျင်းပသည့် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

ဟနွိုင်း မေ ၁၂

**ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ယနေ့နံနက်ပိုင်းတွင် ဟနမ်ပြည်နယ် Tam Chuc International Buddhist Convention Center ၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် အခမ်းအနားကျင်းပမည့်နေရာသို့ ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်အား ရေသပ္ပာယ်ကြသည်။

**ရှိခိုးပူဇော်**

ယင်းနောက် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ရတနာမြတ်သုံးပါးကို ပါဠိဘာသာဖြင့် ရွတ်ဖတ်ရှိခိုးပူဇော်ကြသည်။

ထို့နောက် ဗီယက်နမ်အမျိုးသားဗုဒ္ဓသံဃအဖွဲ့ ဗဟိုနာယက HH. Most Ven. Dr. Thich Tri Quang ၏ သဝဏ်လွှာကိုဖတ်ကြားပြီး ဗီယက်နမ်အမျိုးသား ဗုဒ္ဓသံဃအဖွဲ့ဥက္ကဋ္ဌ Most Ven. Dr. Thich Thien Nhon က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

**မိန့်ခွန်းများပြောကြား**

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. Antonio Guterres ၏ သဝဏ်လွှာမှတ်တမ်းဗီဒီယိုကို ပြသသည်။

ဆက်လက်၍ Most Ven. Prof. Dr. Phra Brahmapundit နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုတို့က ကုလသမဂ္ဂဗုဒ္ဓနေ့ဆိုင်ရာ မိန့်ခွန်းများ ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားရာတွင် ယနေ့ ကျင်းပပြုလုပ်သော ထူးမြတ်လှသည့် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားကို ယခုလိုတက်ရောက်ခွင့်ရရှိသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဟနမ်ပြည်နယ်တွင် ကျင်းပသည့် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားသို့ တက်ရောက်ရန် မိမိအားဖိတ်ကြားခဲ့သည့်အတွက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရနှင့် ဗီယက်နမ်အမျိုးသားဗုဒ္ဓသံဃအဖွဲ့အား ကျေးဇူးအထူးပင်တင်ရှိပါကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

ကြေးမုံ ယနေ့ သတင်း

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင် ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်**

စာမျက်နှာ » ၅

**ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်သည် ကုလသမဂ္ဂ၏ အဓိကရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာတစ်ရပ်ဖြစ်လာ**

စာမျက်နှာ » ၁၂

စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ ...
ထွန်းရွှေဝါ ဒက်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။

ကြေးမုံ

## နိုင်ငံဖွံ့ဖြိုးရေး ဘက်ညီမျှတဆောင်ရွက်နိုင်

မြန်မာနိုင်ငံသည် ယခင်နှင့်မတူ တိုးတက်ပြောင်းလဲနေသည်ဟု ဆိုရမည်ဖြစ်သည်။ ကမ္ဘာ့စီးပွားရေးတည်ငြိမ်မှုမရှိဘဲ ကျဆင်းနေသော်လည်း မြန်မာ့စီးပွားရေးသည် စိန်ခေါ်မှုများကြားမှ ရုန်းထရှင်သန်နေဆဲဖြစ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ပြန်ထားသည့် ကိန်းဂဏန်းများအရ မြန်မာနိုင်ငံသည် ဒေသတွင်း၌ ဖွံ့ဖြိုးတိုးတက်သည့်နှုန်း အမြင့်မားဆုံးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေသည်။

ထိုသို့တိုးတက်လာခြင်းမှာ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ကို ချမှတ်နိုင်ခြင်း၊ အာမခံလုပ်ငန်းကဏ္ဍတွင် ဖြေလျှော့ပေးခြင်း၊ လက်လီနှင့်လက်ကားရောင်းဝယ်မှုလုပ်ငန်းများတွင် ဖြေလျှော့ပေးခြင်း၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို ကျင့်သုံးဆောင်ရွက်ခြင်းနှင့် အခြေခံအဆောက်အအုံစီမံကိန်းကြီးများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများ ဝင်ရောက်လာခြင်း စသည်တို့ကြောင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာခြင်းဖြစ်သည်ဟု သုံးသပ်ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် မနှိုင်းယှဉ်နိုင်သေးသော်လည်း ကမ္ဘာ့ဖွံ့ဖြိုးမှုအမြန်ဆုံးဒေသများတွင် ဆက်လက်ရပ်တည်နေသော အရှေ့အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများနှင့် မြန်မာနိုင်ငံမှ ခေါင်းဆောင်များ ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်နိုင်မှုများကြောင့် တိုးတက်မှုအလားအလာကောင်းများ ရရှိလာသည်။ အာရှဒေသ၏ ဖွံ့ဖြိုးတိုးတက်လာမှုများအပေါ် မြန်မာနိုင်ငံအနေဖြင့် အမိအရဆုပ်ကိုင်နိုင်အောင် ကြိုးပမ်းအားထုတ်လျက်ရှိသည်။

မေလ ၅ ရက်နေ့က ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ဘက်စုံထောင့်စုံမှ စိန်ခေါ်မှုများရင်ဆိုင်နေရသော်လည်း ကျွန်မတို့အနေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ စီးပွားရေးတည်ငြိမ်မှုတို့ကို ဘက်ညီမျှတစွာ ဆောင်ရွက်နိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်။ ကျွန်မတို့အနေနဲ့ အသင့်အတင့်မြင့်မားတဲ့ စီးပွားရေးတိုးတက်မှုနှုန်းကို ထိန်းသိမ်းထားနိုင်ပြီး ငွေကြေးဖောင်းပွမှု ကြီးကြီးမားမားမဖြစ်ပေါ်အောင်လည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်" ဟု ဗီဒီယိုဖြင့် အမှာစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ကျယ်ပြန့်သည့် ဘဏ္ဍာရေးမူဝါဒချမှတ်နိုင်ခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောစီမံကိန်းကို ချမှတ်ဖော်ဆောင်နိုင်ခြင်းတို့ကြောင့် ကာလတိုအတွင်း မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုကိုဖြစ်ပေါ်စေရန် မျှော်မှန်းပြီး လတ်တလော ဘက်စုံကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုများသည် အလယ်အလတ်ကာလတို ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးစီမံကိန်းဆိုင်ရာများကို အမြော်အမြင်ရှိစွာဖြင့် အကောင်အထည်ဖော်ဆောင်ခဲ့ပြီး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်နိုင်သောကြောင့် တိုးတက်မှုများ အထိုက်အလျောက်ရရှိလာခဲ့ခြင်းဖြစ်သည်။ စီးပွားရေးစီမံကိန်းများသည် အရေးကြီးသကဲ့သို့ ကုန်သွယ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတစ်ခု ဖန်တီးနိုင်ရန်အတွက် အောင်မြင်မှုရရှိခဲ့သည့် အစီအမံများစွာကို အထူးစီးပွားရေးဇုန်များတွင် ချမှတ်ထားပြီးဖြစ်သည်။

ကုန်ထုတ်လုပ်မှုကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု၏ စုစုပေါင်း ၃၁ ရာခိုင်နှုန်းရှိသဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် သုည ဒသမ ၃ ရာခိုင်နှုန်းသာရှိသော အခြေအနေနှင့်နှိုင်းစာလျှင် သိသာစွာတိုးတက်လာသည်ဟု ဆိုရမည်ဖြစ်သည်။ အဆိုပါအခြေအနေကောင်းများကို နမူနာယူ၍ နိုင်ငံတစ်ဝန်းတွင် ဖြန့်ကြက်ဆောင်ရွက်နိုင်မည်ဆိုလျှင် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေသည် သိသာထင်ရှားသော တိုးတက်မှုများကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ အောင်မြင်စေရန်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မျှော်မှန်းထားသော စုပေါင်းအင်အား၏အရေးပါမှုကို ခိုင်မာစွာယုံကြည်လက်ခံပြီး ပြည်သူအားလုံးက မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုတက်မှုလုပ်ငန်းများ အောင်မြင်ရေးကို တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်ရာစီမံကိန်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပြဖွံ့ဖြိုးမှုနှင့်အတူ ပြည်သူများ နေထိုင်ရေးအဆင်ပြေစေရန်အတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော အိမ်ရာစီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် (၁၆၈/၆) ရိုးမရိပ်သာလမ်းရှိ ရိုးမတန်ဖိုးနည်းအိမ်ရာ စီမံကိန်းသို့ ရောက်ရှိပြီး ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က ခြောက်ခန်းတွဲ လေးထပ် ၁၆ လုံး၊ ရှစ်ခန်းတွဲ လေးထပ် ၁၂ လုံးနှင့် ၁၂ ခန်းတွဲ လေးထပ် ၂၄ လုံး စုစုပေါင်း ၅၂ လုံး ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လက်ရှိအိမ်ရာစီမံကိန်းနှင့် မြို့တွင်းသို့သွားလာရေးအဆင်ပြေမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နေထိုင်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရန် အိမ်ရာများအနီး YBS လိုင်းကားများ ရောက်ရှိသည့်အတွက် မြို့တွင်းနှင့် ဆက်သွယ်သွားလာရာတွင် လွယ်ကူအဆင်ပြေမည်ဖြစ်ကြောင်း၊ နေအိမ်များအတွင်း ရေ၊ မီးရရှိရေး ဦးစားပေးစီစဉ်ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအားမှာကြားပြီး အိမ်ရာစီမံကိန်းများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် UN - Habitat တို့ပူးပေါင်းဆောင်ရွက်သည့် ရိုးမအိမ်ရာစီမံကိန်းသို့ရောက်ရှိပြီး အိမ်ရာစီမံကိန်းတွင် နေထိုင်သည့် ပြည်သူများနှင့်တွေ့ဆုံပြီး ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ နေအိမ်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယုဇနအိမ်ရာစီမံကိန်းအတွင်းရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရွှေတောင်ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော ယုဇနတန်ဖိုးနည်းအိမ်ရာတည်ဆောက်နေမှု၊ Transit Shelter ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ ယုဇနဉယျာဉ်အိမ်ရာစီမံကိန်းတွင် နေထိုင်သည့်ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်အတွက် ဆောင်ရွက်ထားရှိသည့် မြသီတာပန်းဉယျာဉ်အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Ayar Wun Mixed Use Project သို့ ရောက်ရှိပြီး ရုံးရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သော အိမ်ရာစီမံကိန်းငါးခုနှင့်ပတ်သက်၍ လည်းကောင်း၊ ရွှေတောင်ကုမ္ပဏီမှ တာဝန်ရှိသူက Transit Shelter နှင့် Smart District Project လုပ်ငန်းများ ဆောင်ရွက်ထားမှုတို့နှင့်စပ်လျဉ်း၍ လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး စီမံကိန်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချမ်းသာရွှေမြေကုမ္ပဏီမှ ဆောင်ရွက်သော ဧရာချမ်းသာအဆင့်မြင့်အိမ်ရာ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ယခုဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သော အိမ်ရာစီမံကိန်းများမှာ မြေတိုင်းရပ်ကွက် အမှတ်(၇၅) ကမ်းနားလမ်းနှင့် မြနန္ဒာလမ်းရှိ Green City Development project၊ မြေတိုင်းရပ်ကွက် အမှတ် (၇၄) မြနန္ဒာလမ်းနှင့် ရွှေလီလမ်းကြားရှိ Snow Green Mixed Use Development Project၊ (၆၂)ရပ်ကွက် ပြည်ထောင်စုလမ်းနှင့် ဧရာဝဏ်လမ်းထောင့်ရှိ Town Center အိမ်ရာစီမံကိန်း၊ (၆၁) ရပ်ကွက် ဧရာဝဏ်လမ်းနှင့် ရွှေလီလမ်းထောင့်ရှိ Ayar Wun Mixed Use Development Project နှင့် ရတနာလမ်းရှိ Transportation Square Project တို့ဖြစ်သည်။

အဆိုပါ အိမ်ရာစီမံကိန်းများသည် ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတွင်ပါဝင်ပြီး အိမ်ရာစီမံကိန်းတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် ရန်ကုန်မြို့တွင်းသို့ သွားလာရာတွင် အချိန်တိုအတွင်း အလွယ်တကူ သွားလာနိုင်မည်ဖြစ်ပြီး မြို့ပြဖွံ့ဖြိုးမှုနှင့်အတူ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်တွင် ကလေးစာပေပွဲတော် စည်ကားစွာ ကျင်းပမည်

**တာချီလိတ် မေ ၁၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် ကလေးစာပေပွဲတော် ကျင်းပနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို မေ ၁၂ ရက်က တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community centre)ခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးသို့ မြို့နယ်စာရေးဆရာအသင်းနာယက ဦးစိုးစိုးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွှန့်ရွှေနှင့် ပြန်/ဆက်ဝန်ထမ်းတို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ကလေးစာပေပွဲတော်ကျင်းပမည့် အထက်တန်းကျောင်း (တာချီလိတ်)အား ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ ကလေးစာပေပွဲတော်ကို ဇွန်လ နောက်ဆုံးပတ်တွင် တာချီလိတ်မြို့၌ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သစ်ပင်စိုက်ပါ၊ တို့ပြည်ရွာ
သာယာလှပ၊ တင့်မောစွ

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | ဦးဝင်းရွှေ | သတင်းထောက်မှူး | ဦးမြင့်စိုး | အငယ်တန်းသတင်းထောက်များ | ဦးအောင်ကျော်ဦး၊ ဦးကိုမင်း ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ |
| စာတည်းမှူး | ဦးဝင်းနိုင် | ဘာသာပြန်စာတည်းများ | ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် | | |
| စာတည်းများ | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ | အကြီးတန်းသတင်းထောက်များ | ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း | ဓာတ်ပုံသတင်းထောက် | ဦးခင်မောင်ဝင်း |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၃




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ ဗီယက်နမ်ဝန်ကြီးချုပ်နှင့် နိုင်ငံ့အကြီးအကဲများ၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ဘာသာရေးခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ရှေ့ဖုံးမှ**

ယနေ့မိမိတို့အားလုံး နှစ်စဉ်ဂုဏ်ပြုကျင်းပသည့် ဗုဒ္ဓနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခြင်းသည် ချစ်ခြင်းမေတ္တာတရားကို ပွားများခြင်းမှတစ်ဆင့် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို ဖန်တီးဖော်ဆောင်နိုင်ရန် မိမိတို့စုပေါင်းအင်အားနှင့် ကြိုးပမ်းမည်ဆိုသည့် ကတိကဝတ်ကို ထင်ဟပ်ပြသနေခြင်း ဖြစ်ပါကြောင်း။

**နှစ်စဉ်နှစ်တိုင်းကျင်းပ**

လွန်ခဲ့သည့်နှစ်ပေါင်း ၂၆၀၀ ကျော်က သဗ္ဗညုတဉာဏ်ရရှိတော်မူခဲ့သည့် ဂေါတမဗုဒ္ဓ၏ ဖွားမြင်ခြင်း၊ သဗ္ဗညုတဉာဏ်တော်ရရှိခြင်းနှင့် မဟာပရိနိဗ္ဗာန်စံဝင်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည့် နေ့ထူးနေ့မြတ် ကဆုန်လပြည့်နေ့ကို တစ်ကမ္ဘာလုံးတွင်ရှိကြသည့် ဗုဒ္ဓဘာသာဝင်များက ဗုဒ္ဓနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ကြပါကြောင်း၊ ၁၉၉၉ ခုနှစ်တွင် အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၅၄/၁၁၅ ဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးက ကုလသမဂ္ဂဗုဒ္ဓနေ့အဖြစ်အသိအမှတ်ပြုအောင် စွမ်းဆောင်နိုင်ခဲ့သည့် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာ Lakshman Kadigamar ၏ ကြိုးပမ်းမှုများကိုလည်း ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း၊ ပထမဆုံးအကြိမ် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားကို ၂၀၀၀ ပြည့်နှစ်တွင် နယူးယောက်တွင်ရှိသည့် ကုလသမဂ္ဂရုံးချုပ်၌ စတင်ကျင်းပခဲ့ပြီးနောက်ပိုင်း ဗုဒ္ဓနေ့အခမ်းအနားများကို နှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိနေပါကြောင်း၊ ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပခြင်းဖြင့် ဗုဒ္ဓသာသနာကို ထိန်းသိမ်းစောင့်ရှောက်နေကြသည့် ဗီယက်နမ်၊ ထိုင်း၊ သီရိလင်္ကာနိုင်ငံတို့မှ အစိုးရနှင့် ပြည်သူများကို ကျေးဇူးအထူးတင်ရှိပါကြောင်းကို အခွင့်အခါကြုံခိုက် ပြောကြားလိုပါကြောင်း။

ယနေ့ မိမိတို့နေထိုင်ရာ ကမ္ဘာကြီးတွင် အကြမ်းဖက်မှုများနှင့် အနိဋ္ဌာရုံများ များပြားလာသည့်အချိန်မျိုးတွင် ဗုဒ္ဓ၏အဆုံးအမများဖြစ်သည့် ချစ်ခြင်းမေတ္တာကို လက်ကိုင်ထားပြီး ငြိမ်းချမ်းစွာနှင့် သဟဇာတမျှတစွာ နေထိုင်နိုင်ရေးကို ဦးတည်သည့် ဗုဒ္ဓနေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပခြင်းသည် ဆီလျော်မှန်ကန်မှုရှိပြီး ခေတ်ကာလအနေအထားအရ ပို၍ပင် လိုအပ်လာသည်ဟု ဆိုရမည်ဖြစ်ပါကြောင်း။

**ထိန်းသိမ်းစောင့်ရှောက်**

နှစ်စဉ်ကျင်းပသည့် ဗုဒ္ဓနေ့ အခမ်းအနားများမှတစ်ဆင့် မတူကွဲပြားသည့် ယဉ်ကျေးမှု၊ ဘာသာတရားနှင့် လူမှုအဖွဲ့အစည်းများတွင်ရှိသည့် ပြည်သူများအကြား အပြန်အလှန်နားလည်မှုကို မြှင့်တင်ရေးနှင့် ငြိမ်းချမ်းမှုကို မြတ်နိုးသည့် ယဉ်ကျေးမှုစိတ်ဓာတ်အခြေခံကို ပြန်လည်နှိုးဆွ ဖန်တီးပေးနိုင်ရေးအတွက် မိမိတို့၏ စုပေါင်းအားထုတ်မှုများအပေါ် အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံကို အေဒီ (၂)ရာစု ပျူခေတ်မှစတင်ပြီး ရောက်ရှိနေခဲ့သည်ကို သမိုင်းမှတ်တမ်းများက ဖော်ပြလျက်ရှိပါကြောင်း၊ အေဒီ(၄)ရာစုနှင့် (၉) ရာစုအကြားတွင် စေတီပုထိုးစသည့် ဗုဒ္ဓသာသနိကအဆောက်အအုံများ မြန်မာနိုင်ငံတွင် တည်ထားခဲ့ကြသလို အေဒီ(၁၁)ရာစု ပုဂံခေတ်ကို ရောက်လာသည့်အခါ ထေရဝါဒဗုဒ္ဓဘာသာ စည်ပင်ထွန်းကားတိုးတက်လာခဲ့ပါကြောင်း၊ ယင်းကာလမှစ၍ ကုန်းဘောင်ခေတ်အထိ [အေဒီ (၁၁) ရာစုမှ (၁၈) ရာစု နှောင်းပိုင်းအထိ] မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာသည် တိုင်းပြည်အုပ်ချုပ်သူ မင်းများနှင့် ပြည်သူပြည်သားတို့၏ အားပေးကူညီပံ့ပိုးမှုနှင့်အတူ ထေရဝါဒဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များက သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြပါကြောင်း။

ယခုလို အခါအခွင့် ကြုံကြိုက်စဉ် ဗုဒ္ဓသာသနာနှင့် ဗုဒ္ဓ၏မွန်မြတ်သည့် တရားတော်များ ထွန်းကားပြန့်ပွားရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကိုလည်း ဖော်ပြလိုပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)နှင့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ဟူ၍ ဗုဒ္ဓဘာသာတက္ကသိုလ်သုံးခုကို ထူထောင်ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါတက္ကသိုလ်များ၏ အဓိကမူဝါဒများမှာ အကျင့်သိက္ခာမြင့်မားသော၊ ထေရဝါဒပိဋကတ်ကျမ်းဂန်နှံ့စပ်သော၊ ပါဠိဘာသာစကားတည်ဆောက်မှုနှင့် သဒ္ဒါစည်းကမ်းတို့ကို တတ်မြောက်ကျွမ်းကျင်သော၊ မြန်မာစာပေအရေးအသားကောင်းမွန်သော စာသင်သားရဟန်းတော် အရေအတွက် တိုးပွားလာစေရေးကို အထောက်အကူပြုရန်ဖြစ်ပါကြောင်း၊ ယင်းတက္ကသိုလ်တွင် စာသင်သားသံဃာတော်များအနေဖြင့် ဘီအေတန်း၊ အမ်အေတန်းနှင့် ပါရဂူတန်းတို့တွင် အတန်းအလိုက် သင်ယူရမည့် သတ်မှတ်ကျမ်းစာများကို သင်ယူနိုင်သည့် အခွင့်အလမ်းကောင်းများကို ပေးအပ်လျက်ရှိပါကြောင်း။

ထို့ပြင် ထေရဝါဒဗုဒ္ဓဘာသာကို စာတွေ့ရော လက်တွေ့ပါ လေ့လာသင်ကြားလိုသူ မည်သည့်ဘာသာဝင်ကိုမဆို မြန်မာနိုင်ငံအစိုးရက နေထိုင်စားသောက်ရေးနှင့် ပညာရေးကိစ္စအဝဝကို အပြည့်အဝ တာဝန်ယူလျက် ပညာပါရမီကုသိုလ်ဒါနအဖြစ် လက်ခံဖြည့်ဆည်း သင်ကြားပေးလျက်ရှိပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဗီယက်နမ်ရဟန်းတော် ၁၃ ပါး၊ သီလရှင် ၄၅ ပါး၊ အမျိုးသမီး သုံးဦးတို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် လာရောက်ပညာသင်ကြားလျက်ရှိသည်ကို ကြားသိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဗီယက်နမ်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံ ၁၄ နိုင်ငံမှ ရဟန်းသံဃာ၊ သီလရှင်၊ အမျိုးသမီးနှင့် အမျိုးသား စုစုပေါင်း ၆၃ ဦးတို့သည် ၎င်းတက္ကသိုလ်တွင် ဗုဒ္ဓဓမ္မ(ဒီပလိုမာ) သင်တန်းတက်ရောက်ရန်ရှိကြောင်းကို ဂုဏ်ယူဝမ်းမြောက်စွာ အသိပေးပြောကြားလိုပါကြောင်း။

**ကျင့်ကြံလိုက်နာ**

ထို့ပြင် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးထွန်းကားရန် ကြိုးပမ်းမှုအဖြစ် ဘာသာပေါင်းစုံငြိမ်းချမ်းရေးဆွေးနွေးပွဲကို ငြိမ်းချမ်းမေတ္တာအဖွဲ့ကြီး (Religions for Peace)က ဦးဆောင်ပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်းက ပထမအကြိမ်၊ ၂၀၁၉ ခုနှစ် မေလဆန်းပိုင်းက ဒုတိယအကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပါကြောင်း။

တည်ငြိမ်အေးချမ်းသည့် ကမ္ဘာကြီးတည်ဆောက်နိုင်ရေးအတွက် ဘာသာရေးသည် အရေးကြီးသည့် အခန်းကဏ္ဍကနေ ပါဝင်နေပါကြောင်း၊ ကမ္ဘာပေါ်ရှိ ဘာသာတရားတိုင်းသည် မိမိတို့ကိုယ်တိုင် ကောင်းစွာထိန်းသိမ်းရန်၊ အခြားသူများကို လေးစားရန်၊ လောဘနှင့် မုန်းတီးမှုများ လျှော့ချရန်နှင့် ချုပ်ငြိမ်းရန် အသီးသီးဆုံးမခဲ့ကြပါကြောင်း၊ မိမိတို့သည် ကိုယ်ယုံကြည်ရာဘာသာတရား၏ အဆုံးအမများကို ကျင့်ကြံလိုက်နာအားထုတ်ကြမည်ဆိုလျှင် သဟဇာတမျှတသည့် လူမှုအဖွဲ့အစည်းများ၊ ထိုမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောသည့် ကမ္ဘာကြီးကို တည်ဆောက်နိုင်ကြမည်မှာ မလွဲဖြစ်ပါကြောင်း၊ ထို့ပြင် လူသားအားလုံးအနေဖြင့် မေတ္တာ၊ အနိုင်းမဲ့ ကရုဏာနှင့် ခန္တီတရားတို့ လက်ကိုင်ထားပါက ဘုံရည်မှန်းချက်ဖြစ်သည့် တစ်ကမ္ဘာလုံးငြိမ်းချမ်းမှု၊ ချမ်းသာကြွယ်ဝမှုတို့ကို ပေးစွမ်းနိုင်ကြမည်မှာ မလွဲပါကြောင်း။

ကုလသမဂ္ဂဗုဒ္ဓနေ့ အခမ်းအနားသည် မိမိတို့ လူသားများအားလုံးကို ဗုဒ္ဓ၏အဆုံးအမနှင့် လမ်းစဉ်တို့ကို မမေ့မလျော့ လိုက်နာရမည်ဆိုသည့် စိတ်အားထက်သန်မှုများကို တစ်ဖန်ပြန်လည်ပေါ်ပေါက်လာစေရန် နှိုးဆော်လိုက်ပါကြောင်း၊ ထို့ကြောင့် မတူကွဲပြားမှုများရှိနေသည့် ယနေ့ကမ္ဘာလောကကြီးတွင် တစ်ဦးအပေါ်တစ်ဦးထားရှိသည့် မေတ္တာတရားကို မိမိတို့၏ မိသားစုအတွင်းမှသည် လူမှုရေး၊ နိုင်ငံရေး၊ အရပ်ဘက်နှင့် ဘာသာရေးအဖွဲ့အစည်းများအကြား ကျယ်ကျယ်ပြန့်ပြန့် ကြိုးစားတည်ဆောက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာ ကေ ပီ ရှာမာအိုလီနှင့် အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ Mr. M Venkaiah Naidu၊ UNESCAP အမှုဆောင် အတွင်းရေးမှူးနှင့် Vietnam Fatherland Front Central Committee ဥက္ကဋ္ဌ H.E. Mr. Tran Thanh Man တို့က မိန့်ခွန်းများ ပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဗီယက်နမ်ဝန်ကြီးချုပ်နှင့် နိုင်ငံ့အကြီးအကဲများသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ဘာသာရေးခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ပူးပေါင်းစီစဉ်**

၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက် အမှတ် ၅၄/၁၁၅ ဖြင့် ဂေါတမမြတ်စွာဘုရား ဖွားမြင်တော်မူသည့်နေ့၊ သဗ္ဗညုတဉာဏ်တော်ရရှိသည့်နေ့နှင့် မဟာပရိနိဗ္ဗာန်စံဝင်သည့်နေ့တို့ဖြစ်ပေါ်ခဲ့သည့် နေ့ထူးနေ့မြတ် ကဆုန်လပြည့်နေ့ကို ကုလသမဂ္ဂဗုဒ္ဓနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ပထမဆုံးအကြိမ် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားကို ၂၀၀၀ ပြည့်နှစ်တွင် နယူးယောက်ရှိ ကုလသမဂ္ဂရုံးချုပ်၌ စတင်ကျင်းပခဲ့သည်။ ထို့နောက် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားများကို ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများမှ အိမ်ရှင်အဖြစ် အသီးသီးကျင်းပခဲ့ကြရာ ယခုနှစ်တွင် (၁၆)ကြိမ်မြောက်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် လက်ခံကျင်းပခဲ့ပြီး ယခုကျင်းပသည့် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားကို တတိယအကြိမ်မြောက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။

ယခုကျင်းပသည့် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားကို ဗီယက်နမ်အစိုးရ၏ ကြီးကြပ်ပံ့ပိုးမှုအောက်တွင် ဗီယက်နမ်အမျိုးသား ဗုဒ္ဓသံဃအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာဗုဒ္ဓနေ့ကျင်းပရေးကောင်စီတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မေ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပလျက်ရှိသည်။ အဆိုပါအခမ်းအနားသို့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၁၃ နိုင်ငံမှ ဗုဒ္ဓဘာသာဝင်ကိုယ်စားလှယ် ၁၆၀၀ ကျော်နှင့် ဗီယက်နမ်နိုင်ငံမှ ဗုဒ္ဓဘာသာဝင် ၂၀၀၀၀ ကျော် ပါဝင်ဆင်နွှဲလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့အခမ်းအနားကျင်းပရေးကော်မတီက Tam Chuc International Buddhist Convention Center ၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် တန်ချူဘုရားကျောင်း (Tam Chuc Pagoda)သို့ရောက်ရှိကာ ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာနှင့် ဆီမီးတို့ ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကြပြီး အခြားသော ဗုဒ္ဓဘာသာနိုင်ငံများမှ လှူဒါန်းသည့် ဆင်းတုတော်များနှင့်အတူ အပူဇော်ခံရန် ဉာဏ်တော်အမြင့် လက်မ ၂၀ ရှိ ဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်ကို ဘုရားဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် Ninh Binh ခရိုင်ရှိ (Bai Dinh Ancient Pagoda) ဘုရားကျောင်းသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာတိုင်နှင့် ဆီမီးတို့ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုပြီး ဆရာတော်ထံ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် Bai Dinh သာသနိကနယ်မြေရှိ ဘောင်တပ်ဗုဒ္ဓတာဝါ (Bao Thap Stupa)သို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်အား ဆီမီး၊ အမွှေးနံ့သာနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ယဉ်ကျေးမှုဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တန်ချဲ့ဘုရားကျောင်းတွင် ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာနှင့် ဆီမီးကပ်လှူပူဇော်စဉ်။




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို (၁၆)ကြိမ်မြောက် ကုလသမဂ္ဂဗုဒ္ဓနေ့ဖွင့်ပွဲအခမ်းအနားတွင် ဗုဒ္ဓရုပ်ပွားတော်အား ရေသပ္ပာယ်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို Ninh Binh ခရိုင်ရှိ (Bai Dinh Ancient Pagoda) ဘုရားကျောင်းတွင် ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို တန်ချဲ့ဘုရားကျောင်းတွင် အပူဇော်ခံရန် ဉာဏ်တော်အမြင့် လက်မ ၂၀ ရှိ ဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်ကို ဘုရားဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းကြစဉ်။



ဗီယက်နမ်ယဉ်ကျေးမှုဖျော်ဖြေပွဲ ကျင်းပစဉ်။

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင် ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

**စစ်တွေ မေ ၁၂**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် တက်ရောက်၍ ထောက်ပံ့ပေးအပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသည့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တိုက်ပွဲရှောင် စုရပ်များမှကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသော ပဋိပက္ခများနှင့် ပတ်သက်သည့် အချက်အလက်များကိုရယူပြီး အဆိုပါ ပဋိပက္ခများကို ဖြေလျှော့ပေးနိုင်ရန်နှင့် တည်ငြိမ်အောင် ဆောင်ရွက်ပေးနိုင်ရေးအတွက် ရေတိုတွင် မည်သို့ ဆောင်ရွက်သင့်သည်၊ ရေရှည်တွင်မည်သို့ဆောင်ရွက်ရမည် စသည့်အချက်အလက်များကို ပြည်ထောင်စုအစိုးရထံ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပထမအကြိမ်လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း သံဃာတော်များ၏သြဝါဒကိုခံယူပြီး အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများ၏ ဆွေးနွေးတင်ပြချက်များသည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခများအတွက် ဖြေရှင်းရန်ကောင်းမွန်သည့် အချက်အလက်များဖြစ်သည့်အတွက် ကြားဖြတ်အစီရင်ခံစာကို ရေးသားတင်ပြခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် ရေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို




တင်ပြခဲ့ပါကြောင်း၊ အထူးသဖြင့် တိုက်ပွဲရှောင်များနှင့် ပတ်သက်၍ မိုးမကျမီ အမိုးအကာအောက်ရောက်ရှိရေး တင်ပြခဲ့ရာ စခန်းများတွင် အဆောက်အဦများ အမြန်ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများအတွက် စားသောက်ရေးကို ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

**ပူးပေါင်းပါဝင်ကူညီ**

ပဋိပက္ခဖြစ်ပွားမှုများကို မည်သည့်နည်းဖြင့် ပြေလျော့စေမည်၊ မည်သည့်နည်းဖြင့် ပြေငြိမ်းအောင် ဆောင်ရွက်နိုင်မည် စသည်တို့ကို အကြံပြုတင်ပြဆွေးနွေးနိုင်မည်ဆိုပါက နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရ၊ ကော်မတီနှင့် ဒေသနေပြည်သူများအတွက် များစွာ အကျိုးရှိနိုင်မည်ဖြစ်ပါကြောင်း၊ တင်ပြဆွေးနွေးကြရာတွင် အချက်အလက်များဖြင့် တင်ပြဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သည့် စေတနာမေတ္တာများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုက်ပွဲရှောင်စုရပ်များမှ ကိုယ်စားလှယ်များက ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများနှင့် စပ်လျဉ်းသည့် သဘောထားအမြင်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က တိုက်ပွဲရှောင် စုရပ်များမှ ကိုယ်စားလှယ်များအား တစ်လစာ ဆန်ရိက္ခာအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က အကြံပြုဆွေးနွေးတင်ပြကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ထောက်ပံ့ငွေများနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုရှိရမည်ဖြစ်ပါကြောင်း၊ တိုက်ပွဲရှောင်စခန်းများ တည်ဆောက်ရာတွင် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပွင့်လင်းစွာကြေညာဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ချက်ချင်းဆောင်ရွက်ပေးရမည်များရှိသကဲ့သို့ တင်ပြဆောင်ရွက်ရမည်များလည်း ရှိပါကြောင်း၊ ထပ်မံဖွဲ့စည်းထားသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုအဖွဲ့အား ပူးပေါင်းကူညီ ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ယနေ့ကျင်းပသည့် တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားတွင် ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ဘူးသီးတောင်မြို့နယ်တို့မှ တိုက်ပွဲရှောင်အိမ်ထောင်စု ၇၂၅၇ စု၊ လူဦးရေ ၂၉၈၃၉ ဦးအတွက် တစ်လစာ ရိက္ခာဆန်ထောက်ပံ့ငွေကျပ် ၂၆၈၅ ဒသမ ၅၁ သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဦးဆောင်သည့်အဖွဲ့သည် မြန်မာအမျိုးသားလေကြောင်းဖြင့် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရာ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# အကျိုးတူကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၁၂**

အကျိုးတူ ကန်ထရိုက်လယ်ယာစနစ် (Contract Farming) ဖော်ဆောင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက်က နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ် Grand Ballroom ၌ ကျင်းပသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က တောင်သူများ၏ တစ်ယူနစ် ထုတ်လုပ်မှုလုပ်ကွက်မှ ဝင်ငွေ တိုးတက်စေမှုနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာလျော့နည်းစေနိုင်မှု၊ အရည်အသွေးကောင်းထုတ်ကုန် သီးနှံထုတ်လုပ်နိုင်မှု၊ ထုတ်ကုန်အပေါ် အာမခံပေးနိုင်သောဈေးနှုန်း ရရှိစေမှု၊ ထုတ်လုပ်သူ တောင်သူများအစုအဖွဲ့ဖြင့် ဆောင်ရွက်နိုင်မည့် အလေ့အကျင့်ကောင်းများ ဖော်ဆောင်နိုင်မှုနှင့်အတူ အခွင့်အရေးနှင့် အကျိုးစီးပွားစုပေါင်းတိုင်ပင်ဆောင်ရွက်သည့် ရပ်ရွာဒေသအခြေပြု တောင်သူလယ်သမားအစုအဖွဲ့များ ထူထောင်နိုင်ရန်မျှော်မှန်းပြီး အကျိုးတူ ကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်ခြင်းသည် လက်တွေ့ဘဝ ပကတိလိုအပ်ချက်နှင့် ကိုက်ညီသော အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း



ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ UMFCCI နှင့် ညီနောင်အသင်းအဖွဲ့များ၊ ဘဏ်လုပ်ငန်းရှင်များနှင့် ဆက်စပ်အဖွဲ့အစည်းတို့မှပုဂ္ဂိုလ်များ တက်ရောက်ကြပြီး အကျိုးတူ ကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်ရေးဆိုင်ရာများ ဆွေးနွေးကြကြောင်း သိရသည်။

ကန်ထရိုက်စာချုပ်များသည် တောင်သူများ၊ ငွေကြေးဘဏ္ဍာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် အစိုးရအဖွဲ့အစည်း၏ အောက်ခြေအဆင့်ဆင့်တို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်စနစ်၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများပါဝင်သည့် ကန်ထရိုက်စနစ် စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးတည်ရှိနေကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေများကို အမှန်တကယ် သုံးစွဲမှုနှင့်အတူ ပုဂ္ဂလိကငွေချေးဘဏ်များကပါ ချေးငွေကိစ္စဆိုင်ရာများကို အကျိုးတူပူးပေါင်း၍ ကန်ထရိုက်လယ်ယာစနစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း UMFCCI ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

**နည်းဥပဒေများနှင့်အညီ ဆောင်ရွက်**

“အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်တစ်ရပ် ထူထောင်ရာမှာ ထည့်သွင်းစဉ်းစားသင့်တဲ့အချက် နှစ်ချက်ဖြစ်တဲ့ ငွေကြေးရင်းနှီးမြှုပ်နှံမှုအပေါ် ခိုင်မာစွာရပ်တည်မှုပြုနိုင်မယ့် ဘဏ်စနစ် (Bankable System) တစ်ရပ် ထူထောင်ထားရှိနိုင်ဖို့၊ လုပ်ငန်းဆိုင်ရာကျင့်ဝတ်များ လိုက်နာခြင်းဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိစေဖို့ စီမံဆောင်ရွက်သွားသင့်တဲ့စနစ် (Enforced Contract Farming System) ဖြစ်စေဖို့ကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနဲ့အညီ ထိန်းကျောင်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ အရည်အသွေးပြည့်ဝတဲ့ လယ်ယာထုတ်ကုန်များနဲ့ အာမခံချက်ပြည့်ဝတဲ့ ထုတ်ကုန်များ ဖြစ်ရေး၊ တောင်သူများအတွက် အမြတ်အစွန်းရရှိနိုင်မယ့် ဈေးနှုန်းပုံစံဖော်ဆောင်ပေးနိုင်ရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်”ဟု စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောသည်။

**ရေးသားပြုစု မှတ်တမ်းတင်**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ကန်ထရိုက်လယ်ယာစနစ် ပုံစံမျိုးစုံရှိသည့် လုပ်ငန်းများစွာကို ခိုင်မာသည့် SOP ရေးသားဖော်ပြမှုများ ဆောင်ရွက်ခြင်း၊ ဆန်စပါး၊ ပြောင်း၊ ကြံ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲပုပ်စသော သီးနှံအမည်များနှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာနှင့် နို့စားနွား မွေးမြူရေးလုပ်ငန်းများကို အမည်တစ်မျိုးချင်းစီအလိုက် ရေးသားပြုစုမှတ်တမ်းတင်ခြင်း၊ အမည်တစ်မျိုးချင်းစီအလိုက် ဈေးနှုန်း၊ အရည်အသွေး၊ စံချိန်စံညွှန်းပိုင်းဆိုင်ရာများတွင် အကျိုးတူဆောင်ရွက်သူများ၏ ကတိကဝတ်များ၊ အငြင်းပွားမှုများအပေါ် ဖြေရှင်းရေးဆိုင်ရာများ၊ ပျက်ကွက်မှုများအပေါ် ဥပဒေနှင့် စာချုပ်ပါစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်တို့ကို အဓိကထားဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မြန်မာပြည်မြောက်ဖျား ပူတာအိုဒေသ

**နန္ဒာဝင်း**

**(ယမန်နေ့မှ အဆက်)**

**ဒေသစီးပွားရေးတိုးတက်ထုတ်လုပ်မှု**

ယခုအချိန်တွင် မြစ်ကြီးနား-ပူတာအိုလမ်းမှာ နွေ၊ မိုး၊ ဆောင်းသွားလာနိုင်ပြီး ရက်သတ္တပတ်ကြာခဲ့သော လမ်းခရီးမှာ ယခုအခါ တစ်ရက်ခရီးဖြင့် သွားလာနိုင်ပြီဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့် ခရီးသွားလာရေး အဆင်ပြေလွယ်ကူလာသည်။ လေယာဉ်လမ်းကြောင်းများလည်း နေ့စဉ်ပြေးဆွဲလျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်မှုမှာ မြန်ဆန်လာခဲ့သည်။

**လျှပ်စစ်မီးရရှိမှု**

ဒေသဖွံ့ဖြိုးရေးအတွက် လျှပ်စစ်ကဏ္ဍသည် အရေးကြီးသည့်အတွက် ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်၊ မြို့များတွင် လျှပ်စစ်မီး တိုးတက်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၈ ခုနှစ်အထိ အသေးစားရေအားလျှပ်စစ်စက်ရုံနှင့် ဒီဇယ်သုံးလျှပ်စစ်စက်ရုံများဖြင့်သာ ပူတာအိုမြို့တွင် တစ်ရက်လျှင် ၁၉ နာရီခန့်နှင့် အခြားမြို့များတွင် သုံးနာရီခန့် အလှည့်ကျ လျှပ်စစ်ဖြန့်ဖြူးပေးနိုင်ခဲ့သော်လည်း ယခုအခါ အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ပြီးစီးခဲ့သဖြင့် ပူတာအိုမြို့ပေါ် ရပ်ကွက် ၁၀ ခု၊ ကျေးရွာ၂၀နှင့် မချမ်းဘောမြို့ပေါ် ရပ်ကွက်လေးခုနှင့် ကျေးရွာသုံးရွာတို့ကို ၂၄နာရီလုံး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး အခြားမြို့နယ်များတွင်လည်း တစ်ရက်လျှင် ငါးနာရီခန့် အထိ လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။

ဒေသခံပြည်သူများအနေဖြင့် လျှပ်စစ်ကဏ္ဍ တိုးတက်လာသည့်အတွက် မိသားစု တစ်ပိုင်တစ်နိုင် အသေးစားစက်မှုလုပ်ငန်းများမှသည် အကြီးစားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများ များပြားလာပြီဖြစ်ရာ ပူတာအိုဒေသ၏ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

**ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ**

မြန်မာပြည်မြောက်ဖျားပိုင်း ပူတာအိုဒေသသည် ထူးခြားသော ဘူမိရုပ်သွင်ရှိသည့် ဒေသဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများအတွင်း တစ်နှစ်ပတ်လုံး ရေခဲများဖုံးလွှမ်းရာ ဒေသတစ်ခုဖြစ်သကဲ့သို့ မြန်မာနိုင်ငံအတွက်လည်း ဂေဟစနစ် (Ecosystem)နှင့် ဇီဝမျိုးစုံမျိုးကွဲ (Biodiversity)ဆိုင်ရာ အရေးပါသည့် နယ်မြေတစ်ခုလည်း ဖြစ်သည်။ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ထိစပ်လျက်ရှိပြီး ဟိမဝန္တာအရှေ့ဖျားနှင့်လည်း ဆက်စပ်နေသည်။ မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ် မြစ်ဖျားခံရာ အဓိကရေဝေရေလဲဒေသလည်းဖြစ်သည်။ ဟိမဝန္တာအရှေ့ဖျား ဌာနေငှက်မျိုးစိပ်များ ကျက်စားရာဒေသအဖြစ် သတ်မှတ်ထားပြီး မြန်မာနိုင်ငံ၏ အရေးကြီးငှက်မျိုးစိပ်များ ထိန်းသိမ်းရာဒေသလည်းဖြစ်သည်။



Rufous-Necked Hornbill

ရှားပါးသော သစ်ခွမျိုးများ အပါအဝင် အပင်မျိုးစိပ်များ၊ တောရိုင်းတိရစ္ဆာန်များနှင့် တိုင်းရင်းဆေးပင်များ၊ တောရိုင်းတိရစ္ဆာန်များတွင် နို့တိုက်သတ္တဝါများ၊ တွားသွားသတ္တဝါများ၊ ငှက်များ၊ လိပ်ပြာများ၊ ငါးများ စုံလင်စွာတွေ့ရှိရပြီး မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ်များလည်း တွေ့ရှိရသည်။ ထင်ရှားသော တောရိုင်းတိရစ္ဆာန်များဖြစ်သည့် ပန်ဒါနီ၊ သားမင်း၊ ကတိုးဂျီ၊ ရေခဲတောင်ဆိတ်၊ တောင်ဆိတ်နီ၊ ဂုန်ရှုန်ဂျီ(ချေ)၊ မျောက်မြီးရှည်၊ အာသံမျောက်၊ မျောက်လွှဲကျော်၊ အင်းကျား၊ မလေးဝက်ဝံ၊ ဟိမဝန္တာဝက်ဝံ၊ မိုနာရစ်ငှက်၊ ဇာမဏီငှက်နှင့် အောက်ချင်းလည်ပင်းနီငှက်တို့ နေထိုင်ကျက်စားလျက်ရှိသည့် ဒေသဖြစ်သည်။

မြန်မာပြည်မြောက်ဖျား ပူတာအိုဒေသတွင် လက်ရှိအချိန်အထိ သုတေသနပြု မှတ်တမ်းတင်ထားနိုင်သည့် ဇီဝမျိုးစုံမျိုးကွဲတို့မှာ နို့တိုက်သတ္တဝါ ၃၄မျိုး၊ ငှက်မျိုးစိတ် ၄၉၂ မျိုး၊ အပင်မျိုးစိတ် ၇၆၆ မျိုးတို့ ဖြစ်သည်။

**စာမျက်နှာ ၇ သို့**



ဖုန်ရင်ရာဇီရေခဲတောင်



ဂုန်ရှုန်ဂျီ(ချေ)



တောင်ပေါ်ထင်းရှူးတော



မျောက်မြီးရှည်



တောင်ဇလပ်တော

✪ စာမျက်နှာ ၆ မှ

**ဇီဝမျိုးစုံမျိုးကွဲများ**

ဇီဝမျိုးစုံမျိုးကွဲများနှင့်ဆက်စပ်၍ တောင်တန်းဂေဟစနစ် (Mountain Ecosystem)၊ သစ်တောဂေဟစနစ် (Forest Ecosystem)၊ မြက်ခင်း ဂေဟစနစ် (Grassland Ecosystem)၊ ကုန်းတွင်းရေဝပ်ဒေသဂေဟစနစ် (Inland Wetland Ecosystem) စသည့် ဂေဟစနစ်များကို တွေ့ရှိရပြီး ဂေဟစနစ်များအပေါ် မူတည်၍ လူတို့သည် အစားအစာ၊ အသုံးအဆောင်၊ ဆေးဝါး၊ သန့်စင်သောလေ၊ သောက်သုံးရန်နှင့် စိုက်ပျိုးရန် ရေချိုတို့ကို စဉ်ဆက်မပြတ်ရရှိနေသည်။

ထို့အပြင် မြန်မာပြည်မြောက်ဖျားရှိ ခါကာဘိုရာဇီဒေသသည် ဟိမဝန္တာတောင်တန်းကြီး၏ တောင်စွယ်တစ်ခုဖြစ်သည်။ အမျိုးစုံလှသော သစ်တောကြီးများနှင့် သတ္တဝါမျိုးစိတ်များ၊ ဇီဝမျိုးများ စုံလင်လှသည်။ ယင်းဒေသ၏ တည်ရှိရာနေရာမှာလည်း ဇီဝဘူမိဒေသကြီးများဖြစ်သော ယူရေးရှား (Eurasia)၊ အိန္ဒိယတိုက်ငယ်၊ အင်ဒိုချိုင်းနားဒေသတို့ ဆက်စပ်ဆုံစည်းရာဆုံမှတ်ကြီးလည်းဖြစ်သည်။ ထို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝနေပြီး အခြားဒေသတွင် မတွေ့ရသောမျိုးစိတ်များကို တွေ့ရှိရသည်။ ဂေဟနယ်မြေကြီးနှစ်ခုဖြစ်သော အင်ဒိုမလေးယန်း (Indo-Malayan)နှင့် ပလေယားတစ် (Palaractic) ဂေဟနယ်မြေတို့နှင့် တွဲစပ်လျက်ရှိသည်။ တစ်နည်းအားဖြင့် အပူပိုင်းဒေသဖွဲ့စည်းပုံနှင့် အအေးပိုင်းဒေသဖွဲ့စည်းပုံ နှစ်ခုကို တစ်နေရာတည်းတွင် တွေ့ရှိရခြင်းဖြစ်သည်။

ထိုကဲ့သို့ သဘာဝအလှအပများနှင့် ပြည့်စုံသည့် ပူတာအိုဒေသတွင် သားငှက်တိရစ္ဆာန်များကို ကြည့်ရှုခံစားရန် ခရီးသွားခြင်းဖြင့် သဘာဝနေရာများကို ပိုမိုထိန်းသိမ်းနိုင်ရန်ရည်ရွယ်လျက် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို ဖော်ဆောင်လျက်ရှိသည်။ တောတွင်းစွန့်စားခရီးသွားခြင်း၊ ခြေကျင်တောင်တက်ခြင်း၊ စက်ဘီးစီးခြင်း၊ သားငှက်တိရစ္ဆာန်ကြည့်ခြင်း၊ ဖောင်စီးခြင်း၊ ရိုးရာဓလေ့လေ့လာခြင်း၊ သစ်ပင်ပန်းမန် လေ့လာရေးခရီးစဉ်များလည်း ပါဝင်သည်။



ကြိုးကြာ(ခေါင်းမည်း)

(ဆက်လက်ဖော်ပြပါမည်)



တောင်ပေါ်မြက်ခင်းတော



ရေခဲတောင်ဂျင်ဆင်းအပင်

# နေပြည်တော်စည်ပင်ဘဏ်လီမိတက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပ





**နေပြည်တော် မေ ၁၂**
နေပြည်တော်စည်ပင်ဘဏ်လီမိတက်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေး အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ နှစ်ပတ်လည် အထွေထွေအစည်းအဝေး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် နေပြည်တော်စည်ပင်ဘဏ်လီမိတက် နာယက ဒေါက်တာမျိုးအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိမ်း၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဗိုလ်မှူးကြီးမင်းနောင်၊ ဦးအောင်မြင်ထွန်း၊ ဦးတင်ထွန်း၊ ဗဟိုစီးပွားရေးကော်မတီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်များဖြစ်ကြသော ဦးမင်းသူ၊ ဒေါ်စံပယ်ထွေး၊ ဦးမင်းသိမ်း၊ ဦးဆန်းနိုင်နှင့် ဦးကျော်ဇင်လတ်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအမှူးများ၊ ဌာနမှူးများ၊ မိတ်ဖက်ဘဏ်များမှ တာဝန်ရှိသူများနှင့် နေပြည်တော်စည်ပင်ဘဏ်လီမိတက်မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် နေပြည်တော်စည်ပင်ဘဏ်လီမိတက် နာယက ဒေါက်တာမျိုးအောင်က အဖွင့်အမှာစကား ပြောကြားရာ ဘဏ်၏ လက်ရှိကောင်းမွန်တည်ငြိမ်ခိုင်မာမှုကို ဆက်လက်ထိန်းသိမ်းထားရှိပြီး ဘဏ်လုပ်ငန်းများ တိုးတက်အောင်မြင်စေရန်အတွက် မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် မြန်မာနိုင်ငံစာရင်းကိုင်စံများနှင့်အညီ ညွှန်ကြားချက်များအား လိုက်နာ၍ တိုးတက်ပြောင်းလဲလာသော Digital Banking ကို IT နည်းပညာကျွမ်းကျင်မှုများဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ခိုင်မာစိတ်ချယုံကြည်စိတ်ချရသော ဘဏ်တစ်ခုဖြစ်အောင် မတည်ရင်းနှီးငွေများကိုလည်း နှစ်စဉ် တိုးမြှင့်ထည့်ဝင်ဆောင်ရွက်သွားပြီး ပိုမိုတိုးတက်အောင်မြင်သည့် ဘဏ်တစ်ခုအဖြစ်သို့ ရောက်ရှိရန် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော်စည်ပင်ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးရဲမင်းဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး နေပြည်တော်စည်ပင်ဘဏ်လီမိတက် အမှုဆောင်အရာရှိချုပ် ဦးခင်လတ်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အစီရင်ခံစာအား ဖတ်ကြားတင်ပြခဲ့သည်။

**စာရင်းစစ်အစီရင်ခံစာအား တင်ပြ**

ထို့နောက် အခမ်းအနားမှူးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် နေပြည်တော်စည်ပင်ဘဏ်လီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းအား ကြေညာပြီး Managing Partner JF-Group Audit Firm မှ ဦးဝမ်းတင်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ စာရင်းစစ်အစီရင်ခံစာအား တင်ပြခဲ့သည်။

ဆက်လက်၍ နေပြည်တော်စည်ပင်ဘဏ်လီမိတက်၏ ရှေ့လုပ်ငန်းစဉ်များအား ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်မှ ဆက်လက်တင်ပြခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ် ဦးဝင်းသင် (Win Consulting Limited) အား ရွေးချယ်ခန့်အပ်ခဲ့ကာ နေပြည်တော်စည်ပင်ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးရဲမင်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားပြီးဆုံးကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ နိုင်ငံတစ်ဝန်း ရေရှားပါးသောဒေသများ၌ သောက်သုံးရေများလှူဒါန်းပေးလျက်ရှိ

**ရန်ကုန် မေ ၁၂**
ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် နိုင်ငံတစ်ဝန်းရှိ ရေရှားပါးမှုဖြစ်ပေါ်



နေသောဒေသများမှ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်လှူဒါန်းပေးခြင်း၊ ရေသယ်ယာဉ်များဖြင့် ရေဖြန့်ဝေပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဖောင်ဒေးရှင်းသည် ၂၀၁၄ ခုနှစ်မှစ၍ ရေရှားပါးသောဒေသများရှိ ပြည်သူများကို သောက်သုံးရေပေးဝေလျက်ရှိရာ ယခုနှစ်နွေရာသီအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ ပရဟိတအသင်းများသို့ လှူဒါန်းထားသည့် ရေသည်ယာဉ် ၄၇ စီးဖြင့် ရေလိုအပ်သောဒေသများသို့ ဖြန့်ကြက်လှူဒါန်းပေးလျက်ရှိသည်။

**တူးဖော်လှူဒါန်း**

မေ ၁၁ ရက်က ဖောင်ဒေးရှင်းမှ လှူဒါန်းထားသည့် ရေသယ်ယာဉ်သစ်များဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အုံ့ကြီးအရှေ့နှင့် စံပြကျေးရွာရှိ အိမ်ခြေ ၂၀၀ ခန့်အတွက်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ကျန်းမာရေးရပ်ကွက်နှင့် နန်းရှေ့အတုမရှိကျောင်းတိုက်မှ သီရိသစ္စာကျောင်းများသို့လည်းကောင်း၊စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မြင်တော်ကျေးရွာသို့လည်းကောင်း၊ ရှမ်းပြည်နယ် ပင်းတယမြို့ ရှားပြားကျေးရွာနှင့် တောင်ကြီးမြို့ အောင်သပြေအမှတ်(၃)၊ (၄)နှင့်(၅) ရပ်ကွက်များသို့လည်းကောင်း သန့်ရှင်းသောသောက်ရေများ လှူဒါန်းပေးခဲ့သည်။ထို့အပြင် ရေအလွန်ရှားပါးသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ကောင်းကဲ့အီကျေးရွာနှင့် လယ်ဝေးမြို့နယ် ဒက္ခိဏာသီရိရှိ ချမ်းမြေ့ကျောင်းတို့တွင် စက်ရေတွင်းများ တူးဖော်လှူဒါန်းပေးလျက်ရှိသည်။

**ဝမ်းမြောက်ပျော်ရွှင်**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးသောကြောင့် ဒေသခံပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိသည်။ ရေရှားပါးသော ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေများ အဆင်ပြေလုံလောက်စွာ သုံးစွဲနိုင်စေရန် စက်ရေတွင်း ၂၀၃ တွင်း တူးဖော်ပေးခြင်း၊ ရေလှောင်ကန်များဆောက်လုပ်ပေးခြင်း၊ အိမ်တိုင်ရာရောက် ရေပိုက်များ သွယ်တန်းပေးခြင်း၊ ရေသယ်ယာဉ် ၄၇ စီးကို နိုင်ငံတစ်ဝန်းရှိ ပရဟိတအသင်းများအား လှူဒါန်းပေးခဲ့သည့်အပြင် ဖောင်ဒေးရှင်းထူထောင်ချိန်မှစ၍ ကဏ္ဍအသီးသီးတွင် လူမျိုးမရွေး၊ ဘာသာမရွေး နိုင်ငံတော်နှင့် ပြည်သူအတွက် ငွေကျပ် ၁၅၄ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။

**ကြေးမုံ**

# နာဂဒေသအတွင်း အချိန်မီထောက်ပံ့ပေးနိုင်ရန် သဘာဝဘေးကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ အသင့်ပြင်ဆင်ထားရှိ

**မုံရွာ မေ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက အချိန်မီထောက်ပံ့ပေးနိုင်ရန်အတွက် ကယ်ဆယ်ရေးပစ္စည်းများကို ကြိုတင်ပေးပို့စီစဉ်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး ဦးတင့်ဝေ၏ ပြောကြားချက်အရ သိရသည်။

“တခြားမြို့နယ်တွေကိုတော့ သဘာဝဘေးဖြစ်လို့ ထောက်ပံ့ပေးဖို့လိုအပ်တယ်ဆိုရင် တိုင်းကြက်ခြေနီက တိုက်ရိုက်ထောက်ပံ့ပေးတယ်။ မီးလောင်တာတို့၊ လေဘေးသင့်လို့ အိမ်တွေပြိုပျက်သွားရင် ထောက်ပံ့ပေးနိုင်ဖို့ ကြိုတင်စီစဉ်ထားတာပါ။နာဂဒေသအတွက် သဘာဝဘေးတွေဖြစ်လာရင် အလွယ်တကူ၊ အလျင်အမြန် ထောက်ပံ့ပေးနိုင်ဖို့ ကယ်ဆယ်ရေးပစ္စည်းတွေ ကြိုတင်ပေးပို့ထားတယ်။ လေရှီးမြို့နဲ့ လဟယ်မြို့မှာ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေသွားဖို့ မော်တော်ဆိုင်ကယ်လေးစီး ထောက်ပံ့ပေးထားတယ်။ ဖြစ်မှပို့မယ်ဆိုရင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့အတွက် အချိန်မီထောက်ပံ့ပေးနိုင်ဖို့ အခုလို ကြိုတင်စီစဉ်ပေးထားတာပါ။ အရင်က ဖြစ်မှသွားထောက်ပံ့တာ၊ ဒီနှစ်ကတော့ ကြိုတင်ပြီးပို့ထားတယ်” ဟု စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး ဦးတင့်ဝေက ပြောသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း သဘာဝဘေးဒဏ်သင့်နေရာများသို့ ထောက်ပံ့ပေးနိုင်ရန် ကယ်ဆယ်ရေးပစ္စည်းများအဖြစ် လဟယ်မြို့တွင် အစုံ ၇၀ နှင့် ခန္တီးမြို့တွင် အစုံ ၇၀ တို့ကို ဧပြီလ နောက်ဆုံးပတ်အတွင်း ပေးပို့ထားပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူး ဦးတင့်ဝေထံမှ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၁၂**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး၊ ပညာရပ်ဆိုင်ရာဟောပြောပွဲ၊ ပညာပေးပြခန်းများ ခင်းကျင်းပြသပွဲနှင့် ရေထွက်ပစ္စည်းဈေးပွဲတော် အခမ်းအနား (ဒုတိယနေ့)ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်၍ အမှာစကားပြောကြားသည်။



အဆိုပါအခမ်းအနားကို မေ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်ကြာကျင်းပလျက်ရှိရာ ယနေ့ နံနက် ၉ နာရီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဋ္ဌေးမြင့်၊ ရန်ကုန်မြို့ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခင်းကျင်းပြသထားသည့် ပြခန်းနှင့် အရောင်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**အမှာစကားပြောကြား**

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ၁၈ ကြိမ်၊ ၁၉ ကြိမ်နှင့် ၂၀ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို အဆိုပါအဖွဲ့ချုပ်ရှိ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် မိမိစတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ ဒုတိယကာလတို (၅) နှစ် လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ်များကို ရေးဆွဲပြီး မူဝါဒ(၁၀)ရပ်ကိုချမှတ်၍ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ(ADS)ကိုလည်း ရေးဆွဲပြီး စိုက်ပျိုးရေး၊ သားငါးကဏ္ဍအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့်လည်း ငါးလုပ်ငန်းရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေပြီး ငါးရိက္ခာဖူလုံစေရန်၊ ငါးလုပ်ငန်းကို အခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် မျှော်မှန်းချက်ထားရှိပြီး မူဝါဒ၊ ရည်မှန်းချက် (၆)ရပ်၊ လုပ်ငန်းစဉ်(၂၅)ရပ် ချမှတ်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်၍ နည်းပညာပံ့ပိုးအကူအညီနှင့်အတူ ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့်လည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံ၏ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ပင်လယ်ပြင်ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားနိုင်ရေး သယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ၊ ငါးလုပ်ငန်းဆိုင်ရာ ကဏ္ဍအလိုက်စီမံကိန်းများကို FAO ကဲ့သို့ အဖွဲ့အစည်းကြီးများအပြင် နိုင်ငံတကာအကူအညီအဖြစ် World Fish၊ EU-GIZ၊ DANIDA၊ JICA၊ KOICA စသော အဖွဲ့အစည်းများ၊ ပြည်တွင်းမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ရေလုပ်ငန်းနှင့်ပတ်သက်ပြီး နိုင်ငံတကာ၏ စံနှုန်း၊ စည်းမျဉ်းစည်းကမ်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို တိကျစွာလိုက်နာပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဈေးကွက်ဝယ်လိုအားရှိသည့် ဥရောပနိုင်ငံများကိုလည်း ပင်လယ်ပြင်မှရရှိသည့် ရေထွက်ပစ္စည်းများအပြင် မွေးမြူရေးမှရရှိသည့် ရေထွက်ကုန်ပစ္စည်းများကို တင်ပို့ခွင့်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါတွင် EU သို့ မွေးမြူရေး ငါး/ပုစွန်များကို တင်ပို့ခွင့်ရရှိခဲ့ပြီးဖြစ်ကြောင်း။

EU နိုင်ငံများကို မွေးမြူရေး ငါး/ပုစွန်များ တင်ပို့ခွင့်ရရှိသော်လည်း မြန်မာနိုင်ငံမှာရှိသည့် ငါး/ပုစွန်မွေးမြူသူများအနေဖြင့် EU Standard နှင့်အညီ ဖြစ်စေရေး၊ ၎င်းတို့လိုလားသည့် မွေးမြူရေး ထွက်ကုန်ဖြစ်စေရေးနှင့် ရေထွက်ကုန်ပစ္စည်းများမှာ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက်လည်း လွန်စွာအရေးကြီးသည့်အတွက် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်စနစ်ကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်စနစ်အတိုင်း မွေးမြူထုတ်လုပ်ကြရန် အထူးလိုအပ်သည့်အတွက် လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဋ္ဌေးမြင့်တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း ပြင်ဆင်ဖြည့်စွက်ချက်များနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့အား ဖတ်ကြားတင်ပြကာ အတည်ပြုချက်ရယူသည်။

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၁၇ -၂၀၂၂ ခုနှစ် သတ္တမသက်တမ်းကာလအတွက် ရွေးချယ်တင်မြောက်ခြင်းခံရသည့် ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များစာရင်းကြေညာခြင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အသင်းသား၊ အသင်းသူများ၏ သားသမီးများအား ပညာရည်ချွန်ဆုများ ပေးအပ်ခြင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သို့ အလှူငွေများပေးအပ်လှူဒါန်းခြင်း၊ နိုင်ငံတကာထူးချွန်ဆုနှင့် ထူးချွန် Certificate ရရှိသူ အသင်းဝင်ကုမ္ပဏီနှင့် အသင်းဝင်များအား ချီးကျူးဂုဏ်ပြုလွှာပေးအပ်ခြင်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ရုံးအဖွဲ့ဝန်ထမ်းများအား ဝန်ထမ်းဂုဏ်ပြုဆုကြေးပေးအပ်ခြင်းတို့ကို ပြုလုပ်ကြပြီး မွန်းလွဲပိုင်းတွင် ငါး၊ ပုစွန်မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဖွံ့ဖြိုးရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် ဟောပြောပွဲများကို ကျင်းပသည်။

**ခင်းကျင်းပြသ**

မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းများဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်အတွင်း ဝင်ရောက်ထိုးဖောက်ကာ မြန်မာ့ရေထွက်ပစ္စည်းများ ပိုမိုရောင်းချနိုင်ရန်ရည်ရွယ်၍ အဆိုပါအခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

သုံးရက်ကြာပြုလုပ်လျက်ရှိသည့် အဆိုပါအခမ်းအနားတွင် မြန်မာ့ရေထွက်ဈေးပွဲတော်အဖြစ် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများမှ လာရောက်ပြသသည့် ငါးလုပ်ငန်းနှင့် ပတ်သက်သည့် ပညာပေးပြခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်တွင်း၊ ပြည်ပ အလှမွေးငါးပြခန်းများကို ခင်းကျင်းပြသလျက်ရှိသည်။

ထို့အပြင် ငါး၊ ပုစွန်၊ကဏန်း စသည့် ရေထွက်ပစ္စည်းများနှင့် ပင်လယ်စာများကို ချက်ပြုတ်ရောင်းချသည့် အစီအစဉ်များအပြင် ငါး၊ ပုစွန်၊ ကဏန်း၊ ငါးပိ၊ ငါးခြောက် စသည့် ရေထွက်ပစ္စည်းအရောင်းဆိုင်များ၊ ရေထွက်ပစ္စည်းအဆင့်မြင့်ထုတ်ကုန်အရောင်းဆိုင်များနှင့် အသင့်စားသုံးနိုင်သော ပြည်ပပို့ကုန် ရေထွက်ပစ္စည်းဆိုင်များကိုလည်း ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

**ဖျော်ဖြေတင်ဆက်မှုများပြုလုပ်**

ဖျော်ဖြေရေးအစီအစဉ်များအဖြစ် ပထမနေ့ ညပိုင်းတွင် တေးသံရှင်ဒေါ်ရီရီသန့်၏ မြန်မာသံစဉ်တေးသီချင်း ဖျော်ဖြေမှုများဖြင့် လည်းကောင်း၊ ဒုတိယနေ့တွင် ပဥ္စလက် ကိုခိုင်က မျက်လှည့်အစီအစဉ်များဖြင့် လည်းကောင်း၊ တတိယနေ့တွင် ဟားညီနောင် အငြိမ့်အဖွဲ့တို့က လည်းကောင်း နေ့စဉ် ည ၇ နာရီတွင် ဖျော်ဖြေတင်ဆက်မှုများပြုလုပ်သွားမည်ဖြစ်သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

---

# ဒုတိယဝန်ကြီး ဦးကျော်လင်း ထုံခါ-သဲဖြူ-မောတောင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ တက်ရောက်ဖွင့်လှစ်

**တနင်္သာရီ မေ ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မြိတ် အများပိုင်ကော်ပိုရေးရှင်းလီမိတက်မှ BOT စနစ်ဖြင့် တာဝန်ယူဆောင်ရွက်ခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ထုံခါ-သဲဖြူ-မောတောင်လမ်း (နှစ်လမ်းသွား) ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထုံခါ-သဲဖြူ-မောတောင်လမ်း ၁၀ ကီလိုမီတာရှိ သိန်ခွန်းကျေးရွာအုပ်စု သိန်ခွန်းကျေးရွာ ယာယီမဏ္ဍပ်တွင် ကျင်းပသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးအောင်သူရက အမှာစကားပြောကြားပြီး မြိတ် အများပိုင်ကော်ပိုရေးရှင်းလီမိတက်ဥက္ကဋ္ဌ ဦးလှသန်းက ထုံခါ-သဲဖြူ-မောတောင်လမ်းပိုင်း ဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး လမ်းပိုင်းတည်ဆောက်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ထုံခါ-သဲဖြူ-မောတောင်လမ်းပိုင်းအား ကတ္တရာလမ်းဆောင်ရွက်ပေးမှုအပေါ် ဒေသခံတစ်ဦးဖြစ်သူ ဦးစိုးရီက ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဆက်လက်၍ ထုံခါ-သဲဖြူ-မောတောင်လမ်း(နှစ်လမ်းသွား) ကတ္တရာလမ်းသစ်အား တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးအောင်သူရ၊ တနင်္သာရီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဝင်းထွန်း၊ တနင်္သာရီမြို့နယ် တိုင်းဒေသကြီး အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေ၊ မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်ဥက္ကဋ္ဌ ဦးလှသန်းနှင့် မန်နေဂျင်းဒါရိုက်တာ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများသည် အဆိုပါလမ်းအား မောတောင်မြို့နယ်စပ်အထိ မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုကြသည်။



အဆိုပါလမ်းအား မြိတ်အများပိုင်ကော်ပိုရေးရှင်းမှ ငွေကျပ် ၂၄ ဘီလီယံ အကုန်အကျခံ၍ လမ်းသားအကျယ် ၂၆ ပေ၊ လမ်းပခုံးအပါအဝင် ၃၂ ပေရှိပြီး လမ်းအရှည်မှာ ၄၈ မိုင် ၂ ဖာလုံ တည်ဆောက်ခဲ့ကြောင်း၊ အဆိုပါလမ်းပွင့်သွားခြင်းအားဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ငါး၊ ပုစွန်၊ ကဏန်းနှင့် သယံဇာတများကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် မဟာချိုင်မြို့တို့ရှိ ငါးဈေးများသို့ အချိန်တိုအတွင်း လတ်ဆတ်စွာ အလွယ်တကူပို့ဆောင်နိုင်မည်ဖြစ်ပြီး မြန်မာ-ထိုင်းနှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-နန်းသာရီ၊ ထိန်ဝင်း(ပြန်/ဆက်)**

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ လွိုင်ကော်မြို့သို့ ဒေသစာရီကြွချီအပူဇော်ခံ

**လွိုင်ကော် မေ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေး စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့သည် ယနေ့ ညနေပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ဒေသစာရီကြွချီ အပူဇော်ခံသည်။



**အလှူငွေများ လှူဒါန်း**

စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့မှ လွိုင်ကော်မြို့သို့ ပင့်ဆောင်၍ ဒေသစာရီကြွချီအပူဇော်ခံရာ လမ်းခရီးတစ်လျှောက်တွင် ဌာနဆိုင်ရာများ၊ မြို့သူ မြို့သားများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားများက ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ကြီး တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများ လှူဒါန်းကြသည်။

ယင်းနောက် ကယားပြည်နယ် လွိုင်ကော်မြို့အဝင်သို့ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ မြို့နာမ်စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများ၊ မြို့မိ မြို့ဖများ၊ ဘာသာရေး အသင်းအဖွဲ့များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများက မင်္ဂလာစည်တော်၊ ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံ၍ လွိုင်ကော်မြို့ မြို့နာမ်စေတီတော်သို့ စည်ကားသိုက်မြိုက်စွာ ကြိုဆိုပင့်ဆောင်ကြသည်။

ထို့နောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့အား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက မြို့နာမ်စေတီတော်အား လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်၍ ယာယီအပူဇော်ခံမည့် မင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

ည ၇ နာရီခွဲတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ ပင့်ဆောင်ပူဇော်ခြင်း အထိမ်းအမှတ် ငြိမ်းချမ်းရေးတရားတော်များကို လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဟောကြားချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့က တရားတော်ကို နာယူကြည်ညိုကြသည်။ တရားပွဲအပြီးတွင် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေး အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

**ဟန်လင်းနိုင်**

# ရုပ်ရှင် အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စတူဒီယိုများ၌ ဇာတ်ဝင်ခန်းများ လာရောက်ရိုက်ကူး

**ရန်ကုန် မေ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင် အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စတူဒီယိုများ၌ ယနေ့နံနက်ပိုင်းမှ စတင်၍ Life + ရုပ်ရှင် ထုတ်လုပ်ရေးမှ ဒါရိုက်တာစတီးလ် (ဒွေးမေတ္တာ) က "အပေးအယူ" ရုပ်ရှင်ဇာတ်ကားဇာတ်ဝင်ခန်းအချို့ကို လာရောက်ရိုက်ကူးကြကြောင်း သိရသည်။



ဒါရိုက်တာစတီးလ် (ဒွေးမေတ္တာ)



အကယ်ဒမီ ဇင်ဝိုင်း



ကလေးသရုပ်ဆောင် နန်းထိပ်ထား

အဆိုပါဇာတ်ဝင်ခန်းများ လာရောက်ရိုက်ကူးမှုနှင့်ပတ်သက်၍ ဒါရိုက်တာစတီးလ်က "အခုနောက်ပိုင်း ရုပ်ရှင်ရိုက်ရင် စတူဒီယိုတွေမှာ ရိုက်တာများတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ ရုပ်ရှင်ထွန်းကားတဲ့နိုင်ငံတွေမှာလည်း စတူဒီယိုတွေပဲ အသုံးပြုတာများတယ်။ ဒီမှာ ပုဂ္ဂလိက စတူဒီယိုဆိုတာ မရှိဘူး။ အရင်ကတည်းကလည်း ဒါကို ရုပ်ရှင်မြှင့်တင်ရေးလို့ ခေါ်တာပေါ့။ ဒီမှာရှိတဲ့ စတူဒီယိုတွေမှာပဲ ရိုက်ခဲ့ကြတယ်။ အခုနောက်ပိုင်း ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေက ရုပ်ရှင်သမားတွေအတွက် အဆင်ပြေအောင် အခုလို ပြုပြင်ပေးခဲ့တဲ့အတွက် ကျွန်တော်တို့ပိုပြီး အဆင်ပြေတယ်။ ဒီမှာ ဇာတ်ကားကို မေ ၁၅ ရက်အထိ ရိုက်ကူးဖို့ရှိတယ်။ ထောင်တို့၊ တရားရုံးတို့၊ ရဲစခန်းတို့ ဆက်တင်တွေ ပြင်ဆင်ထားတာရှိတယ်။ မော်ဒယ်ရှိုး လျှောက်တာရှိမယ်။ စတူဒီယိုတွေရှိတဲ့အတွက် ဆင်ပြီးရိုက်ရတာ ပိုပြီးအဆင်ပြေတယ်။ ကျယ်ကျယ်ဝန်းဝန်းရှိတယ်။ ပတ်ဝန်းကျင်ကိုလည်း အနှောင့်အယှက် မဖြစ်ဘူး။ ပတ်ဝန်းကျင်ကလည်း ကျွန်တော်တို့ကို အနှောင့်အယှက် မရှိဘူး။ အဲဒီလို အဆင်ပြေတဲ့အတွက် ဒီမှာ ပြင်ဆင်ပြီး ရိုက်ဖြစ်တာပါ။

စတူဒီယို သုံးခုလုံးကို ယူလိုက်ခြင်းအားဖြင့် အချိန်ပေးပြီး သေချာရိုက်ရတာ အဆင်ပြေတယ်။ စတူဒီယိုတစ်ခုစီမှာ ဆက်တင်တွေ တစ်မျိုးစီဆင်ထားတဲ့အတွက် ရိုက်ရတာ ပိုအဆင်ပြေတယ်။ အဓိကက နေရာပဲ။ နေရာရှိရင် လိုချင်တဲ့ပုံဖော်ပြီး ဆက်တင်ဆိုတာ ပြုပြင်ပြီးရိုက်သွားလို့ရတယ်။ စတူဒီယို သုံးခုလုံးကို တစ်ပြိုင်တည်း ပြင်ဆင်ပြီးရိုက်တဲ့အတွက် အချိန်မကုန်တော့ဘူး။ ကြိုပြင်ဆင်ထားတဲ့ အတွက် ရုပ်ရှင်ရိုက်ကူးရတာ အဆင်ပြေတယ်။ ဒီမှာ ဇာတ်လမ်းရဲ့ သုံးပုံနှစ်ပုံရိုက်ကူးဖြစ်မယ်။ ဒီမှာပြီးရင် နေပြည်တော်၊ ပြင်ဦးလွင်နဲ့ ဗီယက်နမ်နိုင်ငံမှာ သွားရိုက်ဖို့ရှိတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ကူညီပေးတဲ့အတွက် ရိုက်ကူးရေးမှာ အားလုံး အဆင်ပြေပါတယ်။ အခု ပြန်ပြုပြင်ပြီးတဲ့အချိန်မှာ မြင်တဲ့အတိုင်း ကားတွေအများကြီး ရိုက်လို့ရတယ်။ နေရာကျယ်တဲ့အတွက် လုပ်စရာတွေ အများကြီးလုပ်ခွင့်ရလာတယ်။ ဒီထက်ပိုပြီး စတူဒီယိုတွေကို ထပ်ပြီး ဖြည့်ဆည်းလို့ရရင် ဖြည့်ဆည်းပေးဖို့တောင်းဆိုချင်ပါတယ်" ဟု ပြောသည်။

ကလေးသရုပ်ဆောင် နန်းထိပ်ထားကလည်း "သမီးက နေပြည်တော်က လာရိုက်တာပါ။ သရုပ်ဆောင်ရတာ ဝါသနာပါပါတယ်။ ဒါရိုက်တာက ခဏခဏ လေ့ကျင့်ပေးတဲ့အတွက် သရုပ်ဆောင်ရတာ အဆင်ပြေပါတယ်။ သမီးက ရွှေသမီးရဲ့ညီမအနေနဲ့ သရုပ်ဆောင်ရတာပါ" ဟု ပြောသည်။

အကယ်ဒမီ ဇင်ဝိုင်းကလည်း "ကျွန်တော် ဒီဇာတ်ကားမှာ ရှေ့နေနေရာက ပါဝင်ရတာဖြစ်ပါတယ်။ ဒီနေရာက အရင်တုန်းက မိသားစုအိမ်လိုပါပဲ။ ဒီမှာ ရိုက်ကူးရေးရှိတယ်။ ကားဆက်တယ်။ ကူး/ဆေးခန်း ရှိတယ်။ ရိုက်ကူးပြီး ဇာတ်ကားတွေကို ဒီမှာပဲ ပြန်ကြည့်တယ်။ အခု ပြန်ကြားရေးဝန်ကြီးဌာနက လုပ်ပေးတဲ့အတွက် အခုဒီမှာ စတူဒီယို(၁)(၂)(၃) ဆိုပြီး ပြန်ပေါ်ထွန်းလာတယ်။ ဒီနေရာက ရုပ်ရှင်လောကသားတွေ သွားလို့လာလို့ လွယ်ကူတယ်။ တစ်သီးတစ်သန့်လေးလည်း ဖြစ်တယ်။ ရိုက်ကူးရတာလည်း အဆင်လည်းပြေတယ်။ ရုပ်ရှင်သမားတွေအတွက် အကျိုးရှိပါတယ်။

တကယ်တမ်း အဆင့်အတန်းမြင့်မားတဲ့ ရုပ်ရှင်ဇာတ်ကားတွေ ရိုက်ချင်တယ်ဆိုရင် စတူဒီယိုတွေဆိုတာ မဖြစ်မနေလိုအပ်ပါတယ်။ စက်မှုပညာတွေ ထွန်းကားတဲ့၊ ရုပ်ရှင်ထွန်းကားတဲ့ နိုင်ငံတွေမှာ စတူဒီယိုဆိုတာကို မဖြစ်မနေ သုံးစွဲနေကြရတယ်။ စတူဒီယိုတွေရဲ့ အားသာချက်က တစ်အချက် တစ်သီးတစ်သန့်ဖြစ်တယ်။ နှစ်အချက်အချိန်၊ ငွေ ကုန်ကျစရိတ်သက်သာတယ်။ သုံးအချက် အနေနဲ့က အရေးကြီးဆုံး အချက်ပါ။ ပါဝင်ဖန်တီးကြတဲ့ အနုပညာရှင်တွေ၊ ဒါရိုက်တာက အစ၊ သရုပ်ဆောင်တွေ၊ ရုပ်ရှင်အဖွဲ့သားတွေကအစ ဒီဇာတ်ကားပေါ်မှာ အနုပညာ စျာန်ဝင်စားမှုတွေကို ထိန်းသိမ်းပေးနိုင်တယ်။ ဘေးက အနှောင့်အယှက်လည်း နည်းတယ်။ ဒါ စတူဒီယိုတွေရဲ့ အားသာချက်ပါပဲ။ ဒီထက်ကြီးမားတဲ့ စတူဒီယိုတွေ ပေါ်ပေါက်ဖို့ လိုပါသေးတယ်။ ဒါမှသာ လိုအပ်တဲ့ ဇာတ်ဝင်ခန်းတွေကို အထဲမှာ ဆက်တင်လုပ်ယူလို့ ရမှာပါ" ဟု ပြောသည်။

"အပေးအယူ" ဇာတ်ကားတွင် အလင်းရောင်၊ ထွန်းကိုကို၊ နေထက်လင်း၊ အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ အေးမြတ်သူ၊ ရွှေသမီး၊ ကလေးသရုပ်ဆောင် နန်းထိပ်ထားနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားသည်။



ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာကို ၂၀၁၈ ခုနှစ် ဇူလိုင် ၂၁ ရက်တွင်လည်းကောင်း၊ ရုပ်ရှင်စတူဒီယို(၁) (၂) (၃) တို့ကို ယခုနှစ် မတ် ၉ ရက် တွင်လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး စတူဒီယို (၁)ကို ၁၆ ကြိမ်၊ စတူဒီယို(၂) ကို သုံးကြိမ်၊ စတူဒီယို(၃)ကို နှစ်ကြိမ် ငှားရမ်း၍ ရုပ်ရှင်ဇာတ်ကားများ၊ တီဗွီဇာတ်လမ်းများ၊ MTV များ၊ အင်တာဗျူးများ ရိုက်ကူးခဲ့ကြကြောင်း ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်ထံမှ သိရသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ရဲထွဋ်**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကဝမြို့နယ်၌ ကျင်းပ



**ကဝ မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အင်းဝအုပ်စု အင်းဝကျေးရွာ အမက မူလွန်ကျောင်း၌ မေ ၁၁ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပခဲ့သည်။

**ရှင်းလင်း ပြောကြား**

ရှေးဦးစွာ ကဝမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး မြို့နယ်ဦးစီးမှူး ဒေါ်ချစ်နှင်းသုန်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် အဆိုပါကျေးရွာအုပ်စု၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးလက်ဒေသ၏ သန့်ရှင်းသော သောက်သုံးရေရရှိရေးစသည့် ကျေးလက်ဖွံ့ဖြိုးရေး ကိစ္စရပ်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းအောင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဖြူဖြူဝင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ထွန်းဦးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်းတို့က ဦးဆောင် ပါဝင်ဆွေးနွေးခဲ့ကြပြီး ကျေးရွာနေ ပြည်သူများက ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ငြိမ်းချမ်း(ပြန်/ဆက်)**

# ဒက္ခိဏသီရိမြို့နယ် ကူနှစ်လုံးဆည်စုကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**နေပြည်တော် မေ ၁၂**

ကျေးလက်ဒေသဖွံ့ဖြိုးရေးပြည်သူ့စကားဝိုင်းကို ယနေ့နံနက် ၉ နာရီတွင် ဒက္ခိဏသီရိမြို့နယ် ကူနှစ်လုံးဆည်စုကျေးရွာရှိ ကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအေးက ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းက မိမိရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ရပ်မိရပ်ဖများအားလုံးက မှန်ကန်တဲ့စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုများဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဒက္ခိဏခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်က အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ပြုလုပ်ရာတွင် အခက်အခဲများရှိပါက ဦးစီးဌာနသို့ အချိန်မရွေးဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း၊ ခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြသင်းဌေးက ကျေးရွာလမ်းများ ကောင်းမွန်စေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန်လိုအပ်သည့် အခြေအနေများကိုလည်းကောင်း၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်ဝင်းက သမားရိုးကျမွေးမြူရေးစနစ်မှ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်၍ စီးပွားဖြစ်မွေးမြူရေးစနစ်သို့ ပြောင်းလဲကြရန်လိုကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မိုးထွန်းက ရာသီဉတုနှင့် ဈေးကွက်ပေါ်မူတည်၍ မျိုးကောင်းမျိုးသန့်များကိုရွေးချယ်ပြီး ခေတ်မီစိုက်နည်းစနစ်များကို ပြောင်းလဲအသုံးပြုကြရန်လိုကြောင်းနှင့် ဓာတ်မြေဩဇာနှင့် ဓာတုဆေးဝါးများကို စနစ်တကျ စစ်ဆေးအသုံးပြုရန်လိုကြောင်းတို့ကို အသီးသီး ပါဝင်ဆွေးနွေးကြသည်။



ယင်းနောက် တက်ရောက်လာကြသည့် ကူနှစ်လုံးဆည်စုကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ တောင်သူ လယ်သမားများနှင့် ကျေးလက်နေ ပြည်သူများက ကျေးလက်လမ်းများ ကောင်းမွန်ရေး၊ မီးရရှိရေးကိစ္စများ၊ စိုက်ပျိုးရေရရှိရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကြရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းနှင့် သက်ဆိုင်ရာဌာနမှတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြကြောင်း သိရသည်။

**ရွှေကုက္ကို**

## သတင်းလမ်းညွှန်

### မြန်မာအမျိုးသမီးစီးပွားရေးအသင်း နှစ်ပတ်လည်ကျင်းပမည်

မြန်မာစီးပွားရေး စွမ်းဆောင်ရှင်များအသင်း၏ (၂၄) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို မေ ၁၃ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### မြန်မာ -ထိုင်းကုန်စည်ပြပွဲကြီး ကျင်းပမည်

နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရန်နှင့် စီးပွားရေးချိတ်ဆက်မှုများတိုးမြှင့်သွားနိုင်ရန်အတွက်ရည်ရွယ်ကာ မြန်မာ- ထိုင်းကုန်စည်ပြပွဲကြီးကို မေ ၁၆ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြပွဲကိုနေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

### Food & Hotel Myanmar 2019 ပြပွဲကြီး ကျင်းပမည်

ရန်ကုန်မြို့ Myanmar Expo ခန်းမ၌ (၆) ကြိမ်မြောက် နိုင်ငံတကာ အစားအသောက်နှင့် အဖျော်၊ ယမကာ၊ ဟိုတယ်၊ စားသောက်ဆိုင်၊ မုန့်ဖုတ်လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ရည်ရွယ်ကာ ဇွန် ၅ ရက်မှ ၇ ရက်အထိ Food & Hotel Myanmar 2019 ပြပွဲကြီးကို သာကေတမြို့နယ် မင်းနန္ဒာလမ်းနှင့် သုမနလမ်းထောင့်ရှိ Myanmar Expo Hall, Fortune Plaza ၌ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ယင်းအတွက် စာနယ်ဇင်းရှင်းလင်းပွဲကို မေ ၁၄ ရက် နံနက် ၁၀ နာရီတွင်း Fortune Plaza ၌ပင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

### စားသောက်ဆိုင်လုပ်ငန်းများ တိုးတက်ရေးဆွေးနွေးမည်

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (MRA) က ကြီးမှူး၍ မြန်မာ့စားသောက်ဆိုင်လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင်နေသော လုပ်ငန်းရှင်များနှင့် ဝါရင့်ပညာရှင်များက မေ ၁၉ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ အင်းလျားကန်ပေါင်ရှိ IBC ခန်းမ၌ Restaurant Chain Operations ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။

### ကမ္ဘာ့ပျားနေ့ အထိမ်းအမှတ်ပြပွဲကျင်းပမည်

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံပျားလုပ်ငန်းအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ကမ္ဘာ့ပျားနေ့ (World Bee Day 2019) အထိမ်းအမှတ်အဖြစ် ပျားရည်နှင့် ပျားထွက်ပစ္စည်းပြပွဲနှင့် ပျားရည်ပြိုင်ပွဲကို မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အင်းစိန်အနောက်ကြို့ကုန်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### တရုတ်- မြန်မာ မီဒီယာလက်ဖက်ရည်ဝိုင်းဆွေးနွေးမည်

ဆင်ဟွာသတင်းဌာန (ရန်ကုန် ဗျူရို)၏ ပထမအကြိမ် တရုတ်- မြန်မာ မီဒီယာလက်ဖက်ရည်ဝိုင်းဆွေးနွေးပွဲကို မေ ၂၁ ရက် မွန်းလွဲ ၃ နာရီတွင် ရန်ကုန်မြို့ပြည်ထောင်စုရိပ်သာလမ်းရှိ တရုတ်သံရုံး၌ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်- စုစည်းသည်**

# အသက်(၈၀)နှင့်အထက် အဘိုးအဘွားများ ပူဇော်ကန်တော့ပွဲ သန်လျင်၌ ကျင်းပ

**ရန်ကုန် မေ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်မှ အသက် (၈၀) နှင့်အထက် အဘိုးအဘွား ၁၃၀ တို့အား ပူဇော်ကန်တော့ပွဲကို မေ ၁၂ ရက် ညနေ ၅ နာရီတွင် ညောင်သုံးပင်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းတိုက်ပဓာန နာယကဆရာတော်ထံမှ သြဝါဒခံယူပြီး သက်ကြီးပူဇော်ပွဲကျင်းပရခြင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းက ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက မုဒိတာစကားပြောကြားပြီး အဘိုးအဘွားများအား ကန်တော့ချီးဖြင့် ပူဇော်ခဲ့ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကန်တော့ပစ္စည်းနှင့် အလှူငွေများပေးအပ်ကြကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

# မှုခင်းဖြစ်ပွားမှု လျော့နည်းစေရေး အသိပညာပေးဆောင်ရွက်

**နေပြည်တော် မေ ၁၂**

ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အေးမြင့်နိုင်က မေ ၁၁ ရက်က ကင်ပွန်းတန်းကျေးရွာအုပ်စု သဲကျွန်းကျေးရွာတွင် မှုခင်းအသိပညာပေး ဟောပြောသည်။

ထို့အတူ မေ ၁၁ ရက်က လယ်ဝေးမြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် ထွန်းထွန်းနိုင်၊ အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ဒုရဲအုပ် ကျော်လင်းထွန်းတို့က မှုခင်းကျဆင်းရေး၊ လူမှောင်ခို၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးတို့ကို ဟောပြောခဲ့ရာ ဒေသခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။



**ကျော်လှိုင်သင်း(နေပြည်တော်)**

### မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

တနင်္သာရီတိုင်း ဒေသကြီးတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ရာသီဥတုပြောင်းလဲခြင်း ဖြစ်စဉ်သည် ကုလသမဂ္ဂ၏ အဓိကရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာတစ်ရပ်ဖြစ်လာ

**ကုလသမဂ္ဂ မေ ၁၂**

သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်ပြီး ပြင်သစ်သဘောတူညီမှု စတင်အသက်ဝင်လာခဲ့ပြီးနောက် သုံးနှစ်အကြာတွင် ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်သည် ကုလသမဂ္ဂအဖွဲ့၏ အဓိကရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာတစ်ရပ် ဖြစ်လာသည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ပြောကြားခဲ့သည်။

လာမည့်ရက်သတ္တပတ်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် ပင်လယ်ရေမြင့်တက်လာမှုကြောင့် ပျောက်ကွယ်သွားနိုင်ဖွယ်ရှိသော နိုင်ငံများဖြစ်သည့် နယူးဇီလန်နိုင်ငံအပါအဝင် အခြားပစိဖိတ်ကျွန်းနိုင်ငံများသို့ မကြာမီ သွားရောက်မည်ဖြစ်သည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းကို အချိန်မီပြုပြင်နိုင်ခြင်းမရှိပါက ကမ္ဘာတစ်ဝန်းလုံးအတွက် ဘေးအန္တရာယ်ဆိုးတစ်ခုဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဂူတာရက်စ်က မီဒီယာသို့ ပြောကြားခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် မုန်တိုင်းတိုက်ခတ်မှုများ၊ ရေကြီးမှုများနှင့် အခြားသော ရာသီဥတုဘေးအန္တရာယ်ဆိုးများကို ခံစားခဲ့ရသည့် ဖီဂျီကျွန်းစု၊ တုဗာလုနှင့် ဗနွားတူနိုင်ငံများသို့ သွားရောက်ကာ သဘာဝဘေးအန္တရာယ်များကြောင့် အသက်ဆုံးရှုံးခဲ့သူများ၏ မိသားစုဝင်များအား တွေ့ဆုံကာ အားပေးစကားပြောကြားမည် ဖြစ်ကြောင်း သိရသည်။

ပစိဖိတ်ကျွန်းနိုင်ငံများသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကြောင့် သဘာဝဘေးအန္တရာယ်များနှင့် အများဆုံးရင်ဆိုင်နေရသည်။ ထို့ပြင် အချို့ကုန်းနိမ့်ဒေသများသည် ပင်လယ်ရေအောက်သို့နစ်မြုပ်ကာ ပျောက်ကွယ်သွားနိုင်သည်။

ဖီဂျီကျွန်းစုနိုင်ငံသည် သဘာဝဘေးအန္တရာယ်တားဆီးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေရသည့် အာရှ၊ အာဖရိကနှင့် ကာရေဘီယံကျွန်းများမှ နိုင်ငံပေါင်း ၉၀ ကျော်နှင့် ညွန့်ပေါင်းတစ်ရပ် ထူထောင်ရန် ကြိုးပမ်းလျက်ရှိသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်၏ ပစိဖိတ်ကျွန်းနိုင်ငံများသို့ သွားရောက်မည့် ခရီးစဉ်သည် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါကြောင်း ကုလသမဂ္ဂအဖွဲ့ဆိုင်ရာ ဖီဂျီသံအမတ်ကြီး ဆက်ယန်ဒရာ ပရာဆတ်က ဆိုသည်။

စက်တင်ဘာ ၂၃ ရက်တွင် နယူးယောက်မြို့၌ ကျင်းပမည့် ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးပွဲ၌ အနာဂတ်တွင် ဆောင်ရွက်မည့် ရာသီဥတုဆိုင်ရာ ရေရှည်စီမံကိန်းများနှင့်ပတ်သက်ပြီး တက်ရောက်လာကြသည့် ကမ္ဘာ့ခေါင်းဆောင်ကြီးများနှင့် ဆွေးနွေးသွားမည်ဖြစ်သည်ဟု ဂူတာရက်စ်က ဆိုသည်။



**အေအက်ဖ်ပီ**



# ဖန်နီကြောင့် အိန္ဒိယ၌ လူ ၄၃ ဦးသေဆုံး၊ ဒေါ်လာ ၇ ဘီလီယံ တန်ဖိုးရှိ စည်းစိမ်ဥစ္စာ ဆုံးရှုံးမှု ဖြစ်ပွား

**ဒေလီ မေ ၁၂**

မေ ၃ ရက်က အိန္ဒိယနိုင်ငံအရှေ့ဘက်ကမ်းရိုးတန်း၊ အဓိကအားဖြင့် ဩရိဿပြည်နယ်ရှိ ခရိုင် ၁၄ ခုစလုံးတွင် ဝင်ရောက်တိုက်ခတ်ခဲ့သည့် 'ဖန်နီ'အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူ ၄၃ ဦးသေဆုံးပြီး အိမ်ခြေ ၅၀၀၀၀ ခန့် ဖျက်ဆီးခြင်းခံခဲ့ရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံကျော်ရှိမည်ဟု ခန့်မှန်းထားကြောင်း ဩရိဿပြည်နယ်အစိုးရက ပြောကြားသည်။

အိန္ဒိယအစိုးရသည် အစားအစာများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများကို ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြသည့် လေဘေးသင့်ပြည်သူများသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများကို နဂိုမူလအတိုင်း အပြည့်အဝ ပြန်လည်ထူထောင်ရန် အချိန် ၁၀ နှစ်ခန့် ယူရမည်ဖြစ်ကြောင်း၊ လေဘေးသင့်ပြည်သူများ၏ နေ့စဉ်ဘဝ ပုံမှန်ပြန်လည်ထူထောင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ လေဘေးသင့်ဒေသများတွင် ဆက်သွယ်ရေးစနစ်များ ပြန်လည်တပ်ဆင်ခြင်း မရှိသေးသဖြင့် မုန်တိုင်းကြောင့် တိကျသော ပျက်စီးဆုံးရှုံးမှုစာရင်းကို တိတိကျကျမရရှိသေးကြောင်း စသည်ဖြင့် ဩရိဿပြည်နယ်ဆိုင်ရာ အထူးကူညီကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူ ဘစ်ရှ်နူပါဒါ ဆယ်သစ်ဒ်က ပြောကြားသည်။

အင်အားပြင်းထန်သည့် ဖန်နီမုန်တိုင်းသည် ဒေသတွင်း ပြည်သူ ၁၆ သန်းနေထိုင်ရာ ကျေးရွာပေါင်း ၁၈၀၆၈ ရွာတွင် တိုက်ခတ်မွှေနှောက်ခဲ့ခြင်းဖြစ်ရာ ယင်းမုန်တိုင်းကြောင့် အိမ်မွေးတိရစ္ဆာန် ဆုံးရှုံးမှုမှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ သန်းကျော်ရှိမည်ဟု ခန့်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ကိုးရက်ကြာသည့်အထိပင်လျှင် ဩရိဿပြည်နယ်၏ မြို့တော်ဘူဘနက်စ်ဝါနှင့် အိမ်နီးချင်း ပူရီခရိုင်တို့ရှိ နေရာအတော်များများတွင် လျှပ်စစ်မီးမရနိုင်သေးသလို သောက်သုံးရေဖြန့်ဝေမှုစနစ်လည်း တစ်သမတ်တည်းမဖြစ်နိုင်သေးကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်းကြောင့် အိန္ဒိယနိုင်ငံတွင် ဂေဟစနစ်၊ ငွေရေးကြေးရေးနှင့် အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ခန့်မှန်းထားသည့်ပမာဏထက် ပိုမိုများပြားကြောင်း၊ ဩရိဿပြည်နယ်တွင် ဂေဟစနစ်ဆိုင်ရာ ရေအိုင်နှစ်ခုရှိပြီး ယင်းရေအိုင်များမှာ မုန်တိုင်းဒဏ်ကြောင့် ကြီးမားစွာပျက်စီးခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံရွေးကောက်ပွဲ ဆက်လက်ကျင်းပ

**နယူးဒေလီ မေ ၁၂**

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီရှိ မဲဆန္ဒရှင်ပြည်သူများက မေ ၁၂ ရက်တွင် မဲရုံများသို့ သွားရောက်ကာ ဆန္ဒမဲများ အသီးသီးပေးခဲ့ကြကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ရွေးကောက်ပွဲကို အဆင့်ခုနစ်ဆင့်ဖြင့် ဧပြီ ၁၁ ရက်မှ မေ ၁၉ ရက်အထိ ကျင်းပလျက်ရှိပြီး အမတ်နေရာ ၅၄၃ နေရာအတွက် ရွေးချယ်ရမည်ဖြစ်သည်။

ဝန်ကြီးချုပ် မိုဒီ၏ ဘီဂျေပီပါတီသည် အတိုက်အခံ ကွန်ဂရက်စ်ပါတီနှင့် အဓိကယှဉ်ပြိုင်နေရသည်။

နယူးဒေလီမြို့ရှိ မဲရုံတစ်ရုံ၌ အမျိုးသားတစ်ဦးက အိန္ဒိယနိုင်ငံ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးချုပ်မိုဒီ၏ ဦးဆောင်မှုကို သဘောကျသည့်အတွက် ထောက်ခံမဲပေးခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

သို့သော် အတိုက်အခံပါတီအား ထောက်ခံမဲပေးခဲ့သည့် အမျိုးသမီးတစ်ဦးက နိုင်ငံတော်၏အခွင့်အာဏာအုပ်ချုပ်မှုစနစ်ကို ပြောင်းလဲရန် လိုလားကြောင်းနှင့် လူငယ်များအတွက် အလုပ်အကိုင်ဖန်တီးပေးမှု မရှိသည့်အတွက် လက်ရှိအစိုးရအဖွဲ့အား ပြစ်တင်ပြောကြားခဲ့သည်။

မေ ၁၁ ရက်မတိုင်မီ ခရိုင် ၄၂၅ ခုတွင် ဆန္ဒမဲပေးမှုလုပ်ငန်းစဉ် ပြီးဆုံးခဲ့ပြီ ဖြစ်ကြောင်းနှင့် ဆန္ဒမဲပေးသူ ၆၇ ရာခိုင်နှုန်းရှိကြောင်း ရွေးကောက်ပွဲကော်မရှင်က ဆိုသည်။

ယခုရွေးကောက်ပွဲတွင် မဲပေးသူအရေအတွက်သည် ငါးနှစ်အကြာက ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးသူအရေအတွက်နှင့် ကွာဟမှုမရှိကြောင်း သိရသည်။ ပြီးခဲ့သော ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်မိုဒီပါတီက ကွန်ဂရက်စ်ပါတီထံမှ အာဏာလွှဲပြောင်းရယူနိုင်ခဲ့သည်။

ယခုရွေးကောက်ပွဲတွင် ဘီဂျေပီပါတီအနေဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ထိမ်းရွက်နိုင်ရန် ပြည်သူများက အခွင့်အရေးတစ်ရပ် ပေးဦးမလားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

မေ ၂၃ ရက်တွင် နိုင်ငံတစ်ဝန်း၌ ဆန္ဒမဲများ ရေတွက်မည်ဖြစ်သည်ဟု ရွေးကောက်ပွဲကော်မရှင်က ဆိုသည်။

**အင်န်အိတ်ချ်ကေ**



# ဟိုတယ်တိုက်ခိုက်မှုအပေါ် ပါကစ္စတန်ဝန်ကြီးချုပ် အမ်မရန်ခန်း ရှုတ်ချ

**အစ္စလာမ္မာဘတ် မေ ၁၂**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဂွါဒါမြို့တော်ရှိ ဇိမ်ခံဟိုတယ်တစ်ခု အပေါ် အကြမ်းဖက်တိုက်ခိုက်ခြင်းမှာ နိုင်ငံ့စီးပွားရေးကို ထိခိုက်စေလိုသည့် အဖျက်အမှောင့်တစ်ခုဖြစ်ကြောင်း ဝန်ကြီးချုပ် အမ်မရန်ခန်းက ပြောကြားသည်။

တိုက်ခိုက်သူများ အားလုံးကို သုတ်သင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုပြောကြားခဲ့သည်။ တရုတ်နိုင်ငံ၏ ဒေါ်လာဘီလီယံချီတန်ကြေး ရှိသည့် အခြေခံအဆောက်အအုံ စီမံကိန်းတစ်ခုတွင် အချက်အချာ နေရာဖြစ်သည့် ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဂွါဒါမြို့တော်၌ မေလ ၁၁ ရက်တွင် အကြမ်းဖက်သမားများက ဇိမ်ခံဟိုတယ်တစ်လုံးကို တိုက်ခိုက်ခဲ့ပြီး လူတစ်ဦးကို ပစ်သတ်ခဲ့သည်။ ခွဲထွက်ရေးအုပ်စုတစ်ခုဖြစ်သည့် ဘလူချီစတန်လွတ်မြောက်ရေးတပ်မတော်(BLA)က တိုက်ခိုက်မှုမှာ ၎င်းတို့လက်ချက်ဖြစ်ကြောင်း တွစ်တာမှတစ်ဆင့် ဝန်ခံပြောကြားခဲ့သည်။



"ဘလူချီစတန်ပြည်နယ်က ဒီလိုတိုက်ခိုက်မှုတွေဟာ ကျွန်တော်တို့ရဲ့ စီးပွားရေးစီမံကိန်းတွေ၊ ကြွယ်ဝချမ်းသာမှုတွေအတွက် အဖျက်အမှောင့်ပြုလုပ်မယ့် ကြိုးပမ်းမှုတစ်ခုဖြစ်ပါတယ်။ ဒီလိုတိုက်ခိုက်မှုတွေကို ကျွန်တော်တို့ ခွင့်ပြုမှာမဟုတ်ပါဘူး" ဟု ပါကစ္စတန်ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်သည့် ကြေညာချက်တစ်ခုအတွင်း အမ်မရန်ခန်းက ပြောသည်။

အကြမ်းဖက်သမား လေးဦးကို ချေမှုန်းခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့များက ဟိုတယ်အဆောက်အအုံတစ်ခုလုံးကို ထိန်းချုပ်ခဲ့ကြောင်း ဂွါဒါရှိ ဒေသခံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။ အကြမ်းဖက်သမားမှာ သုံးဦးဖြစ်ကြောင်း အစောပိုင်းတွင် ပါကစ္စတန်တပ်မတော်က ပြောကြားခဲ့သည်။

တိုက်ခိုက်မှုများဖြစ်ပွားချိန်က ဟိုတယ်အတွင်း ဝန်ထမ်းများသာရှိခဲ့ကြောင်း ဂွါဒါမြို့တော်ရှိ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ မိုဟာမက်အစ္စလာမ်က အေအက်ဖ်ပီသတင်းဌာန သို့ ပြောကြားခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဆော်ဒီအာရေဗျနိုင်ငံ၌ အကြမ်းဖက်သမားဟု သံသယရှိသူ ရှစ်ဦးအား သုတ်သင်

**ရိယာဒ် မေ ၁၂**

ဆော်ဒီအာရေဗျနိုင်ငံအရှေ့ပိုင်း ရှီးယိုက်အမာခံနယ်မြေတစ်ခုဖြစ် သည့် ကာတစ်ဖ်ဒေသတွင် ယမန်နေ့က ရဲတပ်ဖွဲ့၏ စီးနင်းတိုက်ခိုက်မှုတစ်ခု အတွင်း အကြမ်းဖက်အဖွဲ့ဝင် ရှစ်ဦး သေဆုံးခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများက ဖော်ပြခဲ့သည်။

မကြာသေးမီက ဖွဲ့စည်းခဲ့သည့် အဆိုပါအဖွဲ့မှာ တိုင်းပြည်၏လုံခြုံရေးကို ထိခိုက်စေမည့် အကြမ်းဖက်လှုပ်ရှားမှုများ လုပ်ဆောင်ရန်ပြင်ဆင်နေကြောင်း လုံခြုံရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောကြားချက်ကိုကိုးကား၍ ဆော်ဒီသတင်း အေဂျင်စီက ဆိုသည်။ ဆန်နာဘစ်ဝန်းကျင်ရှိ လူနေတိုက်ခန်းတစ်ခုကို ဝန်းရံခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ကို အကြမ်းဖက်သမားများက စတင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

"သူတို့ကို လက်နက်ချဖို့ ဖျောင်းဖျခဲ့ပေမယ့် ငြင်းဆန်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ကို ပစ်ခတ်ခဲ့ပါတယ်။ အဲဒါကြောင့် အကြမ်းဖက်သမားတွေ သုတ်သင်ခံခဲ့ရတာပါ" ဟု ၎င်းက ပြောသည်။ စစ်ဆင်ရေးများအတွင်း အရပ်သား သို့မဟုတ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့ခြင်းမရှိဟု ၎င်းက ဆက်လက်ပြောကြားသည်။ ကာတစ်ဖ်ဒေသအပါအဝင် ဆော်ဒီအာရေဗျနိုင်ငံအရှေ့ပိုင်းတွင် ၂၀၁၁ ခုနှစ်နောက်ပိုင်း မငြိမ်မသက်မှုများ ဖြစ်ပွားလျက်ရှိသည်။ ဆန္ဒဖော်ထုတ်သူများက ဆွန်နီများလွှမ်းမိုးသည့် အစိုးရက ခွဲခြားဆက်ဆံခြင်းပြုလုပ်မှု အဆုံးသတ်ပေးရန် တောင်းဆိုခဲ့ကြသည်။

ဆန္ဒပြသမား၏ ခေါင်းဆောင်များအနက် တစ်ဦးဖြစ်သူ ထင်ရှားသော ရှီးယိုက် ဘာသာရေးခေါင်းဆောင် နီအာအယ်နီမာကို အကြမ်းဖက်မှုဝါဒကြောင့် ၂၀၁၆ ခုနှစ်တွင် ကွပ်မျက်ခဲ့သည်။ နီမာကိုကွပ်မျက်မှုက ဆော်ဒီအာရေဗျနှင့် ပင်လယ်ကွေ့ဒေသတစ်လျှောက်၊ ဒေသတွင်းပြိုင်ဘက် အီရန်နိုင်ငံတို့ကြား တင်းမာမှုများ ဖြစ်ပွားစေခဲ့သည်။-

**ကိုးကား-ပီတီအိုင်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# တောင်အာဖရိက ရွေးကောက်ပွဲတွင် အာဏာရ ANC ပါတီ အနိုင်ရ

**ဂျိုဟန်နက်စဘတ် မေ ၁၂**

တောင်အာဖရိကနိုင်ငံ ရွေးကောက်ပွဲတွင် အာဏာရ African National Congress (ANC)ပါတီက မဲဆန္ဒများ၏ ၅၇ ဒသမ ၅၁ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင် (IEC) က မေ ၁၁ ရက် ညနေပိုင်းတွင် ကြေညာခဲ့သည်။

အတိုက်အခံ Democratic Alliance (DA) ပါတီက မဲဆန္ဒများ၏ ၂၀ ဒသမ ၇၆ ရာခိုင်နှုန်းဖြင့် ဒုတိယ နေရာရရှိခဲ့ပြီး Economic Freedom Fighters (EFF) ပါတီက ၁၀ ဒသမ ၇၉ ရာခိုင်နှုန်းဖြင့် မဲဆန္ဒ တတိယအများဆုံး ရရှိခဲ့သည်ဟု တရားဝင်ရလဒ်များက ပြသခဲ့သည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများ စံချိန်တင်ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း လွှတ်တော်အတွင်း နိုင်ငံရေးပါတီ ၁၄ ခုသာ နေရာရရှိမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင် (IEC) ဥက္ကဋ္ဌ ဂလင်းမာရှီနီနီက ပြောကြားသည်။ ANC ပါတီအနေဖြင့် လွှတ်တော်တွင် အမတ်နေရာ ၂၃၀ နေရာ၊ DA ပါတီက ၈၄ နေရာနှင့် EFF ပါတီက ၄၄ နေရာ ရရှိမည်ဖြစ်သည်။

မဲဆန္ဒရှင်များ၏ ၉၇ ရာခိုင်နှုန်းက ရွေးကောက်ပွဲမှာ လွတ်လပ်ပြီး တရားမျှတကြောင်း၊ မဲပေးသည့်လုပ်ငန်းစဉ်မှာ လွယ်ကူကြောင်း တွေ့ရှိခဲ့သည်ဟု ရွေးကောက်ပွဲကော်မရှင်(IEC) က ပြောသည်။ တောင်အာဖရိကနိုင်ငံ၏ ဆဋ္ဌမအကြိမ်မြောက် ရွေးကောက်ပွဲမှာ အလွန်ရှုပ်ထွေးပြီး ပါဝင်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီများစွာရှိခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်(IEC)၏ ရွေးကောက်ပွဲအရာရှိချုပ် ဆိုင်မာမာဘိုလိုက ပြောသည်။ သမ္မတ ရာမာဖိုဆာက ရွေးကောက်ပွဲအတွင်း မဲထည့်ခဲ့ကြသည့် မဲဆန္ဒရှင် ၁၇ သန်းကျော်ကို ချီးကျူးခဲ့ပြီး ပြည်သူများ၏ မဲများက တန်းတူညီမျှမှုရှိသော အဖွဲ့အစည်းတစ်ခုပေါ်ပေါက်ရန်နှင့် လူမှု-စီးပွားရေးပြဿနာများမှ လွတ်မြောက်ရန်ဟု ပြောကြားခဲ့သည်။

ရွေးကောက်ပွဲ၌ မဲဆန္ဒပြုသော လူငယ်များအရေအတွက် ကျဆင်းသွားခဲ့သော်လည်း ပထမဆုံးအကြိမ် မဲထည့်ခဲ့သူများနှင့် လူမှုမီဒီယာများပေါ်တွင် ၎င်းတို့၏စိတ်အားထက်သန်မှုကို သမ္မတ ရာမာဖိုဆာက ချီးကျူးခဲ့သည်။ "အနာဂတ်အတွက်၊ တိုင်းပြည်အတွက် တာဝန်ယူခဲ့ကြတဲ့ ပထမဆုံးအကြိမ် မဲဆန္ဒပြုတဲ့ လူငယ်တွေကို ကျွန်တော်တို့ဂုဏ်ပြုပါတယ်" ဟု သမ္မတက ဆိုသည်။

ထို့အပြင် သမ္မတ ရာမာဖိုဆာက ရွေးကောက်ပွဲ တာဝန်ရှိသူများ၊ ပြည်တွင်း/ပြည်ပမှ စောင့်ကြည့်လေ့လာသူများကိုလည်း ချီးကျူးခဲ့ပြီး ရွေးကောက်ပွဲမှာ "တရားမျှတသော ရွေးကောက်ပွဲ" ဖြစ်သည်ဟု ပြောကြားခဲ့ သည်။



မေလ ၈ ရက်က တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့ရှိ ခရောဖို့ဒ်ကောလိပ်ရှိမဲရုံတစ်ခု၌ ပြည်သူများ မဲဆန္ဒပြုနေကြစဉ်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

»»» MNA လေကြောင်းလိုင်းမှ

"ဒီလေယာဉ်က မန္တလေးလေဆိပ်ကို ဆင်းခါနီးမှာ လေယာဉ်ရဲ့ Nose Landing Gear က အလုပ်မလုပ်ဘူး။ Normal Function မဖြစ်ဘူးလို့ သတင်းပို့ကာ လေထဲမှာပဲ ဆီကုန်အောင် ဝဲပျံပြီး အဆင်းမှာ နောက်ဘီးကို အရင်ချ၍ အရှိန်ကုန်သွားတဲ့အချိန်ကျမှ လေယာဉ်အရှေ့ပိုင်းကို အနည်းငယ်ငိုက်ပြီး ဆင်းသက်လာတဲ့အတွက် ပေ ၅၀၀၀ လောက်မှာ လေယာဉ်ဦးစိုက်အနေအထားနှင့် ရပ်တန့်သွားတယ်။ လေယာဉ်ပေါ်မှာ ခရီးသည် ၈၂ ဦးနဲ့ လေယာဉ်အမှုထမ်း ခုနစ်ဦးပါလာပြီး အားလုံး ထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ ဆင်းသက်နိုင်ခဲ့ပါတယ်။ ဒီလိုသတင်းကြားကြားချင်း အရေးပေါ်အစီအစဉ်တွေကို သက်ဆိုင်ရာ အဖွဲ့အစည်းတွေ အားလုံးက ကြိုတင်ဆောင်ရွက်ထားပြီး လိုအပ်တဲ့ အကူအညီတွေကို ပေးခဲ့ကြပါတယ်။ လက်ရှိအခြေအနေအရ ၄ နာရီလောက်အထိ ကွင်းပိတ်ထားမယ်လို့ ခန့်မှန်းထားပေမယ့် ကျွန်တော်တို့လေယာဉ်ကွင်းက ပေ ၁၄၀၀၀ လောက်အထိ ရှည်တဲ့အတွက် ကျန်တဲ့ ပေ ၉၀၀၀ လောက်မှာ သက်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးဦးစီးဌာနရဲ့ခွင့်ပြုချက်နဲ့ လေယာဉ်အသေးလေးတွေကို နံနက် ၁၁ နာရီခွဲကစပြီး ဆင်းသက်ဖို့ လုပ်နေပါပြီ။ ကျန်တဲ့ နိုင်ငံတကာလေယာဉ်ကြီးတွေ ဆင်းသက်နိုင်ဖို့အတွက် အခုဒီလေယာဉ်ကို ဖယ်ရှားဖို့ လုပ်နေပါပြီ။ ခန့်မှန်းအားဖြင့် ဒီနေ့ ညနေပိုင်းမှာ လေယာဉ်ကြီးတွေ ဆင်းသက်ဖို့ ဖွင့်ပေးနိုင်မှာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါလေယာဉ်တွင် စီးနင်းလိုက်ပါလာသူ မေ့ဆေးဆရာဝန် ဒေါက်တာစိုးမြင့်က "ကျွန်တော်တို့အဖွဲ့က စစ်ကိုင်းမြို့မှာရှိတဲ့ ဇီဝိတဒါနသံဃာ့ဆေးရုံမှာ လုပ်အားဒါနအဖြစ် ဆေးကုပေးဖို့လာခဲ့တာပါ။ လေယာဉ်က နံနက် ၈ နာရီ ၁၅ မိနစ်မှာ ဆင်းရမှာကို မဆင်းဘဲ တောင်နဲ့မြောက်ကိုပတ်ပြီး အမြန်နှုန်း မလျှော့ဘဲ မောင်းနေတာကို သတိထားမိတယ်။ အဲဒီအချိန်မှာ လေယာဉ်ဝန်ထမ်းတွေက လေယာဉ်၏ Nose Landing Gear က အလုပ်မလုပ်တဲ့အတွက် လေယာဉ်ကို ပတ်မောင်းနေရတယ်။ သိပ်တော့ စိတ်ပူစရာ မရှိဘူးလို့ လာပြောပြီးတော့ နံနက် ၉ နာရီလောက်မှ ဆင်းနိုင်ခဲ့တယ်။ လေယာဉ်ဆင်းသွားတာတောင် ထူးထူးခြားခြားသိပ်မရှိပါဘူး။ ဒီလို အရေးပေါ်အခြေအနေမှာ လေယာဉ်မှူးကြီးက စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပြီး ဆုံးဖြတ်ချက်မှန်ကန်စွာနဲ့ လုပ်သွားနိုင်ခဲ့ပါတယ်" ဟု ပြောသည်။

အဆိုပါလေယာဉ်မတော်တဆဖြစ်ပွားရာ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် လာရောက်ခဲ့ပြီး လေယာဉ်မတော်တဆဖြစ်ပွားခဲ့မှုအခြေအနေဖြင့် လေယာဉ်မတော်တဆမှုဖြစ်စဉ်တွင် ပါဝင်ခဲ့ကြသော ခရီးသည်များ၊ လေယာဉ်မှူးနှင့် အဖွဲ့သားများကို အားပေးစကားပြောကြားခဲ့ကြောင်းနှင့် လက်ရှိတွင် လေယာဉ်အား ပြေးလမ်းမှဖယ်ရှားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

○ ကျောဖုံးမှ

ပရီမီယာလိဂ်ဖလားရရှိရေးအတွက် ၂၉ နှစ်ကြာ စောင့်ခဲ့ရသော်လည်း ဒုတိယ နေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

အခြားသောပွဲစဉ်များတွင် အာဆင်နယ်အသင်းက ဘန်လေအသင်းကို သုံးဂိုး-တစ်ဂိုး၊ ခရစ္စတယ်ပဲလေ့အသင်းက ဘုန်းမောက်အသင်းကို ငါးဂိုး-သုံးဂိုး၊ နယူးကာဆယ်အသင်းက ဖူလ်ဟမ်အသင်း ကို လေးဂိုး-ဂိုးမရှိ၊ ကာဒစ်ဖ်အသင်းက မန်ယူအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဝက်စ်ဟမ်းအသင်းက ဝက်ဖို့ဒ်အသင်းကို လေးဂိုး-တစ်ဂိုး စသည်ဖြင့် အသီးသီးအနိုင်ရရှိခဲ့ပြီး လက်စတာစီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ပွဲစဉ်တွင် ဂိုးမရှိသရေ၊ ဆောက်သမ်တန်အသင်းနှင့် ဟက်ဒါဖီးလ်အသင်းတို့၏ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေ၊ စပါးအသင်းနှင့် အဲဗာတန်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေအသီးသီးရလဒ်များ ထွက်ပေါ်ခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ်များအားလုံး ယှဉ်ပြိုင်ကစားအပြီးတွင် မန်စီးတီးအသင်းက ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့ပြီး မန်စီးတီးအသင်း၊ လီဗာပူးအသင်း၊ ချယ်လ်ဆီးအသင်းနှင့် စပါးအသင်းတို့က လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမည် ဖြစ်ကာ အာဆင်နယ်အသင်းနှင့် မန်ယူအသင်း တို့မှာ ယူရိုပါလိဂ်ဝင်ခွင့်ရရှိမည်ဖြစ်သည်။ ကာဒစ်ဖ် အသင်း၊ ဖူလ်ဟမ်အသင်းနှင့် ဟက်ဒါဖီးလ်အသင်းတို့မှာ ပရီမီယာလိဂ်မှ တန်းဆင်းသွားခဲ့သည်။ **(ငွေကြယ်)**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



ငါးအိုး-မဘိမ်းကားလမ်းအရှေ့ဘက်ခြမ်းရှိ ဝါးရုံတောအတွင်းမှ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများအား တွေ့ရစဉ်။

**နေပြည်တော် မေ ၁၂**
ဖောင်းပြင်မြို့နယ် မိုင်းချောင်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၁ ရက် နံနက်ပိုင်းတွင် ဖောင်းပြင်မြို့နယ် မိုင်းချောင်းကျေးရွာအနီး မိုင်းချောင်း-သငါကျေးရွာ ကားလမ်းတွင် ကျော်ဝင်း မောင်းနှင်ပြီး ဘဝင်းလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဆပ်ပြာခွက် ၂၁ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ဂရမ် ၁၉၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု(၃၆)ပဲခူးမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ငူမြို့နယ် ရေပို့ကုန်းကျေးရွာ ငှက်ပျောတော ကျောင်းတိုက်ရှေ့ လမ်းပေါ်တွင် ရဲဝင်းနိုင်(ခ)ဂျပန်ကြီး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွဆေးပြား ၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ညနေ ၅ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု (၂၁) ကွမ်းလုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့ အမှတ်(၃)ရပ်ကွက် ဘုံခုနစ်ဆင့်လမ်းဆုံ အနီးတွင် တရုတ်နိုင်ငံသားများဖြစ်ကြသည့် ဇစ်ကျီဟောင်၊ ချိန်ချိန်နှင့် ချိုက်လွေ့တို့အား ရှာဖွေရာ ဘိန်းဖြူဘလောက်တုံး ရှစ်တုံး၊ ဘိန်းဖြူဘလောက်တုံးငယ် ၁၂၀ (စုစုပေါင်း ဘိန်းဖြူအလေးချိန် ၃ ဒသမ ၄ ကီလို)နှင့် တရုတ်နိုင်ငံသုံးယွမ်ငွေ ၂၀၀ တို့ကို လည်းကောင်း။

အလားတူ ညနေ ၄ နာရီ ၄၅ မိနစ်က မဘိမ်းမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် မအူကုန်းကျေးရွာနေ ဆန်းထွေး၏နေအိမ်ကို ရှာဖွေရန် ဝင်ရောက်စဉ် ၎င်းမှနေအိမ်၏ အရှေ့ဘက်ခြံစည်းရိုးစပ်သို့ လွယ်အိတ်တစ်လုံးကို လွှင့်ပစ်လိုက်၍စစ်ဆေးရာ ယင်းလွယ်အိတ်အတွင်းမှ စိတ်ကြွဆေးပြား ၂၄၅၀ နှင့် ဘိန်းဖြူ ၃၂ ဂရမ်တို့ကို လည်းကောင်း။

ညနေ ၆ နာရီခွဲတွင် မဘိမ်းမြို့နယ် ငါးအိုးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် ဥယျာဉ်ပုကျေးရွာ၏ အရှေ့တောင်ဘက် ငါးအိုး-မဘိမ်းကားလမ်း အရှေ့ဘက်ခြမ်းရှိ ဝါးရုံတောထဲတွင် မသင်္ကာဖွယ်ရာ ဆာလာအိတ်အထုပ်များ တွေ့ရှိကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ဆပ်ပြာခွက် ၁၇၀၆ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူအလေးချိန် ၁၇ ဒသမ ၀၆ ကီလို၊ စိတ်ကြွဆေးပြား ၂၃၄၀၀၀ နှင့် ငွေကျပ် ၂၀၃၀၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# စစ်လက်ကျန် ရှေ့ထွက်မိုင်းဟောင်း ၁၇ လုံး နန်ချွန်ချောင်းအတွင်း မြေကျင်းတူးရာမှ တွေ့ရှိ

**ရေတာရှည် မေ ၁၂**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် နန်ချွန်ချောင်းအတွင်း မြေကျင်းတူးရာမှ ဂျပန်စစ်လက်ကျန် ရှေ့ထွက်မိုင်းဟောင်း ၁၇ လုံးအား မေ ၁၁ ရက် ညနေ ၆ နာရီခန့်က တွေ့ရှိခဲ့ကြောင်း သိရသည်။

စစ်ကျန်လက်နက်ဟောင်းများ တူးဖော်တွေ့ရှိရကြောင်း သတင်းအရ ရေတာရှည်မြို့မရဲစခန်းမှ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ ဗိုလ်ကြီးဝေဖြိုးကျော်နှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ ဂျပန်စစ်လက်ကျန် ရှေ့ထွက်မိုင်း (အသုံးပြု၍ မရ) အရှည် ၄ ဒသမ ၅ လက်မ၊ လုံးပတ် ၅ ဒသမ ၅ လက်မခန့် ၁၇ လုံးကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

တောင်ငူမြောက်ပိုင်းဒေသများဖြစ်သည့် ဝက်ခေါက်စိန်၊ ဖောင်ဆိပ်၊ နှစ်ဆောင်ပြိုင်ကျေးရွာများနှင့် ရေတာရှည်မြို့နယ်အတွင်းရှိ စိုင်တမော့ကြီး၊ တောင်နန်ချွန်၊ မြောက်နန်ချွန်၊ နန်ချွန်သစ်တောကျောင်း၊ ဖျံချောင်းကျေးရွာဒေသဝန်းကျင်တွင် အရိုးစုများ၊ စစ်လက်နက်ပစ္စည်းဟောင်းများကို မကြာခဏတွေ့ရှိတတ်ကြောင်း ဒေသခံများက ပြောသည်။

**ကိုသန်းလွင်**



# ကော့သောင်းမြို့၌ လူသတ်မြေမြှုပ် အလောင်းဖျောက်သူအား ဖမ်းဆီးအရေးယူ

**ကော့သောင်း မေ ၁၂**
ကော့သောင်းမြို့၌ လူသတ်မြေမြှုပ်အလောင်းဖျောက်ထားမှု ဖြစ်စဉ်တစ်ခု ယမန်နေ့ နံနက်ပိုင်းက ဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း ကော့သောင်းမြို့မရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ဖြစ်စဉ်မှာ စန်းမင်းအောင်သည် ကော့သောင်းမြို့နယ် ချောင်းဖျားကြီးကျေးရွာ ၉ မိုင် ဆီအုန်းခြံအတွင်း ဓားကောက်ဖြင့် လူတစ်ဦးအားသတ်၍ မြေမြှုပ်ထားကြောင်း ရဲတပ်ဖွဲ့သို့ လာရောက်အဖမ်းခံ ထွက်ဆိုသဖြင့် အဆိုပါနေ့က စခန်းမှူး၊ မြို့နယ်တရားသူကြီး၊ မှုခင်းဆရာဝန်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ သွားရောက် တူးဖော်စစ်ဆေးခဲ့ရာ သေဆုံးသူ မောင်ဇော် (နေရပ်စုံစမ်းဆဲ) ၏အလောင်းအား ဦးခေါင်းပြတ်အနေထားဖြင့် တူးဖော်တွေ့ရှိရသဖြင့် ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာ သုသာန်တွင် မီးသဂြိုဟ်ခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ လူသတ်မြေမြှုပ်အလောင်းဖျောက်ထားသူ စန်းမင်းအောင်အားကော့သောင်းမြို့နယ်ရဲတပ်ဖွဲ့က အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# တရုတ်နိုင်ငံသားတစ်ဦး ဓာတ်အားလိုင်းသွယ်တန်းစဉ် ဓာတ်တိုင်ပေါ်မှ ပြုတ်ကျသေဆုံး

**ထီးချိုင့် မေ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် လေသာကျေးရွာအနီးတွင် မေ ၁၁ ရက်က နဘား-အုန်းတောလျှပ်စစ် မဟာဓာတ်အားလိုင်း သွယ်တန်းနေစဉ် တရုတ်နိုင်ငံသားတစ်ဦး လျှပ်စစ်ဓာတ်တိုင်ပေါ်မှ ပြုတ်ကျသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၁ ရက် မွန်းတည့် ၁၂ နာရီခန့်က ထီးချိုင့်မြို့နယ် အလယ်တောနယ်မြေရဲကင်းစခန်းမှူးရဲအုပ် ဗိုလ်ဗိုလ်အောင် ဦးစီးသောရဲတပ်ဖွဲ့ဝင်များသည် လူတစ်ဦးလျှပ်စစ်ဓာတ်တိုင်ပေါ်မှပြုတ်ကျကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ တရုတ်လူမျိုး ရှောင်နီ၊ Central China Power ကုမ္ပဏီတွင် လုပ်ကိုင်သူသည် ထီးချိုင့်မြို့နယ် လေသာကျေးရွာအနီး နဘား-အုန်းတော လျှပ်စစ်မဟာဓာတ်အားလိုင်းသွယ်တန်းနေစဉ် မိုင်တိုင်အမှတ်(၁၀၇)နေရာတွင် အမြင့်ပေ ၁၀၀ ခန့်ရှိ လျှပ်စစ်ဓာတ်တိုင်ပေါ်မှ ခါးပတ်ကြိုးပြတ်ကာ ပြုတ်ကျသေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ပွင့်ဖြူမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၈၇ လုံး ပျက်စီး

**ပွင့်ဖြူ မေ ၁၂**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆင်လူးကျေးရွာ၌ မေ ၁၁ ရက် ညနေ ၄ နာရီခန့်က လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး လူနေအိမ် ၈၇ လုံး အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဝိုင်းဝန်းကူညီဆောင်ရွက်**

ဖြစ်စဉ်မှာ မေ ၁၁ ရက် ညနေ ၄ နာရီက ပွင့်ဖြူမြို့နယ် ဆင်လူးကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၈၇ လုံး အမိုးလန်ပျက်စီးမှုဖြစ်ပွားခဲ့ပြီး အဆိုပါထိခိုက်ပျက်စီးသည့်နေအိမ်များအား မြို့နယ်



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးရွာနေပြည်သူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



ရန်ကုန်မြို့ရန်ကင်းမြို့နယ် ၁၁ ရပ်ကွက် သစ္စာလမ်းတွင် မေ ၉ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ရန်ကင်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ဉာဏ်လင်းသန်းနှင့်အဖွဲ့က ရပ်ကွက်နေပြည်သူများအား မှုခင်းပညာပေး ရှင်းလင်းစဉ်။

နိုင်စိုး

# မိုင်းပျဉ်းမြို့နယ်၌ ခရီးသည်တင်ယာဉ် ချောက်ထဲထိုးကျ၊ ငါးဦးသေဆုံး

**မိုင်းပျဉ်း မေ ၁၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ ပိန်းဆန်းရပ်ကွက် တာချီလိတ်-ကျိုင်းတုံ-တောင်ကြီးသွားပြည်ထောင်စုကားလမ်းမကြီးပေါ် မိုင်တိုင်အမှတ် (၃၃၆/၆)နှင့် (၃၃၆/၇) အကြားတွင် မေ ၁၂ ရက် နံနက် ၆ နာရီက ခရီးသည်တင်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲထိုးကျခဲ့ပြီး ငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ ယာဉ်မောင်း သီဟ(ခ)သီဟဆွေ တောင်ကြီးမြို့နေသူ မောင်းနှင်သည့် 7L/------ Nissan မှန်လုံယာဉ်သည် မိုင်းပျဉ်းမြို့အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာတွင် အရှိန်မထိန်းနိုင်ဘဲ ပေ ၅၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်မှု ဖြစ်ပွားရာ ယာဉ်ပေါ်ပါ ရှစ်ဦးအနက် ယာဉ်မောင်းအပါအဝင် ခရီးသည်ငါးဦးသေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် မိုင်းပျဉ်းမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မိုင်းပျဉ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မေတ္တာမိုး၊ သွန်းဖြိုးစွေကာရွာ

ဆူးငှက်



**"နွယ်ပန်းသွယ်တန်း၊ ချိုးသန်းယုက်လိမ် ပြာရီမိန်လာ မြခဲပုလဲသန္တာ... တိမ်ဆေးစုံ၊ ခြယ်လှယ်မှုန်းကာ .... ထစ်ချုန်းတံပိုး၊ မရိုးစည်၊ ဆော်ညိုးညံ၊ သာညင်းသာ ....**

**မေဃဝန်ရေတံခွန် ... မေတ္တာမိုး၊ သွန်းဖြိုးစွေကာရွာ ...."**

**(မြို့မငြိမ်း - မေတ္တာမိုးရေ)**

### ကဆုန် နယုန် ဆွေ့ဆွေ့ခုန်

တကယ်တော့ အညာဒေသမှာက ကဆုန်ဆိုတာ ခြစ်ခြစ်တောက်အပူရှိန်ဖြင့် ဆွေ့ဆွေ့ခုန်နေရသော ကာလဖြစ်သည်။'ကဆုန် နယုန် ဆွေ့ဆွေ့ခုန်' သတဲ့ ။ 'နယုန်မိုးသေး၊ မြက်သားမွေး' တဲ့။ နယုန်ရောက်ပါမှ မိုးဖွဲဖွဲရွာစေသည်။ တစ်ခါတစ်ရံ မပြောမဆိုနှင့် မိုးသားတွေ အုံ့မှိုင်းဆိုင်းတက်လာချင် လာတတ်သည်။ သည်လိုဆိုလျှင် ရန်ကင်းတောင်နှင့် ရိုးမကြားကောက်ကြောင်းပျောက်ကာ ခဲသားရောင်ထူပြိန်းနေတတ်သည်။ အရင်ကတော့ ကဆုန်လဆန်း ၁၄ ရက် သဲပုံစေတီပွဲအခါသမယမှာသာ မိုးရွာသည်ဟု လူကြီးသူမတွေပြောခဲ့ဖူး၏။ အခုတော့ မဟုတ်ပေါင်...။ မရွာမှနေရော..၊ ရွာပြန်လျှင်လည်း ရွာပုံရွာနည်းကလည်း အရင်ကရွာပုံမျိုး မဟုတ်တော့ ....။ အယ်လ်နီညိုနှစ်တဲ့။ လေရော မိုးရော မိုးသီး မိုးကြိုးရော မထင်မှတ်ဘဲ ရုတ်ခြည်းတိုက်စစ်ဆင်လာပုံမျိုးဖြစ်သည်။ 'ရှစ်ခွင်တိုင်း အုံ့မှိုင်းမည်းညို' ဟု ပြောရမလို ....။ ဒေါသတကြီး ....။

အသူရာနှင့်သိကြားမင်း စစ်ခင်းပုံကလည်း ပြီးမပြီးနိုင် ....။ ငယ်စဉ်ကတည်းက အခုလို မိုးတွေညို့လာရင်ဖြင့် ... တံစက်မြိတ်မှ မိုးစက်ဖြောက်ဖြောက်သံတွင် အမေ့ရင်ခွင်ကြားတိုးဝှေ့ပြီး 'အသူရာနှင့်သိကြား' စီးချင်းထိုးကြ၊ အုံနှင့်ကျင်းနှင့် အသိုင်းနှင့်အဝိုင်းနှင့် စစ်ခင်းကြသည့် ပုံပြင်ကို နားထောင်ရတာ အရသာရှိလှသည်။ ငယ်ငယ်ကတည်းက စစ်ပွဲ ....။ အခုထိ မပြီးစီးနိုင်တော့ ...။ နှစ်ပေါင်း ၆၀ ကျော် ကြာလုပေါ့။

### ဝရဇိန်လက်နက်ကို ပန်းထိမ်မှာပြင်ထားလေသလား

သိကြားမင်းက သူ့ဝရဇိန်လက်နက်ကို ပန်းထိမ်မှာ ပြင်ထားလေသလားဟု အငေါ်တူးစကား ဆိုလာသူတွေကို ချေပလိုဟန်ထင့်။ ထစ်ခနဲရှိ ... အသူရာကိုပင် တဒိန်းဒိန်းပစ်ခတ်နေပြန်၏။ ကောင်းကင် တစ်ခွင်လုံး ဝင်းခနဲ လက်ခနဲ ....။ ထို့နောက် ထစ်ချုန်းသံတွေ ပေါက်ကွဲမြည်ဟည်း ...။ အရင်က မိုးကလေးစိမ့်တာနှင့် အိမ်ပိတ်၊ ဆိုင်ပိတ်၊ ကျောင်းနား၊ အလုပ်နားကာ မိုးကို မုန်းမိုးစွေခဲ့သော မန္တလေးလည်း အခုတော့ ဘာတတ်နိုင်သေးလဲ ...။ သည်မိုးမှောင်တုန်း မောင်ပုန်းလို့လည်း မရ ...။ ပြိုမှာလေလား မိုးရဲ့လို့ ငြိုးမာန်ဖွဲ့လို့လည်း မရ ...။ မိုးရွာထဲ မိုးကြိုးမုန်တိုင်းထဲ လျှပ်စစ်မီးမဲ့ မှောင်မိုက်မည်းမှာလည်း စားသုတ်သုတ်၊ သွားသုတ်သုတ်၊ လာသုတ်သုတ်...၊ အလုပ်လုပ်ပေဦးရော .....။

မိုးအေးသောကြောင့် အပူလျော့သည်။ ဒါက ဝမ်းသာစရာ .....။ မိုးအေးသောကြောင့် ဆည်ရေကန်ချောင်းပြည့်ဖောင်းသည်။ ဒါလည်း ဝမ်းသာစရာ ...။ မိုးအေးသောကြောင့် မီးရေးထင်းရေး စိတ်အေးရ၏။ ဒါလည်း ဝမ်းသာစရာ .....။ မိုးကြောင့် ရုပ်ဝတ္ထုအပူတွေလျော့ပါး၊ အေးမြသွားတာ ဝမ်းသာစရာချည်းဖြစ်၏။

သည်မိုးကြောင့် ရင်တွင်းအပူတွေလည်း လျော့ပါးစေချင်သည်။ သည်မိုးကြောင့် လောဘအပူ၊ မောဟအပူ၊ ဒေါသအပူတွေလည်း လျော့ပါးစေချင်၏။ လျော့ပါး ....၊ လျော့ပါး ....၊ ဖြည်းဖြည်းချင်းပျောက်ကွယ်.....။

ဒါမှ ... မေတ္တာမိုးရေအစစ်အမှန်ဖြစ်ချေမည်။

မိုး .... မိုး .... ရွာလိုက်ပါတော့ မိုး .....။

ရွာသောမိုးတိုင်း မေတ္တာမိုးရေမိုးစက်များချည်းဖြစ်လိုက်စမ်းပါဘိ ....။

ဂျိုးဂျိုးဂျိမ့်ဂျိမ့် ထစ်ချုန်းမြည်ဟည်းလာပြန်သည်။ ဝရဇိန်လက်နက်က တဝင်းဝင်း ....၊ အသူရာနှင့် သိကြားမင်းလည်း စစ်ခင်း၍ မပြီးနိုင်သေး ....။ ကြာပဲ ကြာလုချည့် ......။ ။

မည်သို့ဆိုစေ...၊ နှစ်သစ် စနစ်သစ်မှာ မေတ္တာမိုးရေ ဖြိုင်ဖြိုင် သွန်းဖြိုးစေလိုတော့သည်။

### မေတ္တာမိုး

နွယ်ပန်းသွယ်တန်း ချိုးသန်းယုက်လိမ် ပြာရီမိန်လာ

မြခဲပုလဲသန္တာ... တိမ်ဆေးစုံ၊ ခြယ်လှယ်မှုန်းကာ ....

ထစ်ချုန်းတံပိုး၊ မရိုးစည်၊ ဆော်ညိုးညံ၊ သာညင်းသာ ....

မေဃဝန်ရေတံခွန် ... မေတ္တာမိုး၊ သွန်းဖြိုးစွေကာရွာ ....

သဘာဝအကြည်နူးတဲ့ကာ သားမျိုးငှက်မျိုး အပေါင်းတို့ပါ

ချစ်တေး အေးအေးမြမြ သီကာသီကာ ပျော်ရွှင်ကြတာ...

ပသာဒစက္ခုရှုခင်း တောတောင်ရေမြေ သာသာယာယာ

ခက်ဖြာညွန့်ဝေ မိုးရေဆွတ်ဖျန်း လန်းဆန်းစိုပြည်စွာ။

ဥဒ္ဒိသ ရည်ရွယ် ပတ္ထနာ မေတ္တာရေထူး မိုးသို့နှုန်းကာ

အပူမောင်းထုတ်နှင်မှာ အစဉ်ချမ်းမြေ့ကြည်သာ...

လိုတရ စိတ်တိုင်းကျကာ သောကကင်းဝေး မာမာဆာဆာ ကိုယ်စိတ်ချမ်းသာ ဆင့်ကာမြင့်လျက်တိုးတက်ကျက်သရေဖြာ..။

**(မြို့မငြိမ်း- မေတ္တာမိုးရေ)**

[မြို့မငြိမ်းက မြို့မအသင်းအတွက် မေတ္တာပို့သီချင်းလေးပုဒ် ရေးစပ်ပေးခဲ့သည်။ အဆိုပါ လေးပုဒ်မှာ ပို့သမြို့မေတ္တာ (မေတ္တာပို့အမှတ်-၁)၊ မေတ္တာမိုးရေ (မေတ္တာပို့အမှတ်-၂)၊ ထပ်တရာလန်း (မေတ္တာပို့အမှတ်-၃)၊ စန်းကြည်(မေတ္တာပို့အမှတ်-၄)တို့ဖြစ်ပါသည်]



---



## မယ်ဆိုင်ချောင်းရေစီးရေလာကောင်းမွန်ရေး စုပေါင်းရှင်းလင်းရေးပြုလုပ်

**တာချီလိတ် မေ ၁၂**

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ် တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့အကြား ဖြတ်သန်းစီးဆင်းလျက်ရှိသည့် မယ်ဆိုင်ချောင်း ရေစီးရေလာကောင်းမွန်ရေး၊ ချောင်းရေကို နှစ်ဖက်မျှတစွာ အသုံးပြုနိုင်ရေးအတွက် ချောင်းအတွင်း ရှင်းလင်းမှုကို မေ ၁၁ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ယင်းမယ်ဆိုင်ချောင်းအတွင်းရှိ အမှိုက်များရှင်းလင်းခြင်း၊ ချောင်းကောနေသည့်နေရာများအား နုန်းသဲကျောက်များနှင့် သစ်ငုတ်များ တူးဖော်ခြင်းတို့ကို ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးဌာန၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆန်ဆိုင်း (ခ)ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့များက နယ်ခြားမှတ်တိုင်အမှတ် ၄၆၅ မှ ၄၇၃ အတွင်း၌ စုပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါချောင်းမှ ထိုင်းနိုင်ငံရှိ လယ်သမားများက ရေသွယ်မြောင်းပြုလုပ်၍ ရေသွယ်ယူခြင်းများကြောင့် ရေစီးကြောင်းပြောင်းလဲခြင်းကို ကာကွယ်နိုင်ရေး၊ ရေစီးရေလာပုံမှန်ဖြစ်စေရေး၊ တိမ်ကောနေရာများတွင် ဘက်ဟိုးဖြင့် တူးဖော်ပေးသည်။

တာချီလိတ်မြို့တွင် မိုးတွင်းကာလမိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပါက တောင်ကျချောင်းရေများပြားပြီး ချောင်းရေမြင့်တက်မှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များ၌ ရေကြီးရေလျှံမှုများ မဖြစ်စေရေး ကြိုတင်ကာကွယ်မှုအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

ကြေးမုံ
မေ ၁၃၊ ၂၀၁၉

## ရှွေလျားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**လွိုင်လင် မေ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ ကျူဗော်ကျေးရွာအနီး တောင်ထိပ်စေတီတော်နှင့်ဓမ္မာရုံတို့၌ ရှွေလျားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးသည့်နေရာသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများသည် မေ၁၁ ရက် နံနက်ပိုင်းကတက်ရောက်အားပေးခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးစကားဝိုင်းများဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများသည် ရှွေလျားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့်ဌာနဆိုင်ရာ ပြခန်းများကို လိုက်လံကြည့်ရှုအားပေးကာ ကျေးလက်နေပြည်သူများအသိပညာဗဟုသုတရရှိစေရန်ကျယ်ကျယ်ပြန့်ပြန့်ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍စေတီတော်ဓမ္မာရုံ၌ ကျေးလက်နေဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသ၏လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများနှင့်ပတ်သက်ပြီး တွေ့ဆုံကာ စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**လွိုင်လင်မိုး(ပြန်/ဆက်)**





## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု

**ရွှေဘို မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်သည် ရွှေဘိုခရိုင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ လိုက်ပါ၍ မေ ၁၁ ရက် နံနက် ၉ နာရီက ခင်ဦးမြို့နယ် အညာသီဟတောဘုရားသို့ ရောက်ရှိဖူးမြော်ကြည်ညိုကာ ဘုရားရင်ပြင်တော်မြေနိမ့်ကျမှု ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ခင်ဦး-သင်ပေါင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ရွှေဘို-မြစ်ကြီးနား လမ်းဘေးရှိ ရွှေဘို ၂၃၀ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးကာ ၂၀၁၉ ခုနှစ်အတွင်းပြီးစီးရေး လမ်းညွှန်မှာကြားခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**

## တရားရုံးစစ်တမ်းများ ကောက်ယူခြင်း သင်တန်းဖွင့်လှစ်

**မန္တလေး မေ ၁၂**

နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်အတွက် တရားရုံးစစ်တမ်းများ ကောက်ယူခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ မေ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားရာ၌ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ မဟာဗျူဟာလုပ်ငန်းနယ်ပယ် ၅ ၏ မဟာဗျူဟာရည်မှန်းချက် ၅-၁ အရ နိုင်ငံတစ်ဝန်း တရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် Case Management Program အား စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်များ၏ ဒုတိယအဆင့်အဖြစ် ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်တွင် ခရိုင်တရားရုံးငါးရုံးနှင့် မြို့နယ်တရားရုံး ၄၃ ရုံးတို့ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဤရုံးများအနက် မန္တလေးခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများကိုလည်း လာမည့် ဇူလိုင် ၁ ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပါဝင်၍ တရားရုံးများ၏ အခြေခံအချက်အလက်များ ကောက်ယူရမည်ဖြစ်သဖြင့် သင်တန်းများဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ပြီးပြတ်သည့် အမှုတွဲများအား စစ်တမ်းကောက်ခြင်း၊ စစ်ဆေးဆဲအမှုတွဲများအား စစ်တမ်းကောက်ခြင်း၊ တရားရုံးအသုံးပြုသူများအား စစ်တမ်းကောက်ခြင်းများကို သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ ထိုသို့ စစ်တမ်းကောက်ယူခြင်းဖြင့် ပြည်သူလူထု၏ တရားရုံးများအပေါ် ယုံကြည်ကိုးစားမှုကိုလည်း လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများကလည်း အလေးဂရုပြု မှတ်သားလိုက်နာစေချင်ကြောင်း၊ ပြည်သူများယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ဖြစ်အောင် ကြိုးစားကြရန် ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ခင်ခင်ချိုနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ Trainer ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်နှင့် USAID-PRLM မှ သင်တန်းဆရာ ဆရာမများ၊ သင်တန်းသားများအဖြစ် မန္တလေးခရိုင်တရားရုံး၊ အောင်မြေသာစံမြို့နယ်တရားရုံး၊ မဟာအောင်မြေမြို့နယ်တရားရုံး၊ ချမ်းမြသာစည်မြို့နယ်တရားရုံး၊ ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ အမရပူရမြို့နယ်တရားရုံး၊ ပုသိမ်ကြီးမြို့နယ်တရားရုံးများမှ တရားရေးအရာရှိများနှင့် တရားရုံးဝန်ထမ်းများ စုစုပေါင်း ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁၁ ရက်မှ ၁၂ ရက်အထိ နှစ်ရက်ကြာ ပို့ချခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



## ကျေးလက်ရေရရှိရေးဖွင့်ပွဲ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ပွင့်ဖြူ မေ ၁၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် နဘဲကုန်းကျေးရွာတွင် ကျေးလက်နေပြည်သူများ ရာသီမရွေး သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးသည့် ကျေးရွာရေရရှိရေးဖွင့်ပွဲကို မေ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါ နဘဲကုန်းကျေးရွာ အဝီစိစက်ရေတွင်းအနီး ယာယီမဏ္ဍပ်၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညိုက အဖွင့်အမှာစကား ပြောကြားပြီး ကျေးရွာရေရရှိရေးအလှူရှင် ၁၉၇၆-၁၉၈၂ ခုနှစ် ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ကျောင်းသားကျောင်းသူများအဖွဲ့မှ အဖွဲ့ဝင် ဒေါက်တာဒေါ်ဉမ္မာခိုင်က ကျေးရွာရေရရှိရေးအတွက် လှူဒါန်းပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်က နဘဲကုန်းကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပွင့်ဖြူမြို့နယ် နဘဲကုန်းကျေးရွာသည် အိမ်ခြေ ၁၈၈၊ လူဦးရေ ၇၇၅ ဦးရှိပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီပံ့ပိုးမှု၊ ယူနီဆက်အဖွဲ့က ငွေကျပ် ၁၆ ဒသမ ၉၅ သန်း တန်ဖိုးရှိ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းခြင်း၊ ၁၉၇၆ - ၁၉၈၂ ခုနှစ် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ကျောင်းသား ကျောင်းသူများက ငွေကျပ် ၁၃ သန်း ထည့်ဝင်လှူဒါန်း၍ လေးလက်မစက်ရေတွင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့် ရေစင်နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းပေးခဲ့သည်၊ အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်းအား ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## ကမ္ဘာ့ပန်းနာရင်ကျပ်ရောဂါနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မန္တလေး မေ ၁၂**

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ရင်ခေါင်းဆေးကုဌာနနှင့် ဆေးကုမ္ပဏီများ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ပန်းနာရင်ကျပ်ရောဂါအထိမ်းအမှတ်နေ့ (World Asthma Day2019) အခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ရတနာပုံခန်းမ၌ ကျင်းပသည်။

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ရင်ခေါင်းဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာအေးဝင်းဆက်က ပန်းနာရင်ကျပ်ရောဂါအကြောင်း သိကောင်းစရာကိုလည်းကောင်း၊ ရင်ခေါင်းဆေးကုဌာနမှ ဆရာဝန်ကြီး ဒေါက်တာဝေဝေအေးက ပန်းနာရင်ကျပ်ရောဂါနှင့် မှားယွင်းသောအယူအဆများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာ ရတနာထွန်းက ပန်းနာရင်ကျပ်ရှူဆေးဘူးစနစ်တကျသုံးစွဲနည်းများကို ပညာပေးဟောပြောပြီး တက်ရောက်လာသူများ၏ မေးခွန်းများကို ပြန်လည်ဖြေကြားသည်။

ပန်းနာရင်ကျပ်ရောဂါသည် ဖုန်အမှုန့်များ၊ စူးရှသောအနံ့များ၊ မီးခိုးငွေ့များ၊ တိရစ္ဆာန်အမွေးအမှင်များ၊ ပန်းရနံ့ဝတ်မှုန်များ၊ စွတ်စိုထိုင်းမှိုင်းသော လေများ၊ အပူအအေးလွန်ကဲခြင်းများ၊ နှာစေးခြင်း၊ အအေးမိခြင်း၊ တုပ်ကွေးဖျားနာခြင်းကြောင့် ရောဂါကြွစေတတ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ချီးမြှင့်ပွဲကျင်းပ

**ပဲခူး မေ ၁၂**
ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ဦးဆောင်၍ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြုလုပ်သော ပဥ္စမအကြိမ်မြောက်ကမ္ဘာ့ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုတွင် စည်းကမ်းလိုက်နာသူများအား ဆိုင်ကယ်စီးဦးထုပ်များချီးမြှင့်ခြင်း အခမ်းအနားကို ပဲခူးမြို့သနပ်ပင်လမ်း လိပ်ပြာကန်ရှေ့တွင် မေ ၁၂ ရက်နံနက် ၈ နာရီက ကျင်းပခဲ့သည်။



ပဥ္စမအကြိမ်မြောက် ကမ္ဘာ့ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒေါ်မိုးမိုးခိုင်ကရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများက စည်းကမ်းလိုက်နာသူများအား ဆိုင်ကယ်စီးဦးထုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရက်သတ္တပတ်လှုပ်ရှားမှုတွင် ပါဝင်လှုပ်ရှားသောအသင်းအဖွဲ့များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ စတစ်ကာများကပ်ပေးခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ ပဥ္စမအကြိမ်မြောက် ကမ္ဘာ့ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို မေ ၆ ရက် မှ ၁၂ ရက်အထိ အ-ထ-က (၃) ခုံးကျော်တံတားရှေ့၊ ပဲခူးတက္ကသိုလ်ရှေ့ ကလိကျေးရွာ၊ လိပ်ပြာကန်ရှေ့ ဆည်မြောင်းလမ်းဆုံ၊ ဘုရားဈေးရှေ့ ဈေးကြီးရှေ့နှင့် အစိုးရအဖွဲ့ရုံးရှေ့စသည့်ပဲခူးမြို့ပေါ်ရှိ နေရာအသီးသီးတွင် နေ့စဉ်နံနက် ၇ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ တစ်နေ့လျှင် နှစ်ကြိမ် ပဲခူးတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီဝင်များနှင့် ဒေသတွင်း လူမှုအဖွဲ့အစည်းများ ပူးပေါင်းပြီး မော်တော်ယာဉ်များ၊ ဆိုင်ကယ်များအား ပညာပေး လက်ကမ်းစာစောင် ၇၄၀၀၀၊ စတစ်ကာ ၄၂၀၀၀ ကျော် ဖြန့်ဝေကပ်ပေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုများအနေဖြင့် ၂၀၀၇ ခုနှစ်တွင်ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်တွင်ဒုတိယအကြိမ်၊ ၂၀၁၅ ခုနှစ်တွင် တတိယအကြိမ်၊ ၂၀၁၇ ခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ်ဆောင်ရွက်ခဲ့ပြီး ယခု၂၀၁၉ခုနှစ်တွင် ပဥ္စမအကြိမ်အဖြစ် ကမ္ဘာတစ်ဝန်းလုံး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ကျန်းမာရေးစောင့်ရှောက်သည့်လုပ်ငန်းများကို ဦးဆောင်ကြိုးပမ်း

**ထားဝယ် မေ ၁၂**
အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့၊ သူနာပြုများနေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က တနင်္သာရီတိုင်းဒေသကြီး သူနာပြုနှင့် သားဖွားအသင်းဝင်များသည် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားဦးဆောင်မှုဖြင့် မြန်မာလူ့ဘောင်အဖွဲ့အစည်း၏ ကျန်းမာရေး အဆင့်အတန်း ပိုမိုမြင့်မားလာအောင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အမျိုးသားရေးတာဝန်များအဖြစ် နှလုံးသွင်းခံယူကာ အမျိုးသမီးအခွင့်အရေး အလေးထား ကာကွယ်စောင့်ရှောက်ရင်း ပြည်သူ့ကျန်းမာရေး စောင့်ရှောက်သည့် လုပ်ငန်းများကို ဦးဆောင်ကြိုးပမ်းကြပါရန် ပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက သူနာပြုသားဖွားလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ အထိမ်းအမှတ် အဖြစ် သူနာပြု၊ သားဖွား(အငြိမ်းစား) အသက် ၇၀ နှစ်အထက် သက်ကြီးဆရာမကြီး ၃၈ ဦးတို့အား သူနာပြုများကပူဇော်ကန်တော့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ အခမ်းအနားကျင်းပ

**ပြည်ကြီးတံခွန် မေ ၁၂**
မေ ၅ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့နှင့် မေ ၁၂ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့အထိမ်းအမှတ် အခမ်းအနားကို မန္တလေးမြို့ပြည်ကြီးတံခွန်မြို့နယ် ၇၄ လမ်းနှင့် ဇော်ဂျီလမ်းထောင့် မြန်မာနိုင်ငံ သူနာပြုသားဖွား အသင်းရုံးရှိ နိုက်တင်းဂေးခန်းမ၌ မေ ၁၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ ဆောင်ပုဒ်နှင့်ပတ်သက်၍ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ ဆောင်ပုဒ်နှင့်ပတ်သက်၍ လည်းကောင်း၊ Nursing Intervention in Anxiety Disorder အကြောင်းနှင့်ပတ်သက်၍လည်းကောင်း အသီးသီးဆွေးနွေးဟောပြောသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## စနစ်တကျသုံးစွဲ၍ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

**လယ်ဝေး မေ ၁၂**
နေပြည်တော် လယ်ဝေးမြို့နယ် ပေါင်းလောင်းကျေးရွာအတွက် ရန်ပုံငွေပေးအပ်ပွဲကို မေ ၁၁ ရက် နံနက် ၉ နာရီက ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က နိုင်ငံတော်၏ ထောက်ပံ့ရန်ပုံငွေရရှိသည့် ကျေးရွာနေပြည်သူများအနေဖြင့် ဦးစီးဌာန၏လမ်းညွှန်ချက်များနှင့်အညီ အရင်းမပျောက်စနစ်တကျသုံးစွဲ၍ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် ပြောကြားပြီး ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီသို့ ပေးအပ်ခဲ့သည်။

နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဝင်းက မြစိမ်းရောင်(အသားကဏ္ဍ) ရန်ပုံငွေပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စီမံကိန်းလုပ်ငန်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် လက်စွဲစာအုပ်ပါ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

**ကိုကိုရှုပ(နေပြည်တော်)**

## ပြည်သူများ၏လိုအပ်ချက်ကိုသိရှိရန် YRTA အနေဖြင့် မီဒီယာများနှင့် ပုံမှန်တွေ့ဆုံမည်

**ရန်ကုန် မေ ၁၂**
ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA) အနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို သိရှိနိုင်ရန်အတွက် မီဒီယာများနှင့် တွေ့ဆုံမှုများကို နှစ်ပတ်လျှင်တစ်ကြိမ် ပုံမှန်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မေ ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ YRTA ရုံးချုပ်၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။


ဓာတ်ပုံ - ရာမည

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA) သတင်းမီဒီယာများနှင့် ပုံမှန်တွေ့ဆုံခြင်းအားဖြင့် အဖွဲ့၏လုပ်ဆောင်ချက်များကို ထိထိရောက်ရောက် ချပြနိုင်မည့်အပြင် မီဒီယာများ၏ အကြံပြုချက်များနှင့်အတူ ပြည်သူများ၏ အသံကိုပါ မီဒီယာများမှတစ်ဆင့် သိရှိရခြင်းကြောင့် ပြည်သူများ၏လိုအပ်ချက်ကို ပိုမိုသိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ပြည်သူတွေရဲ့လိုအပ်ချက်၊ လိုလားချက်တွေကို ပိုမိုသိရှိနိုင်ဖို့အတွက် မီဒီယာတွေနဲ့ ပုံမှန်တွေ့ဆုံဖို့ လုပ်ဆောင်ရခြင်းဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA) အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)၏ လက်ရှိကာလ ဆောင်ရွက်ချက်များနှင့် နောင်ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်ပတ်သက်၍ ပြည်သူလူထုအား မီဒီယာမှတစ်ဆင့် အသိပေးတင်ပြသွားမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာဟူသည် နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ ပြုပြင်ပြောင်းလဲမှုများဖော်ဆောင်သည့် နေရာတွင် မီဒီယာ၏အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ထို့ကြောင့် မီဒီယာကို မိတ်ဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ပြီး လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုဆိုရင် YRTA အဖွဲ့ဟာ တာဝန်ထမ်းဆောင်လာခဲ့တာ သုံးနှစ်အတွင်းကို ရောက်ရှိလာပါပြီ။ ကျွန်တော်တို့အနေနဲ့ လက်ရှိကြုံတွေ့နေရတဲ့ အနေအထားတွေရယ်၊ ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုရယ် အဲဒီအချက်တွေပေါ်မူတည်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အခုလက်ရှိမှာတော့ မီဒီယာတွေနဲ့ပူးပေါင်းပြီး YRTA ရဲ့အားသာချက်၊ အားနည်းချက်တွေကို ပြည်သူတွေကို အသိပေးချပြသင့်ပြီလို့ ယူဆတဲ့အတွက် မီဒီယာတွေနဲ့ နှစ်ပတ်တစ်ကြိမ်တွေ့ဆုံပြီး သတင်းဆွေးနွေး ဖလှယ်မှုတွေပြုလုပ်သွားမှာပါ။ မီဒီယာတွေကနေတစ်ဆင့် ပြည်သူလူထုကို ပိုမိုပြီးပြည့်စုံတဲ့ သတင်းအချက်အလက်တွေ ဖြည့်ဆည်းပေးချင်လို့ ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA) ကို ၂၀၁၆ ခုနှစ် ဇူလိုင် ၈ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများလည်ပတ်ဆောင်ရွက်ခဲ့ကြောင်း၊ YRTA အဖွဲ့အနေဖြင့် YBS ယာဉ်လိုင်းများအပါအဝင် City Taxi မှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များနှင့် ပတ်သက်သည့် လုပ်ငန်းများ၊ School Bus များ၊ Water Bus လုပ်ငန်းများအပြင် ရန်ကုန်မြို့ပတ်ရထားလမ်းများ အဆင့်မြှင့်တင်မှုလုပ်ငန်းများတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အခြားသော နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မီဒီယာများနှင့် ပုံမှန်တွေ့ဆုံမှုများကို လာမည့် မေ ၁၅ ရက်တွင် စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်**

## ရေရှားပါးသည့်နေရာများသို့ သောက်သုံးရေလှူဒါန်းပေး

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်အတွင်းရေရှားပါးသည့် ကျေးရွာများသို့ သောက်သုံးရေသွားရောက်လှူဒါန်းပေးလျက်ရှိပြီး မေ ၁၁ ရက် နံနက်ပိုင်းက မုဒိတာလူမှုရေးပရဟိတအသင်းနှင့်ပူးပေါင်းကာ ကျေးရွာနေပြည်သူများ သောက်သုံးရေ အခက်အခဲမရှိစေရေးအတွက် တော်ခရမ်းအရှေ့ကျေးရွာအုပ်စု အလယ်ကုန်းကျေးရွာသို့ သွားရောက်လှူဒါန်းခဲ့သည်။

ကွမ်းခြံကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှသူနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မုဒိတာလူမှုရေးပရဟိတအသင်းမှ ဦးရဲထွဋ်နှင့်အဖွဲ့ဝင်များက ၂၀ လီတာ ရေသန့်ဘူး အလုံး ၁၀၀ ကိုလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ ရပ်ကွက်များအတွင်း သောက်သုံးရေကန်များ ခန်းခြောက်မှုကြောင့် ရပ်ကွက်နေပြည်သူများ သောက်သုံးရေအခက်ခဲနှင့် ကြုံတွေ့နေရသဖြင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှ မေ ၁၂ ရက် နံနက်က ခရမ်းမြို့ အမှတ် ၇၊ ၈၊ ၉၊ ၁၀ ရပ်ကွက်များသို့ သောက်ရေသန့်များ လာရောက်လှူဒါန်းခဲ့သည်။

အဆိုပါရေလှူဒါန်းရာတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၏ စီစဉ်မှုဖြင့် သောက်ရေသန့်ဘူး ၁၆၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

**မအူ**

မအူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တောင်ကုတ်မြို့နယ် နှလုံးလှကမ်းလက်များ ပရဟိတအဖွဲ့တို့ က မအူမြို့နယ်အတွင်း သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသော ကျေးရွာများသို့ သွားရောက်ရေလှူဒါန်းမှုကို မေ ၁၁ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

မြို့အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က မအူမြို့နယ် လယ်ဖားကျေးရွာတွင် အိမ်ထောင်စု ၈၉ စု၊ လူဦးရေ ၃၅၂ ဦးအတွက် မီးသတ်ရေယာဉ်ဖြင့် ရေဂါလန် ၂၄၀၀ ကို လှူဒါန်းပေးခဲ့ပြီး နှလုံးလှ ကမ်းလက်များ ပရဟိတအဖွဲ့က စပါးထားကျေးရွာတွင် အိမ်ထောင်စု ၆၅ စု၊ လူဦးရေ ၃၀၀ တို့အတွက် ရေသန့်ဘူးကြီး ၄၀၀၊ ထိုင်းရေဘူးကြီး ၃၀ တို့ကို လှူဒါန်းခဲ့ကြသည်။

**မောင်မောင်ဌေး(ပြန်/ဆက်)**

**နေပြည်တော်**

နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးသောကြောင့် ဥတ္တရသီရိမြို့နယ် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ခွန်မြတ်လင်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ရေဆင်းအုပ်စုကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့သည် ရေသယ်ယာဉ်များဖြင့် ရေဆင်းအုပ်စု နယ်မြေ(၄)အတွင်းရှိ သောက်သုံးရေရှားပါးသည့် နေရာများဖြစ်သော ဆည်မြောင်းကျေးရွာ၊ ကျောက်စရစ်ကုန်းရွာ၊ နတ်စင်ကုန်းရွာများသို့ ရေဂါလန် ၂၀၀၀ ဆံ့ကားဖြင့် ၂၀ လီတာ သောက်သုံးရေသန့်ဘူးကြီး ၃၀၀ ကို အဆိုပါကျေးရွာရှိ အိမ်ထောင်စု ၃၀၀ အား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခွန်းဆက်နေ**






## မန္တလေးတွင် ကုန်စည်ပြပွဲနှင့် မော်တော်ယာဉ်အရောင်းပွဲတော်ကျင်းပ

**မန္တလေး မေ ၁၂**

မန္တလေး ကုန်စည်ပြပွဲနှင့် မော်တော်ယာဉ်အရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ ကုန်စည်ပြပွဲမုခ်ဦးရှေ့တွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူနှင့် တာဝန်ရှိသူများက ကုန်စည်ပြပွဲခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ကုန်စည်ပြပွဲနှင့် မော်တော်ယာဉ်သစ်များ ပြပွဲတွင် အီလက်ထရွန်နစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အလှကုန်များ၊ အဝတ်အထည်၊ ဖန်စီပစ္စည်းများ၊ တရုတ်နိုင်ငံမှတင်သွင်းသော မိုဘိုင်းဖုန်းများ၊ စာရေးကိရိယာများ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ အုတ်ရိုက်စက်များ၊ အိန္ဒိယနိုင်ငံမှတင်သွင်းသော ဆိုင်ကယ်များ၊ မော်တော်ယာဉ် အမျိုးမျိုးအပါအဝင် ပြခန်းပေါင်း ၇၀ ကျော် ခင်းကျင်းပြသထားရာ လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။

မန္တလေးကုန်စည်ပြပွဲနှင့် နောက်ဆုံးပေါ် မော်တော်ယာဉ်သစ်များ အရောင်းပွဲတော်ကို မေ ၁၁ ရက်မှ ၁၄ ရက် အထိ နံနက်၉ နာရီမှ ည ၇ နာရီအထိ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

## အလိုအလျောက် မီတာဖတ်စနစ်ကိုလေ့လာ၍ မီဒီယာများအားရှင်းလင်း

**ရန်ကုန် မေ ၁၂**

ရန်ကုန်မြို့ပန်းဘဲတန်းမြို့နယ် လျှပ်စစ်အုပ်ချုပ်ရေးမှူးရုံးတွင် တပ်ဆင်ထားသော အလိုအလျောက်မီတာဖတ်စနစ် AMI Control Center သို့ မေ ၁၁ ရက် မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်မိုးနိုင် ဦးဆောင်သောအဖွဲ့နှင့် YESC မှ တာဝန်ရှိသူများ လေ့လာသည်။



ဓာတ်ပုံ - မျိုးကြီး

ဒေါပုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)မှ ဒါရိုက်တာအဖွဲ့ဝင် (၂) ဦးရန်လင်း၊ AMI စနစ်တည်ထောင်သူ Ever မီတာထုတ်လုပ်သူ ဥက္ကဋ္ဌ ဦးမျိုးအောင်တို့က လက်ရှိတွင် AMI စနစ်အသုံးပြုကာ မီတာဖတ်စနစ် အောင်မြင်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ယခုအခါတွင် AMI နည်းပညာသုံး မီတာဖတ်စနစ်ကို ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) အနေဖြင့် ပိုင်းလော့ပရောဂျက်အဖြစ် ပန်းဘဲတန်းမြို့နယ်တွင် မီတာအလုံး ၁၅၀၀၀ ခန့်၊ ဒေါပုံမြို့နယ်တွင် မီတာအလုံး ၂၀၀၀၀ ကျော်ခန့်ရှိကာ စုစုပေါင်း AMI နည်းပညာသုံးမီတာ အလုံး ၃၅၀၀၀ ကျော်ကို ဝန်ဆောင်မှု စတင်ပေးနေပြီဖြစ်ကြောင်း၊ အများပြည်သူများအနေဖြင့်လည်း AMI စနစ်ကို အသုံးပြုနိုင်ရန် Android ဖုန်းများ၏ PlayStore မှတစ်ဆင့် MeBill app ကို Download လုပ်ပြီး အသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ ယခုအခါ တိုင်းဒေသကြီးတွင် မီးသုံးစွဲသူ အိမ်ထောင်စုပေါင်း ၁၃၇၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မုတ္တမတွင် မူခင်းကျဆင်းရေး ဟောပြော

**ပေါင် မေ ၁၂**

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ် အောင်မင်းကြည်က မေ ၁၂ ရက် မွန်းတည့် ၁၂ နာရီတွင် ပုသိမ်ကွင်းဘုန်းတော်ကြီးတိုက်ကျောင်း သစ္စာဒီပကဓမ္မာရုံ၌ ဒေသခံပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူခင်းကျဆင်းရေး ဟောပြောပွဲ ပြုလုပ်ခဲ့သည်။

**ထွန်းလှိုင်**

## ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး သင်တန်းဆင်း

**မကွေး မေ ၁၂**

အမျိုးသား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းပြုစုခြင်းနှင့်အတူ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ သင်တန်းဆင်းပွဲကို မေ ၈ ရက် မွန်းလွဲပိုင်းက မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှထွန်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝေဖြိုးလေး(မကွေး)**



**မော်ဘီမြို့နယ် နယ်မြေခံတပ်မှ တပ်မိသားစုများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်ဆွေက မူခင်းအသိပညာပေးဟောပြောပြီး မူခင်းပြခန်းယာဉ်ဖြင့်ပါ ထပ်မံရှင်းလင်းပြသစဉ်။** ဟန်စိုး



## ပြည်မြို့ဆယ်ထပ်ကြီးဘုရား ရာပြည့်ပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူ

**ပြည် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အရှေ့ဘက်စောင်းတန်းအနီး၌ တည်ထားသော ဉာဏ်တော်အမြင့်ပေ ၁၁၀ရှိသော ဆယ်ထပ်ကြီးထိုင်တော်မူ ရုပ်ပွားတော်မြတ်ကြီး နှစ်(၁၀၀) ပြည့် ရာပြည့်ပွဲတော် အထိမ်းအမှတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မေ ၁၁ ရက် နံနက် ၇ နာရီက အဆိုပါ ဘုရားကြီးရင်ပြင်တော်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရာပြည့်ပွဲတော်အထိမ်းအမှတ် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်အပါး ၁၀၀ တို့အား အလှူရှင်များက ဆွမ်းဆန်၊ ဆေးဝါးနှင့် အခြားသံဃာတော်အသုံးအဆောင်များကို လှူဒါန်းခဲ့သည်။

**အောင် (ခာတုဗေဒ)**

တိုတိုထွာထွာဖတ်စရာ

### လျှပ်စစ်မီးသွယ်ခြင်းနှင့် ထိန်းသိမ်းခြင်းသင်တန်းဖွင့်

**မအူပင်**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မအူပင်နည်းပညာတက္ကသိုလ် လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာနတို့ပူးပေါင်း၍ အဆောက်အအုံအတွင်း လျှပ်စစ်မီးလိုင်း သွယ်တန်းခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းရေးသင်တန်းကို မေ ၂ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စက်ချုပ်သင်တန်း၊ သစ်သီးဝလံ အခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း၊ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်နည်းသင်တန်းနှင့် အဆောက်အအုံအတွင်း လျှပ်စစ်မီးသွယ်တန်းခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းရေးသင်တန်း စုစုပေါင်း သင်တန်းလေးခုကို ဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းများသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၃၂ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**

### မြစိမ်းရောင်စီမံကိန်း ပြည်သူများအား အထောက်အကူပြု

**သီပေါ**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် မန်မိုင်မိန်ကွမ်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေထုတ်ချေးမှု အခြေအနေများကို နမ့်ဆန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ဇင်လတ်၊ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထက်လှိုင်နှင့် တာဝန်ရှိသူများက မေ ၁၀ ရက်က သွားရောက်ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မန်မိုင်မိန်ကွမ်းကျေးရွာသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဘတ်ဂျက်တွင် မြစိမ်းရောင်စီမံကိန်း ကျေးရွာအဖြစ် ရွေးချယ်ခံရပြီးနောက် ပထမအကြိမ် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀ အား ဒေသခံကျေးလက်ပြည်သူများကို စတင်ထုတ်ချေးခြင်းဖြစ်ပြီး ထိုရန်ပုံငွေဖြင့် အိမ်ခြေ ၁၀၀၊ အိမ်ထောင်စု ၁၅၃ စု၊ လူဦးရေ ၈၅၉ ဦး တို့အား လူမှုစီးပွား ပိုမိုတိုးတက်လာစေရန် အထောက်အကူပြုကြောင်း သိရသည်။ **စိုင်း (သီပေါ)**

## မြစ်ကြီးနားမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**မြစ်ကြီးနား မေ ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ မေ ၁၁ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့နယ် ဒူကထောင်နှစ်ခြင်းဘုရားရှိခိုးကျောင်း၌ နေရပ်စွန့်ခွာလာသောပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မြစ်ကြီးနားမြို့နယ် စစ်ဘေးရှောင်စခန်းဖြစ်သည့် ဒူကထောင်နှစ်ခြင်းဘုရားရှိခိုးကျောင်း၌ စုရပ်ပြုလုပ်ပြီး ဂျန်မိုင်ကောင်းနှစ်ခြင်း၊ စိန်ဂျွန်းနန်းကွေ့၊ အင်ဂျန်ဒုံနှစ်ခြင်း၊ စီတာပူသီတာအေးမူရင်း၊ ရွှေစက်နှစ်ခြင်း၊ တပ်ကုန်းဖေမာနွေလ၊ တပ်ကုန်း ဂါလိလဲနှစ်ခြင်း၊ တပ်ကုန်း CoC၊ ဒူကထောင်နှစ်ခြင်း၊ ကဘူဒမ်းCoC ၊ တပ်ကုန်းစံပြနှစ်ခြင်း၊ မလိယန်နှစ်ခြင်း၊ စီတာပူဆွတ်ဝိုင်တောင်၊ ဂျန်မိုင်ကောင်း RC၊ လယ်ကုန်း ဇီးလွန်၊ ပလန ပိတောက်မြိုင်(၁)၊ မန်ခိန်နှစ်ခြင်း စုစုပေါင်း စစ်ဘေးရှောင်စခန်း ၁၈ ခုမှ ဒေသခံပြည်သူ ကျား ၂၅၄ ဦး၊ မ ၂၅၃ ဦး စုစုပေါင်း ၅၀၇ ဦးတို့အား စိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြသည်။

ထို့အပြင် မြစ်ကြီးနားမြို့မြို့သစ်ကြီးရပ်ကွက်ရှိ အသက် ၁၀ နှစ်ပြည့် ကျား ၁၄၇၊ မ ၁၁၅ ဦး၊ အသက် ၁၈ နှစ်ပြည့် ကျား ၁၉ ဦး၊ မ ၂၅ ဦး၊ စုစုပေါင်း ၃၀၆ ဦး အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်တွင် ယာယီစစ်ဘေးရှောင်စခန်း စုစုပေါင်း ၂၃ ခုရှိပြီး ၁၈ ခုရှိ နေရပ်စွန့်ခွာ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကျန်ရှိသည့် စခန်းငါးခုမှ နေရပ်စွန့်ခွာပြည်သူများအား ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်ရာ၏ ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင် (ဆောင်ဦး)**



## မိုးရာသီတွင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၄၅၀၀၀ စိုက်ပျိုးထား

**မတ္တရာ မေ ၁၂**

သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မိုးရာသီတွင် ပျိုးပင်ပေါင်း ၆၈ ဒသမ ၀၅ သန်းကို သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ မိုးရာသီ လူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုးခြင်း၊ သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအစီအစဉ်ဖြင့် စိုက်ပျိုးခြင်း၊ စည်ပင်သာယာရေးကော်မတီများ အစီအစဉ်ဖြင့် စိုက်ပျိုးခြင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အစီအစဉ်ဖြင့် စိုက်ပျိုးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနှင့် ပုဂ္ဂလိက စိုက်ခင်းတည်ထောင်ခြင်းစသည့် နည်းလမ်း ရှစ်သွယ်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်သည်။

မတ္တရာမြို့နယ်ရှိ ယာယီပျိုးဥယျာဉ်များတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မည်စည်၊ စိန်းပန်း၊ မဲဇလီ၊ မဟော်ဂနီစသည့် သစ်မျိုးပေါင်း ၃၆ မျိုး၊ ပျိုးပင် စုစုပေါင်း ၄၅၀၀၀ စိုက်ပျိုးထားရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



## နွေရာသီ ရေရှားပါးချိန် ရေရောင်းသူများတွက်ခြေကိုက်

**ကျောက်ပန်းတောင်း မေ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့တွင် နွေရာသီရေရှားပါးချိန် ထော်လာဂျီဖြင့် ရေရောင်းချသူများ စီးပွားရေး တွက်ခြေကိုက်နေကြကြောင်း သိရသည်။

နွေရာသီရောက်လျှင် ပီပါ ၁၀ လုံးဆံ့ ရေစည်ပိုင်းသံကန်များပြုလုပ်ထားပြီး ရေရှားပါးချိန် ရေရောင်းလေ့ရှိပြီး ထော်လာဂျီတစ်စီးလျှင် တစ်နေ့ ၁၅ ခေါက်မှ အခေါက်ရေ ၂၀ ထိ ဝယ်ယူရောင်းချရကြောင်း၊ ပီ(ပေ)ပါ ၁၀ လုံးစာ သံကန်တစ်စီးလျှင်ငွေကျပ် ၂၅၀၀ ပေးဝယ်ရကြောင်း၊ ပြန်ရောင်းလျှင် ကျပ် ၆၀၀၀ ဖြင့်ရောင်းချကြောင်း ထော်လာဂျီဖြင့် ရေရောင်းချနေသည့် ကိုဆန်းထူးမောင်က ရှင်းပြသည်။

ကျောက်ပန်းတောင်းမြို့တွင် ရေရောင်းချသည့် ထော်လာဂျီ အစီး၈၀ ကျော်ရှိကြောင်း သိရသည်။

**ကိုထိန် (ငါ့သရောက်)**

## အခြေခံပညာဦးစီးဌာန တတိယတန်း သင်ရိုးသစ် မြို့နယ်အဆင့်သင်တန်း ပန်းတောင်းမြို့တွင်ဖွင့်လှစ်

**ပန်းတောင်း မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် အခြေခံပညာဦးစီးဌာန တတိယတန်း(Grade-3) သင်ရိုးသစ် မြို့နယ်အဆင့် သင်တန်းကို မေ ၁၀ ရက် နံနက် ၈ နာရီက အခြေခံပညာအထက်တန်းကျောင်း မဉ္ဇူသကခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်သီတာအောင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတာဝန်ခံ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်ဆွေက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကာလမှာ မေ ၁၀ ရက်မှ ၂၅ ရက်အထိ သင်တန်းနည်းပြ ဆရာ ဆရာမ ၇၂ ဦး၊ သင်တန်းကြီးကြပ်သူ ဆရာ ဆရာမ ၁၈ ဦး၊ ရုံးအဖွဲ့ လေးဦး၊ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၆၉၉ ဦး စုစုပေါင်း ၇၉၃ ဦးဖြစ်ကြောင်း သိရသည်။

**အောင်မြင့် (ပန်းတောင်း)**



# ချယ်လ်ဆီးအသင်းမှ တိုက်စစ်မှူး ဂျရူးထွက်ခွာခဲ့ပါက ပြင်သစ်ပထမတန်းကလပ်နိုက်စ်အသင်းက ခေါ်ယူမည်ဟုဆို



ပြင်သစ်ပထမတန်းကလပ်နိုက်စ်အသင်းသည် ချယ်လ်ဆီးအသင်းမှ တိုက်စစ်မှူးဂျရူးထွက်ခွာခဲ့မည်ဆိုပါက အဆိုပါကစားသမားအား ခေါ်ယူသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

နည်းပြ ဆာရီအနေဖြင့် ချယ်လ်ဆီးအသင်းက တိုက်စစ်မှူး ဂျရူးအား တစ်နှစ်သက်တမ်းရှိ စာချုပ်သစ်ချုပ်ဆိုမည်ဟု အတည်ပြုမပြောကြားမီမှာပင် တိုက်စစ်မှူး ဂျရူးက ရာသီကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် စတမ်းဖို့ဒ်ဘရစ်ချ်မှ ထွက်ခွာရန် ဆန္ဒရှိနေသည်ဟုဆိုထားသည်။

တိုက်စစ်မှူး ဂျရူးအသင်းမှ ထွက်ခွာတော့မည်ဖြစ်သောကြောင့် နည်းပြဆာရီ၏ ချယ်လ်ဆီးအသင်းတိုက်စစ်ပိုင်းတွင် တိုက်စစ်မှူး ဟီဂူအင်မှာ အငြင်းပွားဖွယ်ရာမရှိဘဲ ပထမဆုံးရွေးချယ်ရမည့် ကစားသမားလည်းဖြစ်လာမည်ဖြစ်သည်။

နိုက်စ်အသင်း၏ နည်းစနစ်ဒါရိုက်တာ ဂရီမန်ဒီကလည်း တိုက်စစ်မှူး ဂျရူးအား နွေရာသီအပြောင်းအရွှေ့ကာလအတွင်း စာချုပ်ချုပ်ဆိုခေါ်ယူရေးအတွက် နိုက်စ်အသင်းက ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ ဂရီမန်ဒီသည် ၂၀၁၂ ခုနှစ်က တိုက်စစ်မှူးဂျရူးအား မောင့်ပယ်လီယာအသင်းမှ ပရီမီယာလိဂ်သို့ ရောက်ရှိရေးအကူအညီပေးခဲ့သူလည်းဖြစ်သည်။ နိုက်စ်အသင်းသည် ပြင်သစ်ပထမတန်းကလပ်ပြိုင်ပွဲတွင် အဆင့် ၇ နေရာတွင်သာ ရပ်တည်နိုင်ခဲ့ခြင်းကြောင့် ဥရောပဝင်ခွင့်နှင့် လွဲခဲ့ရသည့်အသင်းဖြစ်သည်။



# ဘင်ဖီကာကွင်းလယ်လူဖာနန်ဒက်စ်ကို စပါးခေါ်ယူမည်

စပါးအသင်းသည် ဘင်ဖီကာအသင်းမှ ကွင်းလယ်ကစားသမား ဂတ်ဆင်ဖာနန်ဒက်စ်အား ခေါ်ယူရန်စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိပြီး နည်းပြပိုချက်တီနိုက အခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း အပြီးခေါ်ယူမည်ဟုဆိုသည်။

ကွင်းလယ်ကစားသမား ဖာနန်ဒက်စ်သည် ယခုနှစ်ဘောလုံးရာသီတွင် ပေါ်တူဂီကလပ်ဘင်ဖီကာအသင်းအတွက် အားထားရသည့်ကစားသမားများအနက် တစ်ဦးအပါအဝင်ဖြစ်သောကြောင့် ပရီမီယာလိဂ်ကလပ်အသင်းများ၏ စိတ်ဝင်စားမှုကို ခံထားရသူဖြစ်သည်။

သည်မိုင်ရာ အားကစားသတင်းတွင် ဖော်ပြချက်အရ စပါးအသင်းအနေဖြင့် ဘင်ဖီကာကွင်းလယ်ကစားသမား ဖာနန်ဒက်စ်အား ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းဖြင့် ခေါ်ယူမည်ဟု ဖော်ပြထားပြီး အဆိုပါကစားသမားအား ခေါ်ယူရန် လီဗာပူးအသင်းနှင့် မန်ယူအသင်းတို့ကလည်း ပစ်မှတ်ထားလျက်ရှိသည်ဟုဆိုသည်။

စပါးအသင်းသည် လက်ရှိတွင် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းထားနိုင်ခဲ့သည့်အပြင် လာမည့်နှစ်တွင်လည်း ချန်ပီယံလိဂ်ကစားရမည်ဖြစ်သောကြောင့် ပြီးခဲ့သည့်အပြောင်းအရွှေ့ကာလက ကစားသမားခေါ်ယူမှုမပြုခဲ့သော်လည်း ယခုအပြောင်းအရွှေ့တွင်မူ ကစားသမားခေါ်ယူမှုများပြုလုပ်သွားမည်ဟုဆိုသည်။ စပါးအသင်းသည် ဥရောပတွင် အောင်မြင်မှုရှိနေသော်လည်း အခုအပြောင်းအရွှေ့ကာလအတွင်း အသင်းပြောင်းရွှေ့မည့် ကစားသမားအများအပြားရှိနေကြောင်း သိရသည်။

# အိုဇေးလ် အသင်းမှထွက်ခွာမည်မဟုတ်ဘဲ စာချုပ်ကုန်ထိ အာဆင်နယ်တွင် ဆက်ရှိမည်

အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား အိုဇေးလ်သည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့အတွင်း အသင်းမှထွက်ခွာမည်မဟုတ်ဘဲ ၎င်း၏လက်ရှိစာချုပ်သက်တမ်းကုန်သည်အထိ အမ်းမရိတ်တွင် ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား အိုဇေးလ်အား အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါး လက်ထက်တွင် တစ်ပတ်လုပ်ခလစာပေါင် သုံးသိန်းခွဲဖြင့် အာဆင်နယ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီအစ နည်းပြအမ်မရီလက်ထက်တွင် ခြေစွမ်းပိုင်းကျဆင်းခဲ့ရခြင်းကြောင့် အိုဇေးလ်အနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသည့်သတင်းများ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ယင်းမှာ အာဆင်နယ်အသင်းအနေဖြင့် အသင်း၏ တိုက်စစ်နှင့် ကွင်းလယ်ပိုင်းတွင် လာကာဇက်တီနှင့် အူဘာမေယန်တို့ကိုသာ အသုံးပြုမှုများခဲ့ခြင်းကြောင့်ဖြစ်ပြီး လက်ရှိတွင်မူ အိုဇေးလ်အနေဖြင့် ယခုအပြောင်းအရွှေ့ကာလအတွင်း အသင်းမှ ထွက်ခွာဦးမည်မဟုတ်သေးကြောင်းနှင့် အမ်းမရိတ်တွင် ဆက်ရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒါ့အပြင် အိုဇေးလ်က“ ကျွန်တော့်ရဲ့ လက်ရှိစာချုပ်သက်တမ်းက နှစ်နှစ်ကျန်ပါသေးတယ်။ လက်ရှိအချိန်အထိတော့ အသင်းကနေထွက်ခွာဖို့မရှိသေးပါဘူး”ဟု စကိုင်းအားကစားသတင်းဌာနသို့ ပြောကြားခဲ့သည်။

အိုဇေးလ်အနေဖြင့် ၂၀၂၁ ခုနှစ်အထိ အာဆင်နယ်အသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်းနှင့် ပရိသတ်များအနေဖြင့်လည်း ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း အသင်းပြောင်းရွှေ့မည်ဆိုသည့် ကောလာဟလသတင်းများနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်ခြင်းမပြုရန် ပြောကြားခဲ့သည်။

အိုဇေးလ်သည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ပွဲစဉ် ၂၀ အထိ ပထမပွဲထွက်ကစားသမားစာရင်းတွင် ထည့်သွင်းခံခဲ့ရပြီး လေးပွဲမှာ လူစားဝင်ကစားခဲ့ရခြင်းဖြစ်သည်။



# ရစ်ချာလီဆန်ကို ပေါင်သန်း ၇၀ ဖြင့် ခေါ်ယူရန် ပီအက်စ်ဂျီနှင့် အက်သလက်တီကို စိတ်ဝင်စားနေ

အဲဗာတန်အသင်းမှ ဘရာဇီးကြယ်ပွင့် ရစ်ချာလီဆန်အား စပိန်ထိပ်တန်းကလပ်အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ပြင်သစ်ပထမတန်းထိပ်တန်းကလပ် ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိပြီး အဲဗာတန်အသင်းက တောင်းဆိုထားသည့် ပြောင်းရွှေ့ကြေးပေါင် သန်း ၇၀ ကို ပေးရန်လည်း အသင့်ရှိနေကြောင်း သိရသည်။ ရစ်ချာလီဆန်သည် ပြီးခဲ့သည့်နှစ်ဇူလိုင်လအတွင်းက ဝက်ဖို့ဒ်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ဖြင့် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။



အဲဗာတန်အသင်းတိုက်စစ်မှူး ရစ်ချာလီဆန်သည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းအတွက် ၃၈ ပွဲပါဝင်ကစားပေးထားပြီး သွင်းဂိုး ၁၄ ဂိုးသွင်းယူပေးထားနိုင်ခဲ့သူဖြစ်သည်။ ရစ်ချာလီဆန်အနေဖြင့် ဥရောပပြိုင်ပွဲများတွင် ပါဝင်ကစားခွင့်ရရှိရန်မျှော်လင့်လျက်ရှိပြီး ယင်းသို့ ဥရောပပြိုင်ပွဲများတွင် ပါဝင်ကစားခွင့်ရရှိမှသာ ဘရာဇီးလက်ရွေးစင်အသင်းတွင် နေရာရမည်ဟုလည်း မျှော်လင့်ထားသူဖြစ်သည်။

ရစ်ချာလီဆန်အနေဖြင့် အဲဗာတန်တွင် ပျော်ရွှင်မှုရရှိနေသော်လည်း ပီအက်စ်ဂျီနှင့် အက်သလက်တီကိုမက်ဒရစ်တို့က လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ကစားခွင့်ရရှိမည့်အခွင့်အရေးဖြင့် ဆွဲဆောင်ထားကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ

- **မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့တာဝန်ယူမည်ဟု သတင်းများထွက်ပေါ်နေသော်လည်း ၎င်းအနေဖြင့် မန်စီးတီးအသင်းမှ ထွက်ခွာရန်အစီအစဉ်မရှိသေးကြောင်း ပြောကြားခဲ့သည်။**
- *မန်ယူအသင်းသည် အဲဗာတန်ကွင်းလယ်ကစားသမား ဂူအိုင်းအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး အဲဗာတန်အသင်းကမူ အဆိုပါဆီနီဂေါကစားသမားအား ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ သတ်မှတ်ထားကြောင်း သိရသည်။*
- **ဘိုင်ယန်မြူးနစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ အင်္ဂလန်တောင်ပံကစားသမား အိုဒိုအီအား ခေါ်ယူရန် စိတ်ဝင်စားနေဆဲဖြစ်ကြောင်း သိရသည်။**
- **ဆောက်သမ်တန်အသင်းသည် ဖူလ်ဟမ်အသင်းမှ ဆားဘီးယားတိုက်စစ်မှူး မီထရိုဗစ်အား အခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ ဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။**

# ပုဒ်မ ၅၀၀ ၏ အင်္ဂါရပ်များနှင့် ကင်းလွတ်ချက်များသည် အထူးဥပဒေများမှ အလားတူ အသရေဖျက်မှုများအတွက် အကျုံးဝင်/မဝင်

မောင်ဌေးဦး(စိန်ဂွန်း)

ရာဇသတ်ကြီးဥပဒေ (Penal Code) ပါ အသရေဖျက်မှုအတွက် ပြဋ္ဌာန်းချက်ဖြစ်သော ပုဒ်မ ၅၀၀ တွင် ပြစ်မှုမြောက်ရန် လိုအပ်သော အင်္ဂါရပ်များနှင့်အတူ ပြစ်မှုကင်းလွတ်ခွင့်ရရှိမည့် အချက် (၁၀)ချက် ပြဋ္ဌာန်းထားပါသည်။ အထူးဥပဒေများတွင် အသရေဖျက်မှုများ ပြဋ္ဌာန်းထားရှိသော်လည်း ရာဇသတ်ကြီးမှာကဲ့သို့ အင်္ဂါရပ်များနှင့် ကင်းလွတ်ချက်များပါ ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

အထူးဥပဒေပါ အသရေဖျက်မှုတစ်ခုခု (ဥပမာ- ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆-ဃ)အရ အသရေဖျက်သည်ဟု စွပ်စွဲခံရသူတစ်ဦးအနေဖြင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၀ ၏ အင်္ဂါရပ်များနှင့် ကင်းလွတ်ချက်များမှာ မိမိနှင့် သက်ဆိုင်ခြင်း ရှိ/မရှိ၊ မိမိခံစားခွင့် ရှိ/မရှိ မဖြစ်မနေ သိရှိထားရန် လိုအပ်မည်ဖြစ်ပါသည်။

ဤသည်မှာ အသရေဖျက်မှုကို နမူနာပြုတင်ပြနေခြင်း ဖြစ်ပါသည်။ အမှန်စင်စစ် ရာဇသတ်ကြီးဥပဒေတွင် အင်္ဂါရပ်များ၊ ကင်းလွတ်ချက်များနှင့်တကွ အပြည့်အစုံပြဋ္ဌာန်းထားပြီးဖြစ်သော ခိုးမှု၊ လိမ်လည်မှု၊ ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု၊ အကျိုးဖျက်ဆီးမှု အပါအဝင် ပြစ်မှုမျိုးစုံတို့ကို အထူးဥပဒေများတွင် လိုအပ်သလို ထည့်သွင်း၍ ထပ်မံပြဋ္ဌာန်းလေ့ရှိပါသည်။ ရာဇသတ်ကြီးဥပဒေပါ အင်္ဂါရပ်များနှင့် ကင်းလွတ်ချက်များမှာ အထူးဥပဒေများရှိ အလားတူ ပြစ်မှုများတွင် အကျုံးဝင်သက်ဆိုင်ခြင်း ရှိ/မရှိ ဆိုသည့် ဥပဒေကြောင်းဆိုင်ရာပြဿနာမှာ သက်ဆိုင်ရာဥပဒေနယ်ပယ်မှ လူများအပြင် အများပြည်သူ သိရှိထားရန် လိုအပ်လျက်ရှိပါသဖြင့် တင်ပြလိုက်ရခြင်းဖြစ်ပါသည်။

## ဥပဒေဆိုင်ရာ အထောက်အထားများ

တရားဥပဒေရေးရာနယ်ပယ် အသိုင်းအဝိုင်းတွင် မိမိတင်ပြ ပြောဆိုလိုသော အကြောင်းအရာကို ငါ့စကားနွားရပြောဆိုခြင်း၊ လူညီလျှင် ဤကို ကျွဲလုပ်ခြင်း စသည့် နိမ့်ကျသည့် အပြုအမူ၊ အပြောအဆိုများကို သဘောတူလက်ခံလေ့မရှိကြဘဲ အကျိုးသင့်အကြောင်းသင့် အထောက်အထားသက်သေခံများ၊ ပြဋ္ဌာန်းထားသော ဥပဒေ စည်းမျဉ်းစည်းကမ်း အကိုးအကားများနှင့် ယခင်ကဖြစ်ခဲ့ဖူးသော သာဓကနမူနာများစသည့် တင်ပြပြောဆိုချက်များအပေါ် မူတည်၍သာ မိမိတို့၏လွတ်လပ်သော ဆင်ခြင်တုံတရားဖြင့် လက်ခံလေ့ရှိကြပါသည်။

ရာဇသတ်ကြီးဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်မှုတစ်ခုချင်း၏ အင်္ဂါရပ်များနှင့် ကင်းလွတ်ခွင့်များသည် အထူးဥပဒေများပါ အလားတူပြစ်မှုများအတွက် အကျုံးဝင်သက်ဆိုင်စေရမည်ဟု တိတိကျကျ ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်မရှိသောကြောင့် အဆိုပါ အလားတူပြစ်မှုများအတွက် မူလအင်္ဂါရပ်များနှင့် ကင်းလွတ်ခွင့်များသည် အကျုံးဝင်သက်ဆိုင်ပါကြောင်း ဥပဒေဆိုင်ရာ အထောက်အထား အကိုးအကားများဖြင့် တင်ပြလိုက်ရခြင်းဖြစ်ပါသည်။

## ရာဇသတ်ကြီးနှင့် အထူးဥပဒေများ

ရာဇသတ်ကြီး (Penal Code) ဆိုသည်မှာ ၁၈၆၀ ခုနှစ်ခန့်က အင်္ဂလိပ်ကိုလိုနီများ ယူဆောင်လာပြီး မြန်မာပြည်တွင် စတင်ကျင့်သုံးခဲ့သည့် ပြစ်မှုနှင့်သက်ဆိုင်သောဥပဒေကြီး ဖြစ်ပါသည်။

ရာဇသတ်ကြီးဥပဒေတွင် သာမန်အားဖြင့် နေ့စဉ်လူ့သဘာဝအရ ဖြစ်လေ့ဖြစ်ထရှိသော ပြစ်မှုများကို စေ့စေ့စပ်စပ် ပြဋ္ဌာန်းထားသကဲ့သို့ စကားရပ်ကိုလည်း တိတိကျကျ ပြည့်ပြည့်စုံစုံ ရေပက်မဝင်လောက်အောင် ဖော်ပြပြဋ္ဌာန်းထားပါသည်။ ထိုသို့ ပြဋ္ဌာန်းရာတွင် ပြစ်မှုတစ်ခုချင်းအတွက် ပြစ်မှုမြောက်ရန် လိုအပ်သော အင်္ဂါရပ်များပါရှိသည့်အပြင် အဆိုပါ ပြစ်မှု၏ ရည်ရွယ်ချက်နှင့် ကင်းလွတ်ခွင့်ရနိုင်မည့် အချက်များကို လေ့လာတွေ့ရှိနိုင်ပါသည်။ ရာဇသတ်ကြီးတွင် ပြစ်မှုအားလုံးအပေါ် ကင်းလွတ်ခွင့်ရနိုင်သည့် ကင်းလွတ်ရမြဲ ပြဋ္ဌာန်းချက်များကိုလည်း အခန်းတစ်ခန်းဖြင့် ပြဋ္ဌာန်းထားရှိပါသည်။ ရာဇသတ်ကြီးဥပဒေကို မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း (၁၅၀)ကျော်ခဲ့ပြီးဖြစ်ပါသည်။

ရာဇသတ်ကြီးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးနောက်ပိုင်းမှ တီထွင်တိုးတက်လာသော စက်တပ်ယာဉ်များ၊ လမ်းများ၊ လူ့အသုံးအဆောင်အသစ်အဆန်းများ၊ အရောင်းအဝယ်စနစ်သစ်များ၊ မတရားမှုအသစ်များ၊ ကျန်းမာရေးကို ထိခိုက်နိုင်သော ဆေးဝါးအသစ်များ စသည့် ပေါ်ပေါက်လာသော အခြေအနေအသစ်အဆန်းများအရ ပြဋ္ဌာန်းရသည့် ဥပဒေများအားလုံးသည် အထူးဥပဒေများဖြစ်ကြရာ အဆိုပါ အထူးဥပဒေများတွင် ပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်များ ပေါ်လွင်နေလေ့ရှိသော်လည်း အဆိုပါ ပြစ်မှုများအတွက် အင်္ဂါရပ်များနှင့် ကင်းလွတ်ချက်များ မပါရှိသည့် ဥပဒေများ များစွာရှိနေပါကြောင်း တွေ့ရှိကြရမည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း အဆိုပါ အထူးဥပဒေပြဋ္ဌာန်းချက်များသည် ရာဇသတ်ကြီးဥပဒေပါ အလားတူ ပြစ်မှုများ၏ အင်္ဂါရပ်နှင့် ကင်းလွတ်ချက်များ အကျုံးဝင်/မဝင်၊ ခံစားခွင့် ရှိ/မရှိဥပဒေ ပြဿနာ ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။

## သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ

၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပါ အောက်ပါပြဋ္ဌာန်းချက်နှစ်ရပ်သည် အလွန်ရိုးစင်းလှသော်လည်း အလွန်လေးနက်ပြီး အလွန်ကျယ်ဝန်းသောအနက်အဓိပ္ပာယ်များဖြင့် မိမိတို့သိရှိလိုသည့် ဥပဒေအနက်အဓိပ္ပာယ်များကို ရှာဖွေဖွင့်ဆိုနိုင်ရန် လမ်းညွှန်ထားပါကြောင်းတွေ့ရှိရပါသည်။

ပုဒ်မ - ၃(က)တွင် -

ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်တွင် ပါဝင်သော စကားရပ်များသည် သာမန်နေ့စဉ်သုံး အနက်အဓိပ္ပာယ်ကို ဆောင်စေရမည်။ သို့ရာတွင် ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်အညီ သီးခြားအဓိပ္ပာယ်ဖွင့်ဆိုပေးရန် လိုအပ်သော စကားရပ်သည် ယင်းသီးခြားအနက်အဓိပ္ပာယ်ကို ဆောင်စေရမည်။ ။ဟူ၍လည်းကောင်း၊

ပုဒ်မ - ၃(ဂ)တွင် -

ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ ယင်းဥပဒေ မပြဋ္ဌာန်းမီက ရှိရင်းစွဲဖြစ်သော သက်ဆိုင်ရာဥပဒေများအရ ဖြစ်ပေါ်လျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ယင်းအခြေအနေကို မည်သည့်အကြောင်းကြောင့် မည်သို့မည်ပုံ ပြင်ဆင်ရန်လိုကြောင်းကိုလည်းကောင်း ထည့်သွင်းစဉ်းစားနိုင်သည်။ ။ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် ပုဒ်မ - ၃(က)အရ ဥပဒေများပါ စကားရပ်များသည် သာမန်အားဖြင့် လူအများနေ့စဉ်ပြောဆို ရေးသားသုံးစွဲနေသည့် အဓိပ္ပာယ်အတိုင်းသာရှိနေပြီး ဥပဒေတွင် ထူးခြားချက်(သို့မဟုတ်) သီးခြားအဓိပ္ပာယ်ယူရန် အကြောင်းရှိပါက ယင်းထူးခြား သီးခြားအဓိပ္ပာယ်ကောက်ယူရမည် ဟူ၍လည်းကောင်း၊

ပုဒ်မ-၃(ဂ)အရ မူလကရှိထားပြီးသား ဥပဒေ၏ အင်္ဂါရပ်များ၊ ကင်းလွတ်ချက်များအပါအဝင် အခြေအနေအရပ်ရပ်နှင့် ပြင်ဆင်ရန်လိုသည့် အခြေအနေရှိပါကလည်း ပြင်ဆင်နိုင်သည့် အခြေအနေကို ထည့်သွင်း၍ စဉ်းစားဆောင်ရွက်နိုင်သည်ဟူ၍လည်းကောင်း လမ်းညွှန်ထားခြင်းဖြစ်ပါသည်။

သို့ပါ၍ နေ့စဉ်လူ့သဘာဝအလျောက် ဖြစ်လေ့ဖြစ်ထရှိသော ရာဇသတ်ကြီးဥပဒေပါပြစ်မှုများနှင့် ယင်းပြစ်မှုများ၏ အင်္ဂါရပ်များ၊ ကင်းလွတ်ခွင့်များသည် မြန်မာနိုင်ငံတွင် ရှေးဦးမူလပြဋ္ဌာန်းချက်များဖြစ်ကြောင်းနှင့် အထူးဥပဒေများ မပြဋ္ဌာန်းမီက ရှိရင်းစွဲပြဋ္ဌာန်းဥပဒေဖြစ်ကြောင်း ထင်ရှားနေပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ ပုဒ်မ- ၃(က)နှင့် ပုဒ်မ- ၃(ဂ)တို့အရ ရာဇသတ်ကြီးပါ ပြစ်မှုများ၏ အင်္ဂါရပ်များနှင့် ကင်းလွတ်ခွင့်များသည် အထူးဥပဒေများပါ အလားတူပြစ်မှုများအတွက် အင်္ဂါရပ်များနှင့် ကင်းလွတ်ခွင့်များအဖြစ် အကျုံးဝင်လျက်ရှိပါကြောင်း အခိုင်အမာထင်ရှားပေါ်ပေါက်နေပြီးဖြစ်ပါသည်။

သို့သော်လည်း ပုဒ်မ-၃(က)ပြဋ္ဌာန်းချက်ပါ ရှေ့နောက်စကားအဓိပ္ပာယ်ဖော်ပြချက်တို့အရ သီးခြားအဓိပ္ပာယ်ဆောင်နေလျှင်ဖြစ်စေ၊ ပုဒ်မ- ၃(ဂ) ပြဋ္ဌာန်းချက်ပါ အခြေအနေအရ ပြင်ဆင်စဉ်းစားသုံးသပ်ရန်လိုလျှင်ဖြစ်စေ ဟူသော အကြောင်းအရာမျိုး အထူးဥပဒေပြဋ္ဌာန်းချက်များ၌ ပါရှိနေပါက ရာဇသတ်ကြီးဥပဒေပါ အင်္ဂါရပ်များနှင့် ကင်းလွတ်ချက်များအားလုံးသည် အပြည့်အဝ အကျုံးမဝင်နိုင်တော့ကြောင်းနှင့် အပြောင်းအလဲများ ဖြစ်နိုင်ပါကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

## သာဓကစီရင်ထုံး

ဦးသန်းနိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ(၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၁၆၀၉)အမှုတွင် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံး(အထူးခုံရုံး)မှ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ-၃ အရ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှုကို စီရင်ရာတွင် ရာဇသတ်ကြီးဥပဒေပုဒ်မ- ၄၀၅ ၌ ပြဋ္ဌာန်းထားသောအင်္ဂါရပ်များကို ရည်ညွှန်းကိုးကား သုံးသပ်ဆုံးဖြတ်ခဲ့သည့် စီရင်ထုံးကို ထောက်ရှုခြင်းအားဖြင့်လည်း တရားစီရင်ရာတွင် ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်များကို ကိုးကားအသုံးပြုကြောင်း သာဓကနမူနာရှိနေပြီး ဖြစ်ပါသည်။

## အခြားသတိပြုရမည့် အချက်များ

၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ- ၃ ပါ အောက်ပါအချက်နှစ်ခုကိုလည်း သတိပြုရန်လိုပါသည်။

ပုဒ်မ - ၃(ဃ)တွင်

အထူးဥပဒေတစ်ရပ်ရပ်တွင်ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်သည် ယေဘုယျ ဥပဒေတစ်ရပ်တွင်ပါရှိသော သက်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို လွှမ်းမိုးသည်။ ဥပဒေတစ်ရပ်ရပ်တွင်ပါရှိသော အထူးပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ယင်းဥပဒေတွင်ပါရှိသော ယေဘုယျပြဋ္ဌာန်းချက်ကို လွှမ်းမိုးသည်။ ။ ဟူ၍လည်းကောင်း၊

ပုဒ်မ - ၃(ဆ)တွင်

ရှေးဦးကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်နှင့် နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ကို ကွဲလွဲဆန့်ကျင်နေပါက နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်သည် အတည်ဖြစ်စေရမည်။ ။ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ အထက်ပါ ပြဋ္ဌာန်းချက်နှစ်ရပ်မှာ ရာဇသတ်ကြီးပါ အင်္ဂါရပ်များနှင့် ကင်းလွတ်ချက်များကို အထူးဥပဒေများတွင် အသုံးပြုသည့်အခါ သတိပြုရမည့်အချက်များဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

## နိဂုံး

ဥပဒေတစ်ရပ် ပေါ်ထွက်လာပြီဆိုလျှင် ဥပဒေကို လေးစားလိုက်နာရမည့်သူများနှင့် ဥပဒေကို လက်တွေ့ကျင့်သုံးရမည့်သူများအနေဖြင့် အဆင်ပြေချောမွေ့စွာလိုက်နာကျင့်သုံးနိုင်ကြရန် အလွန်အရေးကြီးပါသည်။ ပြဋ္ဌာန်းလိုက်သော ဥပဒေတစ်ရပ်ကြောင့် ဥပဒေပြဿနာများ ပေါ်ပေါက်လာနိုင်သကဲ့သို့ ပြည်သူများလည်း ထိခိုက်နစ်နာဆုံးရှုံးမှုရှိလာပါက ထိုဥပဒေကို ပြုခဲ့သူများအနေဖြင့် တာဝန်ယူတာဝန်ခံကြရမည် ဖြစ်ပါသည်။

မည်သို့ပင်ရှိစေကာမူ ရှေးခေတ်က မြန်မာ့ဥပဒေပညာရှင်ကြီးများ၏ လေးနက်တည်ကြည်သော ဥပဒေပညာစွမ်းဆောင်ရည်များကြောင့် အထူးဥပဒေများတွင် လိုအပ်နေသော အင်္ဂါရပ်များနှင့် ကင်းလွတ်ခွင့်များကို နိုင်ငံသားများအနေဖြင့် တရားမျှတစွာ ခံစားခွင့်ရရှိလျက်ရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။

**“တရားဥပဒေရေးရာနယ်ပယ် အသိုင်းအဝိုင်းတွင် မိမိတင်ပြပြောဆိုလိုသော အကြောင်းအရာကို ငါ့စကားနွားရပြောဆိုခြင်း၊ လူညီလျှင် ဤကို ကျွဲလုပ်ခြင်း စသည့် နိမ့်ကျသည့် အပြုအမူ၊ အပြောအဆိုများကို သဘောတူလက်ခံလေ့မရှိကြဘဲ အကျိုးသင့်အကြောင်းသင့် အထောက်အထားသက်သေခံများ၊ ပြဋ္ဌာန်းထားသော ဥပဒေစည်းမျဉ်းစည်းကမ်း အကိုးအကားများနှင့် ယခင်ကဖြစ်ခဲ့ဖူးသော သာဓကနမူနာများ စသည့် တင်ပြပြောဆိုချက်များအပေါ်မူတည်၍သာ မိမိတို့၏လွတ်လပ်သော ဆင်ခြင်တုံတရားဖြင့် လက်ခံလေ့ရှိကြပါသည်။**

**ရာဇသတ်ကြီးဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်မှုတစ်ခုချင်း၏ အင်္ဂါရပ်များနှင့် ကင်းလွတ်ခွင့်များသည် အထူးဥပဒေများပါ အလားတူပြစ်မှုများအတွက် အကျုံးဝင်သက်ဆိုင်စေရမည်ဟု တိတိကျကျ ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်မရှိသောကြောင့် အဆိုပါ အလားတူပြစ်မှုများအတွက် မူလအင်္ဂါရပ်များနှင့် ကင်းလွတ်ခွင့်များသည် အကျုံးဝင်သက်ဆိုင်ပါကြောင်း ဥပဒေဆိုင်ရာ အထောက်အထား အကိုးအကားများဖြင့် တင်ပြလိုက်ရခြင်းဖြစ်”**

***မှတ်ချက်။ ။ စာရေးသူ၏ ကြယ်ပွင့်မပြမေးခွန်းအား ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ (၁၁.၁၀.၂၀၁၇) ရက်စွဲပါ ဖြေဆိုချက်အပေါ် ကိုးကားတင်ပြပါသည်။***

**ဦးဌေးဦး**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

# မလှိုင်မြို့၌ နှစ်(၁၀၀)ပြည့် ကဆုန်ညောင်ရေသွန်းပွဲတော်၊ ရွှေထီးတော်အသစ်တင်လှူပွဲနှင့် ဆွမ်းဆန်တော်များ လောင်းလှူမည်

**မလှိုင် မေ ၁၂**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ကျက်သရေဆောင် သမိုင်းဝင်ရွှေမုဋ္ဌောဘုရားကြီး၏ နှစ်(၁၀၀)ပြည့် ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူပူဇော်ပွဲ လုပ်ငန်းညှိနှိုင်းအစည်းဝေးကို မေ ၁၁ ရက် ညနေပိုင်းက ရွှေမုဋ္ဌောဘုရားရင်ပြင်တော်ပေါ်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။ **(ယာပုံ)**



**တင်လှူပူဇော်**

အဆိုပါ လုပ်ငန်းညှိနှိုင်းဆွေးနွေးချက်အရ မေ ၁၆ ရက်တွင် သာသနာ့အောင်လံတင် အခမ်းအနားနှင့် ကမ္ဘည်းမော်ကွန်းကျောက်စာဖွင့်ပွဲကျင်းပပြီး မေ ၁၇ ရက်တွင် နှစ်(၁၀၀) ပြည့် ကဆုန်ညောင်ရေသွန်းပွဲတော် အထိမ်းအမှတ် သံဃာအပါး ၃၀၀ ကို ရာပြည့်ပူဇာမင်္ဂလာအခမ်းအနား ကျင်းပသွားမည်

ဖြစ်သည်။ ကဆုန်လပြည့်နေ့တွင် လုံးတော် ရောင်တော်ဖွင့်ပြီး စေတီတော်ကြီးအား နှင့် မူလစိန်ဖူးတော်ကို တင်လှူပူဇော်၍
ပြည့်ရွှေသင်္ကန်း(ရွှေပြား) ကပ်လှူ ရွှေထီးတော်အသစ်၊ ငှက်မြတ်နားတော်အသစ် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲ

ကျင်းပသွားမည်ဖြစ်သည်။ ညနေပိုင်းတွင် နှစ်(၁၀၀) ပြည့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ဒေဝါဝင်း၊ ရာဇာဝင်းများနှင့်အတူ ရပ်ကွက် လေးခုနှင့် ကျန်းမာရေးဌာနမှ ယိမ်းအကများ၊ သံချပ်အဖွဲ့များဖြင့် စည်ကားစွာ ကျင်းပသွားမည်ဖြစ်သကဲ့သို့ ကဆုန်လပြည့်ကျော် ၁ ရက်နေ့တွင် ရာပြည့်ပွဲတော်အောင်ပွဲအထိမ်းအမှတ် သံဃာတော်များအား ဆွမ်းဆန်တော်များ လောင်းလှူသွားမည်ဖြစ်ကြောင်း မလှိုင်မြို့ ရွှေမုဋ္ဌောဘုရားဂေါပကဥက္ကဋ္ဌထံမှ သိရသည်။

အဆိုပါအစည်းအဝေးတွင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော် ခုနစ်ပါးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# ဂုတ်တွင်းလမ်းပိုင်း ပုံမှန်အတိုင်း သွားလာနိုင်ပြီ



**သီပေါ မေ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး-သီပေါ-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး ကျောက်မဲ-နောင်ချိုဂုတ်တွင်းလမ်းပိုင်း ငါးထပ်ကွေ့ မိုင်တိုင်အမှတ်(၈၄/၂-၃)၌ မေ ၁၁ ရက် ညနေ ၄ နာရီခွဲက တွဲယာဉ်တစ်စီး နောက်တွဲလဲသွားပြီး တိမ်းမှောက်ကာ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ရာ ကျောက်မဲခရိုင်အမှတ် (၁၂၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒု-ရဲမှူးကျော်ကျော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဂုတ်တွင်းရဲကင်းနှင့် နောင်ပိန်ရဲကင်းတို့မှ တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှုကြောင့် ယင်းနေ့ ည ၁၀ နာရီ ၄၅ မိနစ်တွင် ပြီးစီး၍ အစုန်၊ အဆန် မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်များ ပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ရေသတ္တဝါများ၏ မျိုးပွားရာသီချိန်တွင် ဝယ်ယူစုဆောင်းခွင့်လိုင်စင်ပိတ်သည့်ကာလအား အသိပေးထုတ်ပြန်

**ငပုတော မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးအပါအဝင် ရေနေသတ္တဝါများ၏သယံဇာတများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပင်လယ်၊ မြစ်၊ ချောင်း စသည်တို့တွင် ငါးဖမ်းသည့် ရေလုပ်သားများအား ငါးဖမ်းခွင့်ရာသီများကို အသိပညာပေး ဟောပြောခြင်းများအား ဆောင်ရွက်လျက်ရှိပြီး ရေနေသတ္တဝါများ မိတ်လိုက်မျိုးပွားရာသီချိန်တွင် လအလိုက် ဝယ်ယူစုဆောင်းခွင့်ကာလ ပိတ်ပင်သည့် ရေနေသတ္တဝါအမျိုးအစား ခြောက်မျိုးအား ငါးလုပ်ငန်းဦးစီးဌာနမှ မေလ ပထမပတ်က ထုတ်ပြန်ထားကြောင်း သိရသည်။

ဝယ်ယူစုဆောင်းခွင့်ပိတ်ပင်သည့်ကာလ ထုတ်ပြန်ထားသည့် ရေနေသတ္တဝါအမျိုးအစား ခြောက်မျိုးမှာ ကျောက်ပုစွန်၊ ကင်းပုစွန်နှင့် ငါးလင်ဘန်း ငါးအမျိုးအစားအား ၂၀၁၉ ခုနှစ် ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိလည်းကောင်း၊ ကျောက်ငါးအား ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိလည်းကောင်း၊ ကကတစ်(ကသပေါင်း/ငါးသားဒိုက်)ငါးအမျိုးအစားအား ဇန်နဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိလည်းကောင်း၊ ရေချိုငါးအားလုံးအား မေ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိလည်းကောင်း၊ ရေချိုပုစွန်အား ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိလည်းကောင်း၊ ရေငန်ပုစွန်အား ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိလည်းကောင်း အသီးသီးအသိပေးထုတ်ပြန်ထားကြောင်း သိရသည်။ **လှမင်းထွန်း(ပြန်/ဆက်)**

## မြင်းခြံမြို့တွင် မေတ္တာအေးရိပ် အပူရှောင်စခန်းဖွင့်၍ အသက်ကြီးသူများကို ပြုစုစောင့်ရှောက်

**မြင်းခြံ မေ ၁၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် အသက်ကြီးသူများကို အပူဒဏ်ခံစားရမှုမှ သက်သာစေရန် မေတ္တာအေးရိပ်အပူရှောင်စခန်းကို ယနေ့ နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့၏ အပူချိန်သည် လက်ရှိကာလတွင် ပုံမှန် ၄၀ ဒီဂရီစင်တီဂရိတ်ကျော်ရှိရာ အသက်အရွယ်ကြီးရင့်သူများအတွက် အဆိုပါအပူဒဏ်ကို ပိုမိုခံစားနေရလျက်ရှိရာ မြင်းခြံမြို့မှ စေတနာရှင်များက စုပေါင်း၍ ၁၂ မုခ် ကိုးဆောင်ကျောင်းတိုက်အတွင်းရှိ ဈေးကြီးဓမ္မာရုံ၌ အပူရှောင်စခန်းကို ခေတ်မီနည်းပညာပစ္စည်းကိရိယာများဖြင့် အေးမြသွားအောင် စီစဉ်ဆောင်ရွက်ထားပြီး အပူဒဏ်မှ သက်သာအောင်ပြုလုပ်၍ အသက်ကြီးသူများကို ပြုစုစောင့်ရှောက်ပေးနေကြောင်း သိရသည်။

ထိုအပူရှောင်စခန်းတွင် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသစာအုပ်များ ငှားရမ်းဖတ်ရှုစေခြင်း၊ အပူဒဏ်ကာကွယ်ရေး ပညာပေးစာစောင်များ ပြသခြင်းတို့ဆောင်ရွက်ခဲ့ပြီး မေတ္တာအေးရိပ် အပူရှောင်စခန်းကို အဘိုး၊ အဘွား ၁၆ ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



## လယ်ယာဧက ၄၀၀ ကျော်အကျိုးပြုမည့် ကုန်ထုတ်လမ်းနှစ်လမ်းဖောက်လုပ်မှု ပြီးစီးတော့မည်

**ကျောက်ဆည် မေ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေတောင်သူများ၏ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီရောက်ရှိစေရေး ရည်ရွယ်ဖောက်လုပ်ပေးခဲ့သော ဟံမြင့်မိုရ်ကျေးရွာနှင့် ဗန္ဓဲ့ကျေးရွာ ကုန်ထုတ်လမ်းအား ယခုနှစ် မတ်လက စတင်ဖောက်လုပ်ခဲ့ရာ ယခုအခါ ၈၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

အဆိုပါကုန်ထုတ်လမ်းနှစ်လမ်းမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ ဟံမြင့်မိုရ်ကျေးရွာတွင် တင်ဒါအောင်မြင်သော Mandalay Crown ကုမ္ပဏီမှ မူလခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၆၉ သန်းဖြင့် အရှည် ပေ ၅၂၈၀၊ အကျယ် ၁၂ ပေ၊ ထု ကိုးလက်မ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ဗန္ဓဲ့ကျေးရွာတွင် တင်ဒါအောင်မြင်သော သိဂ်ံမဟာကုမ္ပဏီမှ မူလခွင့်ပြုရန်ပုံငွေကျပ် ၂၈ သန်းဖြင့် အရှည် ပေ ၆၆၀၀၊ အကျယ် ၁၂ ပေ၊ ထု ကိုးလက်မ ရှိသော မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဒေါ်ထိုက်ထိုက်စိုးထံမှ သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းနှစ်လမ်းဖောက်လုပ်ပြီးစီးသွားပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၇၀၃ အိမ်၊ လူဦးရေ ၃၅၅၇ ဦးတို့အား အကျိုးပြုဆောင်ရွက်နိုင်မည်ဖြစ်ပြီး လယ်၊ ယာ ၄၄၃ ဧကတို့မှ လယ်ယာထွက်ကုန်များအား ဈေးကွက်သို့ အလွယ်တကူတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**



## ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာအမျိုးသားလေကြောင်း
## ကျေးဇူးတင်ရှိကြောင်း

မြန်မာအမျိုးသားလေကြောင်းမှ (၁၂-၅-၂၀၁၉)ရက်နေ့တွင် Embraer-190, XY-AGQ လေယာဉ်ဖြင့် ခရီးစဉ်အမှတ် ယူဘီ (၁၀၃) ရန်ကုန်-မန္တလေးခရီးစဉ် ပျံသန်းခဲ့ရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦးလေယာဉ်ကွင်း)၌ လေယာဉ်အရေးပေါ်ဆင်းသက်ပြီးနောက် ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သယ်ယူပို့ဆောင်ခြင်း၊ လေယာဉ်သားများအား ကူညီပံ့ပိုးပေးခြင်း၊ လေယာဉ်အားပြေးလမ်းပေါ်မှ ဘေးအန္တရာယ်ကင်းရှင်းသည့် နေရာသို့ ပြောင်းရွှေ့ပေးခြင်း စသည့် ကူညီပံ့ပိုးပေးသည့် အောက်ဖော်ပြပါ ဌာနဆိုင်ရာအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအား မြန်မာအမျိုးသားလေကြောင်းမှ အထူးတလည်ကျေးဇူးတင်ရှိပါသည် -

(က) မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့
(ခ) MJAS (မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီ)
(ဂ) လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်)
(ဃ) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(င) တံတားဦးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(စ) လမ်းတံတားဦးစီးဌာန
(ဆ) တံတားဦးမီးသတ်တပ်ဖွဲ့
(ဇ) ကရိန်းဝန်ဆောင်မှုမေတ္တာဖြင့်ကူညီသော UD Group
(ဈ) Ambulance ကို မေတ္တာဖြင့် ကူညီသော စေတနာကူညီရေးအဖွဲ့

မြန်မာအမျိုးသားလေကြောင်း

---


## မော်တော်ယာဉ်အသစ် အရောင်းပြခန်းအတွက်
## ကျွမ်းကျင်ဝန်ထမ်းများအား ဖိတ်ခေါ်ပါသည်။

| | |
|---|---|
| 1. Sales Manager | ( 1 ) |
| 2. Sales Executive ( Yangon ) | ( 2 ) |
| 3. Sales Staffs ( Yangon, Mandalay, Dawei, Lashio ) | ( 22 ) |
| 4. Service Manager | ( 1 ) |
| 5. Service Supervisor ( Yangon, Mandalay ) | ( 2 ) |
| 6. Service Technician ( Yangon ) | ( 40 ) |

- အမှတ်စဉ် ( 1 , 4 ) အတွက် - ဘွဲ့ရရှိပြီး အသက် (၃၀)နှင့် အထက်ဖြစ်ရမည်။ မြန်မာနှင့် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သူ ဖြစ်ရမည်။ Computer Microsoft Office , Internet နှင့် Email ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- အမှတ်စဉ် ( 2 , 5 ) အတွက် - ဘွဲ့ရရှိပြီး အသက် (၂၅) နှင့် အထက်ဖြစ်ရမည်။
- အမှတ်စဉ် ( 3 ) အတွက် - ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
- အမှတ်စဉ် ( 6 ) အတွက် - အခြေခံပညာ အထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။

အထက်ပါ အမှတ်စဉ်အားလုံးအတွက် Commercial Vehicle Showroom / Sales / Service တို့နှင့် ပတ်သက်သော လုပ်ငန်းအတွေ့အကြုံရှိသူ၊ Computer ...

BRZ LIMITED
Phone / Viber / Whatsapp - ၀၉၄၅ ၂၀၃၃၃၀၉၊ ၀၉၂ ၂၀၃၃၈၀၀
Email : jobcreator701@gmail.com JobCreatorInMyanmar



## ရွှေမဟာ
အုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-5106146
09-775106146



## ရောင်ခြည်ထိပ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့် လုပ်သားအပြည့်အစုံဖြင့် ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773



Electrolux



RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)



## ကန့်ကွက်နိုင်ပါသည်

ညွှန်ကြားချက်အရ
ဦးစိန်မင်း A.G.T.I (M.T), LL.B

ဖုန်း-၀၉-၄၄၃၀၀၅၆၉၄၁ ၀၉ ၅၉၈၄၅၈၆၀၀



YRESA

အသင်း၏ အမည်နှင့် အမှတ်အသားကို အလွဲသုံးစားမှု ကြေငြာခြင်း
ရန်ကုန်တိုင်းဒေသကြီးအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ ...

YRESA



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ



မခင်ဘုန်းရွှေ (Eng-major)
9တန်း,10တန်း ဘာသာစုံ အိမ်ပုဂ္ဂလိကနှင့်တကွ စာကျက်ပေးသည်။
Bio,Myanmar, Englishသင်သည်။
09-5506737,01-376849



☆STAR☆
အုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်နီလာဦး
LL.B, D.B.L, B.D.S (MOFA) (Dip in English), W.I.P.O (Switzerland)

ဒေါ်ခင်ညိုမိုဦး
[B.Sc, B.A(B.L), B.D.S (MOFA), C.B.L] (Dip in English), W.I.P.O (Switzerland)



## ကန့်ကွက်နိုင်ပါသည်
HP-095165065



ထွန်းမြန်မာ ဆေးသုတ်အဖွဲ့
1.Unitex (1'×1') = 280/-
2.Orient (1'×1') = 330/-
3.Premier(1'×1') = 430/-
4.Jotun = 550/-



## ဆေးခြင်းမှ အခွင့်ကြော်ငြာ ...


သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး




ဖော်ပြပါအထူးသောလက်မှတ်နှုန်းထားများ အခွန်နှင့်အခြားစရိတ်များပါဝင်ပြီးဖြစ်သည်။ မေ ၂၃ မတိုင်မီကြိုတင်ဝယ်ယူထားသော လက်မှတ်များသာအကျုံးဝင်မည်ဖြစ်ပြီး ၂၀၁၉ စက်တင်ဘာ ၃၀ ရက်နေ့အထိ အသုံးပြုနိုင်မည်ဖြစ်သည်။



"မျက်နှာစာ အကျယ်ပေ(၅၀၀)ကျော်၊ အရှေ့အနောက် အကျယ်ပေ(၁၈၀၀)ကျော်၊ နေပြည်တော်၊ မြို့မစျေးသွားကားလမ်းမကြီးဘေးမေးတင်၊ နေရာကောင်း(KLO)ဆိပ်နှင့်ရှေ့ စားသောက်ဆိုင်တန်းများအနီးရှိ (နှစ်ကိုးဆယ်ဂရန်မြေ)ကိုးကေမြေကွက်ကြီးအားရောင်းမည်။" 09-2039566, 09-448548778, 09-8300442

LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
ဗိုက်ဗိုလ်ဆေးပျော့ကြောင့်ရေနံ၊ သွေးကောင်းစေရန်၊ ခွန်အားသစ်ဖြစ်စေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊ အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
Certificate TH18/11153 ISO 9001:2015 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd. Certificate TH18/11152

# LIGHT YEAR
## Education Centre
Age 4 to 17
IGCSE (2019-20) ပညာသင်နှစ်အတွက် အတန်းသစ်များ
- English Language Skills
- KG to IGCSE 'O' Level (All Subjects)
- Essay, Letter and Grammar Courses (Grade 1 to 10)
- Pre-Starters, Starters, Movers, Flyers, KET, PET.

Address: No. 42-43, Ngwe La Yaung Street, U Chit Maung Road, Bahan.
Phone: 01 544728, 01400769, 09 5030037, 09 894010542, 09 892788503

(23) မဆလာ
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

ဝယ်လိုသည်/ငှားလိုသည်
ဗဟန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း၊ တ/ဥက္ကလာ၊ ဒဂုံမြို့နယ်များတွင် လုံးချင်း၊ မြေကွက်နှင့် Condo အခန်းများ ဝယ်လို/ငှားလိုပါသည်။
Ph: 09-448899899, 09-955058899

အမျိုးသမီးအလုပ်ဆိုင်
အရောင်းဝန်ထမ်းအလိုရှိသည်
နေစရာအဆောင်စီစဉ်ပေးသည်။
ပြည်တွင်း၌သာခန့်ထားမည်။
မြန်မာကျပ်ငွေဖြင့်သာ ခန့်ထားမည်။
အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူပါရမည်၊
ဆက်သွယ်ရန်။ ။ ၀၉-၄၃၁၇၂၄၄၀၊ ၀၉-၅၁၉၅၇၂၁
(ရုံးချိန်အတွင်းသာဆက်ရန်)

အကောင်းကြိုက်သူများအတွက်
သဉ္ဇာ
ဖုန်း- 01-3681209, 01-3681504, 09 73249922, 09-443249933

MOTOROLA WALKIE TALKIE EVENT
(SYLFFON SYNERGY CO.,LTD)
EMPOWERING MYANMAR
WITH
COMMUNICATION TECHNOLOGIES
CONNECTING YOUR BUSINESS
VENUE : Sule Shangri-la Hotel (Bago Room Level-1)
DATE : 16-17 May 2019
EVENTS : Live Demo Exhibition 10 am to 5pm
Presentation scheduled at 10 am & 1:30 pm
Please text message this number to book a seat;
+959 972 221676, +959-4450 03445

ဒဂုံမြို့သစ်
(ဆိပ်ကမ်း)(တောင်ပိုင်း)
(အရှေ့ပိုင်း) မြေကွက်များ
ဝယ်လိုသည်။
Ph: 0943075129

သိန်းသန်းဆက်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

ZAMBUYADANA CO., LTD. WOOD BASE INDUSTRY




521, Mogoke Street, Industrial Zone (1), Dagon Myothit (South)
Hp : (95-9) 400 300900, (95-9) 400 900300, (95-9) 510 7832, (95-9) 550 5855, Email : zbuyadana@gmail.com

# အလိုရှိသည်
အထည်ချုပ်လုပ်ငန်း စက်အလုံးရေ (၆၀) မှ (၁၀၀) အတွင်း ဦးစီးလုပ်ကိုင်နေသော ပြည်တွင်းစက်ရုံလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုပါသည်။ စိတ်ပါဝင်စားသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
09 - 450695151 , 09 - 892580069
မှတ်ချက် ။ ။ Long Term Order ရှိမည်။
လုပ်ငန်းစတင်ချိန်တွင် လိုင်း(၁)လိုင်းမှစတင်၍ နောက်ပိုင်း (၃)လိုင်းအထိ တိုးချဲ့လုပ်ကိုင်နိုင်ရမည်။ အချိန်တိုအတွင်း အကျိုးအမြတ်ရှိသည်။

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီးဘလိပ်စားသွားထူကြိုးများကိုစျေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘီးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

GOLDEN EDEN®
SLEEP SOLUTIONS
စက်ာပူနိုင်ငံမှ တင်သွင်းသောအိပ်ခန်းသုံးပစ္စည်းများ



PROMOTION
10% DISCOUNT
(မြေ့ရှာ မပါ)
Junction Nay Pyi Taw
May 14 to 16 2019
Authorized Sole Distributor in Myanmar
Kaday Myaing Co.,Ltd
Bldg 31, Rm.no 5, Sabai St,
Near Yuzana Plaza.01 203671,01 205756

BOSS အဆင့်မြင့် ပါကေးအရောင်းဆိုင်
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေခံ
ဗီနိုင်းကြမ်းခင်းပြားများကို စျေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
Ph: 09-5425251, 09-73225484
Ph: 09-5076661, 09-5076662, 09-5076663

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်တင်တင်အေး
### အသက်(၉၀)

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာနေ (ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ)၏ဇနီး ဒေါ်တင်တင်အေးသည် ၁၁-၅-၂၀၁၉ (စနေနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း**
**မိသားစု**

### ဒေါ်တင်တင်အေး
### အသက်(၉၀)

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာ အမှတ် (၇၀-ဏ)နေ (ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ)၏ ဇနီး၊ ဦးဇော်ဝင်းထွန်း-ဒေါ်ကြည်ပြာခင်၊ ဒုတိယဗိုလ်မှူးကြီးဖုန်းမြင့်ထွန်း(ငြိမ်း)၊ (Consultant Engineer MSR)-ဒေါ်ခင်စံပယ်လွင်၊ ဦးမျိုးဝင်းထွန်း(Golf Professional, Royal City Golf Academy)-ဒေါ်ကလျာအောင် (မီးသတ်ဦးစီးဌာန)၊ ဦးဖြိုးဝင်းထွန်း-ဒေါ်ခင်ကြူကြူဝင်း၊ ဦးအောင်လင်းလင်းလတ် (မဟာနေကြွယ်ဆောက်လုပ်ရေး)-ဒေါ်နေခြည်ဝင်းလဲ့ရီ (Golden Lady Art Centre)၊ ဦးအောင်နိုင်လွင် (The Grand Sunday Construction)-Dr.အောင်ဆည်းဆာ (Chief Architect, MKT Construction & The Grand Sunday Construction)၊ ဦးမင်းမင်းဘို (Myat Mon Aung Co., Ltd.)-ဒေါ်မေမြတ်ဝါဆို (Happy Heart Fashion Design & Training Centre)၊ ဒေါ်ယမင်းထွန်း (ညှော့လမ်းညွှန်)၊ ဦးအောင်ဇော်လတ် (Uniteam Marine)-ဒေါ်မို့မို့ဇော်ထွန်း(ညှော့လမ်းညွှန်)၊ ဦးမင်းဝင့်ဦး (AYA Bank)-ဒေါ်သီရိထူး၊ ဦးအောင်ဇော်မင်း (Crossworld Japan Co.,Ltd.)၊ ဦးကျော်ဇေမင်း-ဒေါ်ခင်မမဖြိုး၊ Dr.ကျော်သက်စိုး (Global Care Bagan International Clinic)-Dr.စုစုအေး (A Star Education Centre)၊ Dr.ကျော်သူရစိုး (Ar Yu International Hospital)၊ ဦးကျော်သုခအောင် (ကွန်ပျူတာတက္ကသိုလ်)၊ Dr.ဝင့်ယမုံကျော်သူ၊ ဦးအေးချမ်းဖိုလ် (2nd Officer Uniteam Marine)-ဒေါ်နန္ဒာမိုးဇင်၊ ဗိုလ်ကြီးစိုးပြည့်စုံမောင်တို့၏ ချစ်လှစွာသောအဘွား၊ မြစ် ၁၅ ယောက်တို့၏ ဘွားဘွားကြီးသည် ၁၁-၅-၂၀၁၉ (စနေနေ့) ညနေ ၅း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဒေါ်တင်တင်အေး
### အသက်(၉၀)

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာ၊ အမှတ်(၇၀-ဏ)နေ (ဦးဘိုးသာ-ဒေါ်ငွေစိန်)တို့၏ သမီး၊ (ဒုတိယဗိုလ်ချုပ်ကြီးထွန်းရီ)၏ ဇနီး၊ (လေသူရဲဦးခင်တွတ်)၏ ညီမ၊ (ဦးအောင်ကြည်)၏ အစ်မ၊ (ဗိုလ်မှူးကြီးဝင်းလွင်-ဒေါ်ခင်အေးအေးရည်)၊ ဦးဝင်းမြင့်မောင် (နွမ်ဂျာသိုင်း)-ဒေါ်အေးမြင့်ရီ၊ ဦးဇော်ထွန်း-ဒေါ်ခင်နှင်းဖြူ၊ ဦးမင်းသွင်-ဒေါ်ဥမ္မာထွန်း၊ ကပ္ပတိန်ကျော်သူ(Gewin)-ဒေါ်စိုးစိုးအေး၊ (ဦးအောင်သူ)-ဒေါ်အိအိခိုင်တို့၏ မွေးသမိခင်၊ မြေး ၁၈ ယောက်၊ မြစ် ၁၅ ယောက်တို့၏ အဘွားသည် ၁၁-၅-၂၀၁၉ (စနေနေ့) ညနေ ၅း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
### ဒေါ်သန်းနွဲ့ (တာမွေ)
### အသက် (၇၅)နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ မလွှကုန်းဒွေးကြွယ် (က)ရပ်ကွက်၊ မနောဟရလမ်း၊ အမှတ် (၈)နေ (ဦးဘစိန်-ဒေါ်သစ်)တို့၏ သမီး၊ (ဦးဘမြင့်)၏ဇနီး၊ ဦးခင်ဦး (ကျောင်းအုပ်ဆရာကြီး-ငြိမ်း၊ အလက-၄၊ မြောက်ဥက္ကလာပ)-[ဒေါ်အေးအေးကြွယ် (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း၊ အထက-၁၊ လှိုင်)]တို့၏ မရီး၊ ဦးမြသန်းထွန်း (အထက-၁၊ ကမာရွတ်)-ဒေါ်ရီရီမြင့်၊ ရဲမှူးနေဝင်း (ဗိုလ်တထောင်မြို့နယ်ရဲတပ်ဖွဲ့မှူး)-ဒေါ်ရီရီဌေး (လဝကမှူး-လှိုင်)၊ (ဦးဇော်မြင့်)-ဒေါ်အမာတို့၏မွေးသမိခင်၊ မမေသင်းကြူ၊ မဝင်းလဲ့ဖြူ၊ မပန်ပန်ဖူးငုံ၊ မစိုးသန္တာထွန်းတို့၏ အဘွားသည် ၁၁-၅-၂၀၁၉ (စနေနေ့) ည ၇း၂၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၉ (တနင်္လာ နေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက-၁၊ ကမာရွတ်ကျောင်းဝင်းနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၉ (သောကြာနေ့) နံနက် ၆ နာရီတွင် အထက-၁ ကမာရွတ်ကျောင်းဝင်း ဝန်ထမ်းအိမ်ရာနေ ဦးမြသန်းထွန်း-ဒေါ်ရီရီမြင့်တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်စုစုဌေး (အထက်တန်းပြ-ငြိမ်း)
[ယခင်-အလက-၂၊ ဒဂုံမြောက်၊ အထက-၄၊ ဒဂုံအရှေ့]
### အသက်(၅၇)နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ်(၅၃၇)နေ (ဦးခင်ရွှေ-ဒေါ်မြင့်မြင့်မေ)တို့၏ သမီးကြီး၊ ဒေါ်ခင်စန္ဒာခင် (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်-ရုံးချုပ်)၊ ဦးဇော်လင်းထွန်း-ဒေါ်ခင်နန်းဦးတို့၏ အစ်မ၊ မောင်ညဏ်လင်းထွန်း၊ မောင်ခန့်လင်းထွန်း၊ မနှင်းရနံ့လင်းတို့၏ အဒေါ်သည် ၉-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဒုတိယဗိုလ်မှူးကြီးလှမောင်(ငြိမ်း)
### တက္ကသိုလ်လှမောင်(ရေတာရှည်)
ကြည်း-၁၁၀၈၉၊ အမှတ်စဉ် (၃၅)၊ ဗိုလ်လောင်းသင်တန်း
### အသက် (၇၉)နှစ်

ရေတာရှည်မြို့နေ (ဦးထွန်းရှိန်-ဒေါ်မြရင်)တို့၏သား၊ မန္တလေးမြို့နေ (ဦးဘနှစ်-ဒေါ်မြစ်ဦး)တို့၏ သားသမက်၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရာဇသင်္ဂဟအိမ်ရာ အပိုင်း(၂)နေ ဒေါ်မာမာလှ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြတ်ထွန်းဦး (ညွှန်ကြားရေးမှူး၊ ထွေအုပ်ရုံးချုပ်)-ဒေါ်လဲ့လဲ့ဝင်း၊ ဦးသန့်စင်ကျော်-ဒေါ်ဇင်မာမောင်၊ ဒုတိယဗိုလ်မှူးကြီး ရဲဝင့်မောင် (ကထိက၊ ဓာတုဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)-ဒေါ်ခင်ခင်ပြုံး၊ ဦးညဏ်တို့၏ ချစ်လှစွာသောဖခင်၊ မဆုမြတ်သန့်စင်၊ မယုသီရိမြတ်မွန် (ပညာပန်းတိုင်၊ ပျဉ်းမနား)၊ မောင်သီဟကျော်လင်း (CAE၊ နေပြည်တော်)၊ မမိုးမြင့်ဘုံ (အထက-၂၊ ကမာရွတ်)၊ မောင်သူရအောင်နိုင် (CAE၊ နေပြည်တော်)၊ မောင်ကောင်းလင်းသန့် (Future Scholar)တို့၏ ချစ်လှစွာသောအဘိုးသည် ၁၂-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀) ဆေးရုံကြီးအအေးတိုက်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သိန်းချစ်
### အသက်(၉၀)
သန်လျင်

သန်လျင်မြို့ ထန်းပင်ကုန်းရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၁)နေ (ဦးထွန်းမောင်-ဒေါ်ချောမေ)တို့၏ သမီး၊ (ဦးမောင်သန်း)၏ ဇနီး၊ ဒေါ်တိုး၏ အစ်မ၊ ဦးထွန်းလွင်-(ဒေါ်သန်းနု)၊ ဦးကိုလေးနိုင်-ဒေါ်ရီရီအေး၊ ဦးယဉ်ဦး-ဒေါ်တင်တင်အုန်း၊ ဦးယဉ်ထွေး-ဒေါ်ဝင်းဝင်းဆွေ၊ ဦးတင်အောင်ထွန်း-ဒေါ်ခင်လေးရီ၊ ဦးသန်းလွင်-ဒေါ်ခင်လေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၂ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၁၂-၅-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင် သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်သန်းကြည်
### အသက် (၈၅)နှစ်

သထုံမြို့ သိမ်ကုန်းရပ်ကွက်၊ ဆေးရုံရှေ့နေ (ဦးသန်းတင်-ဒေါ်ချစ်ရင်)တို့၏ သမီးကြီး၊ (ဦးသိန်းလှိုင်)၏ ဇနီး၊ (ဦးစိုးလွင်)-ဒေါ်မြသောင်း၊ ဒေါ်အုန်းကြည်၊ (ဦးမောင်မြင့်)-ဒေါ်ခင်လှမြင့်၊ ဦးကျော်မျိုး-ဒေါ်ထွေးထွေးရီ၊ ဒေါ်အေးအေးမြင့်တို့၏ အစ်မ၊ (ဦးတင်ထူး)-ဒေါ်ခင်သန်းဦး၊ ဦးဝင်းမြင့်-(ဒေါ်ညွန့်ကြည်လှ)၊ (ဦးခင်မြင့်)-ဒေါ်ခင်ဝင်းချို၊ (ဦးအေးသိန်း)၊ ဦးကျော်ကျော်ဝင်း-ဒေါ်စန်းစန်းလွင်၊ ဦးအောင်မြင့်-ဒေါ်စုစုလှိုင်တို့၏ မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွား ဒေါ်သန်းကြည်သည် ၁၂-၅-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကျောက်တန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၉ (ကြာသပတေးနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးကြည်မောင်
### အသက်(၆၆)နှစ်

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အမှတ်(၅/၇)၊ သုံးလွှာနေ (ဦးလော-ဒေါ်ကြည်အေး)တို့၏ သား၊ (ဦးအုန်းဖေ-ဒေါ်စော)တို့၏ သားသမက်၊ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ (ကိုအောင်ဇင်ဦး)-မကြည်နှင်းပွင့်ဖြူ၊ မနိုနိုရွှန်းဝေ(ခေတ္တ-ဂျပန်)တို့၏ ဖခင်၊ မကြည်ဇင်လင်းလက်၊ မရွှေရည်လင်းလက်တို့၏ ဘိုးဘိုးကြီးသည် ၁၀-၅-၂၀၁၉ ရက် ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား ဒါယကာ (ဗုဒ္ဓတစ်ထောင် မင်းကွန်းတောင်)
### ဦးကျော်စိုးအောင် (ခ) ကျောင်းဆရာ
### အသက်(၅၁)နှစ်
ဆ-သ-ရ(ငြိမ်း)

ရန်ကုန်မြို့ လသာမြို့နယ်၊ (၂၂)လမ်း၊ အမှတ်(၉)၊ လေးလွှာနေ ဦးဝင်းစိန်-ဒေါ်ခင်မြင့်(ခ)ဒေါ်ပြုံးမာ တို့၏ သားကြီး၊ ကိုဇော်လင်းဦး-မဇင်မာဝင်း၊ မဝင်းမာထွေးတို့၏ အစ်ကိုကြီး၊ မဇွန်ပွင့်ဖြူ၊ မခိုင်သဇင်ကို၊ မောင်သီဟဇော်တို့၏ ဘကြီး၊ ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်၊ စကားဝါလမ်းအရှေ့၊ က/ရပ်ကွက်၊ အမှတ်(၈၂)နေ ဦးမောင်မောင်-ဒေါ်မိမိစောတို့၏ သားသမက်၊ မအေးအေးမင်း (ဆ-သ-ရ-ငြိမ်း)၏ ခင်ပွန်း ဦးကျော်စိုးအောင်သည် ၁၂-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉း၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၉ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အေးအေးမြင့် (M.Sc Zoo)
### အသက်(၄၇)နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ကျွန်းတောမြောက်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၇)နေ ဦးတင်ရွှေ-(ဒေါ်သိန်းရင်)တို့၏ သမီး၊ မတင်တင်စိုး (Yoma bank)၏ အစ်မ သည် ၁၁-၅-၂၀၁၉ (စနေနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၉ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

### ဒေါ်လှမြင့်(ငြိမ်း)
### အသက်(၉၃)နှစ်

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက် (၂၂၀)၊ အခန်း(၁၂)နေ (ဦးဘစု-ဒေါ်မမလေး)တို့၏ သမီး၊ (ဦးဘာဘာ)၏ ဇနီး၊ (ဦးသန်းထွန်း-ဒေါ်မြမြ)၊ ဦးရဲထွဋ်ဘွား-ဒေါ်လှလှဝင်း၊ ဦးဘိုကြီး-ဒေါ်သန်းသန်းဌေး၊ ဦးခင်မောင်လတ်၊ ဦးလှမျိုး၊ ဦးသန်းထွဋ်-ဒေါ်မြမြဝင်း၊ ဦးမျိုးမြင့်-ဒေါ်ဝေဝေခိုင်၊ ဒေါ်သက်သက်နွယ်တို့၏ မိခင်၊ မြေး ၁၃ ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၅-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၉ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးမောင်မောင်ကြီး(ခ)
### ဦးသိန်းတန်
(အငြိမ်းစား) ကွန်ပျူတာတက္ကသိုလ် (UCC)
### အသက်(၇၄)နှစ်

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ခပေါင်းလမ်းသွယ်၊ အမှတ် (၅၂၀)နေ (ဦးသန်းဌေး-ဒေါ်သန်းရှင်)တို့၏ သား၊ (ဦးနီ-ဒေါ်မြမြ)တို့၏ သားသမက်၊ ဦးညဏ်ထွန်း၊ ဒေါ်မြင့်မြင့်သန်းတို့၏ မောင်၊ ဒေါ်အေးအေးသွင်(အထက-၄၊ စမ်းချောင်း-ငြိမ်း)၏ ခင်ပွန်း၊ ဦးလင်းထင်ကျော်၊ ဒေါ်စုစန္ဒာတို့၏ ဖခင်၊ မောင်ခိုင်ခန့်၊ မောင်ကိုကိုးတို့၏ အဘိုးသည် ၁၂-၅-၂၀၁၉ ရက် နံနက် ၇း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၉ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်မြစစ် (မင်းလှ)
### အသက်(၇၀)
St.Mary's Dio ကျောင်းသူဟောင်း
B.Sc (Bot.)Dip in Japanese
ကွန်ပျူတာဌာန
လူမှုဖူလုံရေးအဖွဲ့ရုံး(ငြိမ်း)

ရန်ကုန်မြို့နေ (ဦးရွှေဝင်း-ဒေါ်ခင်ကြည်)တို့၏ သမီးထွေး၊ (ဦးစိုးမြင့်-ဒေါ်ရီရီ)တို့၏ သမီးချွေးမ၊ [ဦးဘုန်းမြင့်(ခ)ဦးချို]၏ ဇနီး၊ (ဦးစိုးတင်-ဒေါ်တင်အေး)၊ (ဦးသိန်းလှ-ဒေါ်ကျင်လှ)၊ (ဦးမြင့်သိန်း-ဒေါ်မြညွန့်)၊ (ဦးထွန်းကြည်-ဒေါ်မြင့်မြင့်စိန်)၊ (ဦးမျိုးဟန်-ဒေါ်ခင်ဖြူဖြူ)၊ ဦးမြင့်စိုး-ဒေါ်လှမြိုင်တို့၏ ညီမ၊ ဦးဝင်းမင်း၊ မပွင့်ဖြူခိုင်တို့၏ မိခင်၊ မအိန္ဒြေကြည်ဖြူ၏ အဘွား၊ တူ/တူမ ၁၀ ယောက်တို့၏အဒေါ် ဒေါ်ခင်မြစစ်သည် ၁၂-၅-၂၀၁၉ ရက် နံနက် ၂ နာရီတွင် တိုက်(၂)၊ အခန်း(၁၀၃)၊ ပီတောက်ရိပ်မွန်အိမ်ရာ (၂၇)ရပ်ကွက်၊ ဆရာစံလမ်း၊ မြောက်ဒဂုံမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**တောတောင်**
**ပျက်ပြုန်း**
**မြေဆီ**
**သုဉ်း၏**

ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တ ဝိလာသဂ္ဂ
### သိက္ခာတော် (၆၉)ဝါ၊ သက်တော် (၈၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့ မဟာဓမ္မာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တဝိလာသဂ္ဂ မဟာထေရ်မြတ်ကြီးသည် (၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်) ၈-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသည်။ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်) နံနက် ၇ နာရီတွင် အန္တိမအဂ္ဂိစျာပန သာစုကီဠနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရဟန်းရှင်လူ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများ

### ဒေါ်သန်းရီ
### အသက်(၉၃)နှစ်

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၅၇)လမ်း၊ အမှတ်(၆၄)နေ (ဦးကျန်ဘိ-ဒေါ်ဘီး)တို့၏ သမီးကြီး၊ (ဦးဝင်းရွှေ-ဒေါ်နုနုအေး)၊ ဦးခင်မောင်ဝင်း-(ဒေါ်ခင်စန်းရီ)၊ ဒုဗိုလ်မှူးကြီးတင်မောင်ဝင်း(ငြိမ်း)-ဒေါ်ခင်ခင်သန်း၊ (ဦးရဲထွဋ်)-ဒေါ်မြင့်မြင့်သွယ်၊ (ဦးအောင်သန်း)-ဒေါ်ခင်ခင်နွယ်၊ (ဦးကိုကိုလေး)-ဒေါ်ညွန့်ညွန့်ဝင်း၊ ဦးမြင့်သိမ်း-ဒေါက်တာဒေါ်မြမြသန်း၊ ဦးအုန်းကျော်-ဒေါ်ခင်သန်း၊ ဦးကျော်ဆွေ-(ဒေါ်ကြည်ကြည်မြင့်)တို့၏ အစ်မကြီး၊ တူ/တူမ ၂၂ ယောက် တို့၏ အဒေါ်ကြီး၊ မြေး ၂၁ ယောက်တို့၏ ဘွားဘွားကြီး သည် ၁၂-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်အေးမြင့် (Amy Tun Kyaw)
### အသက်(၈၉)နှစ်

အမှတ်(၁၄၁)၊ ပြည်တော်အေးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ (ဦးထွန်းကျော်-ဒေါ်စိန်)တို့၏ သမီးငယ်၊ (ဦးမြသိန်း)၏ ဇနီး၊ (ဦးလော်ရီ-ဒေါ်တူးတူး)၊ [ဦးထွန်းမြင့် (Ben Gyi)-ဒေါ်စန်းရီ]၊ [ဦးခင်ထွန်း @ (John)-ဒေါ်ဂျက်စီ]၊ (ဦးဆယ်လီ-ဒေါ်မာန်မစီ)၊ (ဦးAထွန်းလှ-ဒေါ်သန်းနှစ်@Juli)၊ [ဦးစိုးတင့် @ (Willi)-ဒေါ်အယ်ဖော]တို့၏ ညီမ၊ [ဦးစိုးမြင့် @ (Woalter)-ဒေါ်အုန်းကြင်)တို့၏အစ်မ ဒေါ်အေးမြင့်သည် ၁၁-၅-၂၀၁၉ ရက် စနေနေ့တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်တင်အေး (ကျောင်းကုန်း)
### အသက်(၈၅)နှစ်

ဦးခင်မောင်-ဒေါ်သန်းကြည်တို့၏ သမီး၊ ဦးဘသောင်း၊ ဦးဖုန်းမြင့်၊ ဒေါ်မြသန်းတို့၏ ညီမ၊ ဦးတင်အောင်၏ အစ်မ၊ ဒေါ်တင်တင်ဝင်း၏ အဒေါ်၊ ဦးထွန်းမြင့်၏ ဇနီး၊ ဒေါ်တင်အေး(ကျောင်းကုန်း)သည် ၁၁-၅-၂၀၁၉ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဦးစောအောင်ကြည်(ခ)ဦးရွှေထေ (၇၁)နှစ်
Chief Cook (GEWIN) CDC-7420

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ချောင်းဖျားကျေးရွာနေ ဦးစောမောင်ကြည်-ဒေါ်နော်ဒိုးရာတို့၏ သား၊ ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်နေ (ဦးသောင်း-ဒေါ်တင်ရီ)တို့၏ သားသမက်၊ (ဦးစံရွှေ)-ဒေါ်နော်စီကြည်(ခ)ဒေါ်ပဲလှော်တို့၏ မောင်၊ (ဒေါ်တိုးလို)၊ (ဦးစိုးကြည်)တို့၏ အစ်ကို၊ (ဦးမင်းသိန်းထွန်း-ဒေါ်မင်းမင်းကြည်)၊ ဦးထွန်းထွန်းအောင်-ဒေါ်အယ်လ်မီမီကျော်၊ ဦးကျော်သူရ (အောင်ကောင်းစံကိုယ်ပိုင်အထက်တန်းကျောင်း)-ဒေါ်နော်စန္ဒာအောင် (TMW-Enterprise Ltd)၊ ဦးအောင်သူရကျော် (ယုဝကုမ္ပဏီလီမိတက်)-ဒေါ်နန္ဒာအောင်၊ ဦးနေလင်းအောင်-ဒေါ်အေးစန္ဒာထွန်းတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မဂ္ဂင်ကျောင်းလမ်း၊ အမှတ် (၂၄၀)နေ ဒေါ်ညွန့်ကြည်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၁-၅-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၉ (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မဂ္ဂင်ကျောင်းလမ်း၊ အမှတ် (၂၄၀) ဒေါ်ညွန့်ကြည်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သန်းသန်းနွယ် (ကျောက်တန်း)
### အသက်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့ ဆင်ကန်ရပ်ကွက်၊ ဆင်ကန်လမ်း၊ အမှတ်(၂)နေ (ဦးချစ်ဆွေ-ဒေါ်အေးညွှန့်)တို့၏ သမီး၊ ဦးဇော်မင်းထွန်း (ဒု-ညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်)-ဒေါက်တာနွယ်ဇင်ညွှန့် (အင်ဂျင်နီယာမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)တို့၏ မိခင်၊ မဆုပြည့်ရတနာ၏ဘွားဘွားသည် ၁၂-၅-၂၀၁၉ ရက် နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ အနောက်ပိုင်း သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

# MNA လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း မန္တလေးလေဆိပ်အဆင်း ရှေ့ဘီးထုတ်မရသော်လည်း ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရန် ဆင်းသက်နိုင်ခဲ့




မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေယာဉ်ရှေ့ဘီးထုတ်မရသော်လည်း ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ဆင်းသက်နိုင်ခဲ့သည့် လေယာဉ်ကို တွေ့ရစဉ်။

**မန္တလေး မေ ၁၂**

Myanmar National Airlines လေကြောင်းလိုင်းမှ ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်ကို လေယာဉ်အမှတ် XY-AGQ, Embraer 190AR (ခရီးစဉ်အမှတ် UB103) နှင့် ခရီးသည် ၈၂ ဦး တင်ဆောင်လာသော လေယာဉ်သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အဆင်းတွင် လေယာဉ် ရှေ့ဘီးထုတ်မရသော်လည်း ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေဘဲ ဆင်းသက်နိုင်ခဲ့ကြောင်း မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တာဝန်ခံ ဦးကျော်ဆန်းက ပြောကြားသည်။

အဆိုပါလေယာဉ်သည် ယနေ့ နံနက် ၇ နာရီ ၁၅ မိနစ်က ရန်ကုန်လေဆိပ်မှ မန္တလေးသို့ ထွက်ခွာလာခဲ့ပြီး မန္တလေးလေဆိပ်သို့ ၈ နာရီ ၁၅ မိနစ်တွင် ဆင်းသက်ရမည်ဖြစ်သော်လည်း လေယာဉ်ဆင်းသက်ချိန်တွင် လေယာဉ်၏ ရှေ့ဘီး Nose Landing Gear မကျသဖြင့် ၈ နာရီ ၂၆ မိနစ်တွင် Air traffic control tower ကို သတင်းပေးပို့ပြီး လေထဲ၌ ပျံဝဲကာ လေဆိပ်သို့ ၉ နာရီ ၆ မိနစ်တွင် လေယာဉ်နောက်ဘီးကို စတင်ချ၍ ဆင်းသက်ပြီး အမြန်နှုန်းကုန်ဆုံးသွားသည့်အချိန်တွင် လေယာဉ်အရှေ့ပိုင်းကို ချ၍ ဆင်းသက်နိုင်ခဲ့ခြင်းကြောင့် လေယာဉ်တွင် လိုက်ပါစီးနင်းလာသည့် ခရီးသည်များ တစ်စုံတစ်ရာထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ »»»**

## အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း ဖိလစ်ပိုင်ကို ဂိုးပြတ်ရှုံးနိမ့်

**ရန်ကုန် မေ ၁၂**

၂၀၁၉ အာဆီယံ ယူ-၁၅ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (က) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

**ရှုံးကန်ရတော့မည်**

မြန်မာအသင်းသည် အဖွင့်ပွဲတွင် တီမောကို ဂိုးပြတ်အနိုင်ရသော်လည်း ယခုပွဲတွင် အရေးနိမ့်ခဲ့သောကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ရန် ရှုံးကန်ရတော့မည်ဖြစ်သည်။ နိုင်ငံတကာအတွေ့အကြုံမရှိသည့် ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် မြန်မာအသင်းသည် ပြိုင်ပွဲမတိုင်မီတွင်လည်း နိုင်ငံတကာခြေစမ်းပွဲများ မကစားခဲ့ရသောကြောင့် အရေးပါသည့်ပွဲတွင် အမှားများကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်အသင်းသည် မြန်မာအသင်းထက် ကစားပုံပိုကောင်းပြီး ပြီးခဲ့သည့်နှစ်က ယူ-၁၆ အသင်းတွင် ပါဝင်ခဲ့သည့် ကစားသမားအများစုပါဝင်လာသောကြောင့် ကစားပုံပိုကောင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်အသင်းသည် အနိုင်ဂိုးများကို ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

**အနိုင်ရမှသာ ဆီမီးဖိုင်နယ်တက်နိုင်မည်**

အုပ်စု (က) အခြားပွဲတွင် ဗီယက်နမ်အသင်းက တီမောအသင်းကို ၁၆ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု (က) တွင် ဗီယက်နမ်အသင်းက နှစ်ပွဲနိုင်၊ ခြောက်မှတ်၊ မြန်မာနှင့် ဖိလစ်ပိုင်အသင်းက သုံးမှတ်စီရထားပြီး တီမောအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် နှစ်ပွဲဆက်အနိုင်ရထားသည့် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်ပြီး အနိုင်ရမှသာ ဆီမီးဖိုင်နယ် တက်ရောက်နိုင်မည်ဖြစ်သည်။ အုပ်စု (က) နောက်ဆုံးနေ့ကို မေ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## ၂၀၁၈-၂၀၁၉ ဘောလုံးရာသီ ပရီမီယာလိဂ်ဖလား မန်စီးတီးအသင်း ဆွတ်ခူး




မန်စီးတီးအသင်းသားများ ပရီမီယာလိဂ်ဖလားနှင့်အတူ အောင်ပွဲခံနေသည်ကို တွေ့ရစဉ်။

**ရန်ကုန် မေ ၁၂**

၂၀၁၈-၂၀၁၉ ဘောလုံးရာသီ၏ ပရီမီယာလိဂ်ပြိုင်ပွဲသည် ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ ပရီမီယာလိဂ်ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ် ၃၈ ကို ယနေ့ညပိုင်းက ပွဲစဉ်အားလုံး တစ်ချိန်တည်းတစ်ပြိုင်တည်းယှဉ်ပြိုင်ကစားခဲ့ရာ ယခုနှစ်ဘောလုံးရာသီ၏ ပရီမီယာလိဂ်ချန်ပီယံအဖြစ် မန်စီးတီးအသင်းက အောင်ပွဲခံနိုင်ခဲ့ခြင်း ဖြစ်သည်။

မန်စီးတီးအသင်းသည် ပွဲစဉ် ၃၈ တွင် ဘရိုက်တန်အသင်းနှင့် ကစားခဲ့ရပြီး လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ရမှတ် ၉၈ မှတ်ဖြင့် ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို အဂူရို၊ လာပေါ့တီ၊ မာရက်ဇ်နှင့် ဂန်ဒိုဂန်တို့က သွင်းယူပေးခဲ့ပြီး ဘရိုက်တန်အတွက် ချေပဂိုးကို မာရေးက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံဖြစ်ခဲ့ခြင်းကြောင့် နှစ်နှစ်ဆက်တိုက်ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့သည့်အသင်းအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်သည်။

မန်စီးတီးအသင်းသည် ၂၀၀၈-၂၀၀၉ ခုနှစ်နောက်ပိုင်း ချန်ပီယံဆုကို ကာကွယ်နိုင်သည့် ပထမဆုံးအသင်းဖြစ်လာခဲ့ပြီး မန်စီးတီးအသင်းနည်းပြဂွာဒီယိုလာသည်လည်း ပရီမီယာလိဂ်ဖလားကို နှစ်နှစ်ဆက်တိုက်ရယူပေးနိုင်သည့် တတိယမြောက်နည်းပြဖြစ်လာခဲ့သည်။

မန်စီးတီးအသင်းနှင့်အပြိုင် ပရီမီယာလိဂ်ဖလားလုဖက်ဖြစ်သည့် လီဗာပူးအသင်းမှာမူ နောက်ဆုံးပွဲစဉ်တွင် ဝုလ်ဗက်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း ရမှတ် ၉၇ မှတ်သာရရှိခဲ့သဖြင့် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ ယင်းပွဲစဉ်တွင် လီဗာပူးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို မာနေးက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ လီဗာပူးအသင်းသည်

**စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ❍**





ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်းများနှင့် ကုမ္ပဏီကြီးများအတွက်

- ငွေစုစာအုပ်များ • ချက်လက်မှတ်များ / ချက်စာအုပ်များ • ငွေသွင်း / ငွေထုတ်ကဒ်များ
- ကျောင်း/သင်တန်း ဘွဲ့လက်မှတ်များ • ရွှေနှင့်အဖိုးတန်ရတနာ ဘောက်ချာများ • Logo ပါ ATM စက္ကူလိပ်များ
- လုပ်ငန်းသုံး စာရွက်စာတမ်းများ • Carbonless ဘောက်ချာများ

• Saving • Call • Fixed Deposit Passbooks • All type of Cheques • Certificates • Credit / Debit Cards
• MPU • JCB • VISA • Master • Contactless Cards • Member Card • Pin Mailer • Gift Vouchers
• Banking Forms • Business Forms • ATM Rolls • POS Rolls • Thermal Roll with Printing

Myanmar DECO-TBSP Special Products Co., Ltd.
Hlaing Tharyar Industrial Zone (3), Yangon, Myanmar info@decotbsp.com 09 4578 97700, 09 7888 50503, 09 4296 13319